မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၁၉၅)

(၁၃)ကြိမ်မြောက် ရခိုင်ရိုးရာကျင်းပွဲတော် (ရန်ကုန်) ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် မမ္မာရုံ၌ ကျင်းပစဉ်

(၁၃)ကြိမ်မြောက် ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကျင်းပ

သတင်းဆောင်းပါး-မြင့်မောင်စိုး၊ ဓာတ်ပုံ-ဇော်မင်းလတ်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရခိုင်မြို့နယ်အသင်းများနှင့် ရခိုင်လူမှုရေးအသင်းအဖွဲ့များမှ စီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် (ရန်ကုန်)ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

"ကျွန်တော်တို့ဒီပွဲဟာ ကုသိုလ်လည်းရ ရခိုင်တိုင်းရင်းသားတွေအနေနဲ့လည်း ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ထိန်းသိမ်းရာလည်းရောက်တဲ့ အစဉ်အလာကောင်း တစ်ရပ်ဖြစ်ပါတယ်" ဟု အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❋

အပူချိန်မြင့်တက်၍ မင်းလှကန်ကြီး လုံးဝရေခန်းခြောက်

စဉ့်ကိုင် ဧပြီ ၁၁

အပူချိန် မြင့်တက်လာမှုကြောင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ မင်းလှကန် (ဒေသအခေါ် ကံကြီးအင်း)သည် ရေတဖြည်းဖြည်း လျော့နည်းလာရာမှ မတ်လကုန်တွင် လုံးဝရေခန်းခြောက်သွားခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ မင်းလှကန်ကြီးသည် ဇော်ဂျီဆည်၏ လက်တံတစ်ခု ဖြစ်သည့် မင်းရဲမြောင်းမှ ပစ်ရေများနှင့် မိုးအခါ အရှေ့ဘက်တောင်တန်းများပေါ်တွင် ရွာသွန်းသော မိုးရေများကို စုပေါင်း၍ တမံပြုလုပ်ထားသော တစ်ဖက်ပိတ်ဆည်ကန် အမျိုးအစားဖြစ်ပြီး ကန်ပေါင်အလျား ပေ ၇၅၀၀၊ ကန်ရေပြည့် ရေလျှောင်ပမာဏ ၃၃၀၇ ပေ၊ ကန်ရေပြည့်အနက် ၆ ဒသမ ၅ ပေ၊ ကန်ရေပြည့် ရေပြင်အကျယ် ဧက ၇၆၀ ရှိပြီး စိုက်ပျိုးရေးအကျိုးပြုဧကမှာ ၁၅၀၆ ဧက ဖြစ်သည်။

ကန်ရေခန်းသွားသောကြောင့် ဒေသခံတောင်သူများမှာလည်း စိုက်ပျိုးရေး လုပ်ငန်းအတွက် လိုအပ်သောရေ မရတော့မည်ကို စိုးရိမ်ပူပန်နေကြကြောင်း သိရသည်။

"ပဲတီစိမ်း တွေကိုတော့ လက်ကျန် အစိုဓာတ်လေးနဲ့

စာမျက်နှာ ၁၂ ကော်လံ ၂ ❖

မန္တလေးတွင် ရေကစားမဏ္ဍပ်များစစ်ဆေး စည်းကမ်းမညီညွတ်သည့် မဏ္ဍပ်များ ပြန်လည်ပြင်ဆင်စေပြီး ခွင့်ပြုပေးခဲ့

မန္တလေး ဧပြီ ၁၁

၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ရက်တွင် ပါဝင်ဆင်နွဲကြမည့် မန္တလေးမြို့အတွင်းမှ ရေကစားမဏ္ဍပ်များကို မန္တလေးမဟာသင်္ကြန်ပွဲတော် စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဧပြီ ၆ရက်က စတင်စစ်ဆေးခဲ့ရာ စည်းကမ်းနှင့် ညီညွတ်ခြင်းမရှိသည့် ရေကစားမဏ္ဍပ် လေးခုတွေ့ရှိခဲ့သဖြင့် စည်းကမ်းနှင့်ညီညွတ်စွာပြင်ဆင်ခဲ့၍ ပြန်လည်ခွင့်ပြုခဲ့ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလ ရေကစားမဏ္ဍပ်များလိုက်နာရန် စည်းကမ်းချက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ချမှတ်ပေးခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။ "စစ်ဆေးခဲ့ရာမှာ စည်းကမ်းနဲ့မညီတဲ့ မဏ္ဍပ်လေးခုတွေ့ခဲ့တယ်။ မဏ္ဍပ်အဝန်းအဝိုင်းအတွင်း ပါတီကျင်းပဖို့ လုပ်တယ်ဆိုတာထက်

စာမျက်နှာ ၅ ကော်လံ ၅ ❍

မြန်မာ့အလင်း

ပြည်သူတို့၏ အစေခံ

"ခဏာစောင့်ဦး၊ ဘာရောဂါတွေ စွဲကပ်နေလဲဆိုတာ အရင်ရှာရဦးမယ်"

နိုင်ငံပိုင်သတင်းစာများ တစ်ချိုးတစ်ကွေ့ ပထမဆုံး စတင်ပြောင်းလဲခဲ့သည့်နေ့၊ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဆရာအော်ပီကျယ်၏ ကာတွန်းကို စာဖတ်ပရိသတ်တို့ သဘောကျကြသည်။ ဆေးရုံခုတင်ပေါ်မှာ မြန်မာနိုင်ငံ(မြေပုံ)က လူမမာအသွင် လဲလျောင်းလျက်၊ ခေါင်းပေါင်းနှင့် တိုက်ပုံဝတ်အမျိုးသားကြီးက နံဘေးမှရပ်ကာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြောကြားနေပုံဖြစ်သည်။

အမှန်တကယ်အားဖြင့်လည်း မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် နှစ်ပရိစ္ဆေဒများစွာက စွဲကပ်နေခဲ့သည့် နာတာရှည်ဝေဒနာတို့ အများအပြားရှိနေခဲ့သည်။ ရောဂါဝေဒနာတစ်ခုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းခံအများအပြားက ရှုပ်ထွေးစွာရှိနေတတ်သလို၊ ရောဂါလက္ခဏာများကလည်း ရှုပ်ထွေးစွာရှိနေတတ်သည်။ လူမမာတွင် စွဲကပ်နေသည့် ရောဂါကို ရှာဖွေအမည်ဖော်ထုတ်နိုင်ဖို့ သွေးစစ်၊ ဆီးစစ်၊ ဝမ်းစစ်၊ အီးစီဂျီရိုက်၊ စီတီစကင်ရိုက် စသည်တို့လုပ်ကြရသည်။ ယင်းမှရလာသည့် ရလဒ်အဖြေတို့ကိုကြည့်ကာ ဆိုင်ရာသမားတော်ကြီးများက ရောဂါအမည်ကို ဖော်ထုတ်ကြရသည်။

မြန်မာနိုင်ငံ၏ နာတာရှည်ဝေဒနာအများစုက ပြည်သူကို အလေးအနက်မထားခြင်း၊ ပြည်သူကို လျစ်လျူရှုခြင်း၊ ပြည်သူကို မျက်ကွယ်ပြုခြင်းတို့ကို အရင်းခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဒေသအလိုက် အာဏာပိုင်များတွင် အောက်ခြေ ရပ်/ကျေးအဆင့်အထိ ပြည်သူကိုအောက်မှာထားကာ ၄င်းတို့က အထက်မှာနေရာယူခဲ့သည်။ ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်းမှာ ပြင်ဆင်ဖို့ ကြိုးစားမှုများကို တွေ့မြင်ရသော်လည်း ပြည်သူများမှာ လက်တွေ့အကျိုးခံစားရမှု နည်းပါးခဲ့သည်။ လုပ်ထုံးလုပ်နည်းအဟောင်းများ၊ ကြိုးနီစနစ်ဟောင်းများ၊ အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုများ၊ ဝန်ထမ်းတို့၏ ပညာပြမှုများ စသည်တို့ကလည်း နိုင်ငံတွင် စွဲကပ်နေသည့် ဝေဒနာများဖြစ်သည်။ ယင်းအခြေအနေကို ကုစားနိုင်ရန်အတွက် OSS ခေါ် One Stop Service များ ဖွင့်လှစ်ဆောင်ရွက်ခဲ့သော်လည်း အချိန်နှောင်းခဲ့သည့်အဖြစ်ကို တွေ့ရသည်။

ယခုအခါ ဝန်ကြီးဌာနအသီးသီးတို့က မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ကြမည့် ရက် ၁၀၀ စီမံချက်များကို ရေးဆွဲဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။ ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ နိုင်ငံရေးရာထူးတစ်ခုဖြစ်ပြီး မူဝါဒချမှတ် ဦးဆောင်မှုပြုရမည့်သူဖြစ်သည်။ မူဝါဒကို လက်တွေ့လိုက်နာအကောင်အထည်ဖော်ကြရမည့်သူများမှာ အဆင့်ဆင့်သောဝန်ထမ်းများ ဖြစ်ကြသည်။

ဝန်ထမ်းဟူသည် ပြည်သူများထဲမှ ပြည်သူသာဖြစ်ခြင်းကြောင့် ပြည်သူတို့၏ ဆန္ဒ၊ ပြည်သူတို့၏လိုလားချက်၊ ပြည်သူတို့၏ ခံစားချက်တို့ကို ကိုယ်တိုင်သိမြင်သူများဖြစ်ကြသည်။ တစ်ဖက်တွင်လည်း နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် တာဝန်များ၊ စောင့်ထိန်းလိုက်နာကြရမည့် ဝန်ထမ်းကျင့်ဝတ်နှင့် စည်းမျဉ်း စည်းကမ်းများကို အလေးအနက်ဆောင်ရွက်ကျင့်သုံးကြရန် တာဝန်ရှိကြသည်။

ပြောင်းလဲလာပြီဖြစ်သော ပြည်သူ့အစိုးရခေတ်တွင် ပြည်သူ့ဝန်ထမ်းတို့က အပြောသက်သက်၊ အပြသက်သက်မျှသာမဟုတ်ဘဲ ပြည်သူကို အမှန်တကယ် ဝန်ဆောင်မှုပေးကြရန် လိုအပ်နေပြီဖြစ်သည်။ ခေတ်စနစ်နှင့် မလျော်ညီတော့သော၊ ဝန်ထမ်းဆိုးတို့အတွက် အကွက်ထွင်စားကွက်သဖွယ်ဖြစ်နေသော၊ ပြည်သူတို့အတွက် စိတ်ရှုပ်ထွေးဖွယ်ဖြစ်နေသော လုပ်ထုံး လုပ်နည်းအဟောင်းများ၊ စနစ်အဟောင်းအဆွေးများကို ဖျင်တန်ဖျက်၊ ပြင်တန်ပြင်၊ လျှော့တန်လျှော့ လုပ်ပေးရန်လည်း လိုအပ်နေပြီဖြစ်သည်။ ပြည်သူ့ဝန်ထမ်းဟူသည် ပြည်သူတို့၏အထက်မှ အုပ်ချုပ်မှုအရှင်သခင်များမဟုတ်ဘဲ ပြည်သူတို့၏ အစေခံ (Public Servants) များသာဖြစ်သည်ဟူသော အတွေးအခေါ်များ ထွန်းကားပြန့်ပွားလာပါစေကြောင်း ဆန္ဒပြုပါ၏။ ။

သပြေပန်းနဲ့ ရေဖျန်းမည်

* ရေများရေနိုင်၊ မီးများမီးနိုင်တဲ့ မီးများစဉ်တုန်းကတော့ ပြည်သူတွေမီးလိုပူခဲ့ကြ နှစ်ပေါင်း ၅၀ တောင်မက စားရေးအတွက် မီးလိုပူရ နေရေးအတွက် မီးလိုပူရ
* အခုတော့ရေများပြီ၊ ပြည်သူတွေ ရင်ဝယ်သားလို အေးမြရမည်။

စားရေးနဲ့ နေရေးအတည် ရင်အေးကြစေမည့်အကြောင်း နှစ်သစ်မှာ ဆုမွန်ခြွေလို့၊ သပြေညိုကိုယ်စီဖျန်းပါ့မယ် အေးချမ်းစေကြောင်း။ ။

ဗအုပ်ခိုင်

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

(မိုး/၈လ)

အရက်ချက်စက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုထိခိုက်နေ စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဧပြီ ၁၁

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဌက်သိုက် ကျေးရွာအုပ်စု ပုသိမ်-မုံရွာလမ်းဘေး ရေကြည်မြစ်ကျိုးချောင်းကမ်းနံဘေးရှိ စံချိန်အရက်ချက်စက်ရုံအား ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီခွဲက ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဝင်းဌေး၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ရေကြည်မြို့နယ် အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် မြို့နယ်မှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ရာ စက်ရုံတာဝန်ခံက ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးချုပ်က ပြည်သူများအတွက် ကျန်းမာရေး၊ လူမှုနေထိုင်ရေး ဘဝများအတွက် မထိခိုက်စေရန် စံချိန်စံညွှန်းနှင့် စည်းကမ်းချက်များနှင့်အညီ စက်ရုံမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝနေထိုင်ရေးထိခိုက်မှု ရှိ/မရှိအခြေအနေများ၊ ကျန်းမာရေး မထိခိုက်စေရန် စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်အညီ စက်ရုံမှဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ထုတ်လုပ်မှုပစ္စည်းများလည်း စံချိန်စံညွှန်းနှင့် အညီထုတ်လုပ်ရန်နှင့် တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူများ တင်ပြမှုအပေါ် သုံးသပ်၍ဆောင်ရွက်ရန်ပြောကြားသည်။

ယင်းနောက် ကြို့ကုန်းကျေးရွာမှ လယ်သမား ဦးသန်းလွင်နှင့် ဌက်သိုက်ကျေးရွာမှ ဦးထွန်းဦးတို့က ဌက်သိုက်ကျေးရွာ၊ ခိုတောင်ကျေးရွာနှင့် ကြို့ကုန်းကျေးရွာအုပ်စု၊ မြတ်တိုကျေးရွာအုပ်စုများမှ ကျေးရွာနေ ပြည်သူများ၏ စိုက်ပျိုးမှုအခြေအနေ၊ စွန့်ပစ်ပစ္စည်းများ အခြေအနေ၊ စက်ရုံကြောင့် ပြည်သူများ ခံစားမှုအခြေအနေများ၊ ရေမသန့်၊ လေမသန့်၊ မြေမသန့်ဖြစ်နေရသည့် အကြောင်းများနှင့် လယ်ယာသားငါးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အခြေအနေများကို အကြံပြုတင်ပြသည်။

"ကျွန်တော်တို့ ကျေးရွာတွေ ဒီစက်ရုံကြီးပေါ်ပြီး မကြာခင်မှာပဲ ပတ်ဝန်းကျင်မှာ အနံ့ဆိုးတွေရှူရှိုက်နေရတယ်။ ချောင်းရေတွေ သန့်ရှင်းမှုမရှိသလို ချောင်းရေသုံးဖို့၊ ချိုးနိုင်ဖို့ မဆိုထားနဲ့ ဉယျာဥဉ်ခြံစိုက်ယိုးပင်တွေတောင် ရေလောင်းလို့ မရပါဘူး။ ဒါတွေကို ထိထိရောက်ရောက် လေ့လာသုံးသပ်ပြီး ပြည်သူတွေအတွက် ထိခိုက်နစ်နာမှုမျိုးတွေမရှိအောင် လက်တွေ့ဆောင်ရွက်ပေးကြပါလို့ အရက်ချက်စက်ရုံကြောင့် ဆိုးကျိုး ဒုက္ခတွေ ခံစားနေရတဲ့ ကျေးရွာသူ ကျေးရွာသားများ ကိုယ်စားပြောကြားလိုပါတယ်"ဟု ကြို့ကုန်းရွာသားတစ်ဦးက ပြောသည်။

သိန်းဇော်(ရွှေလီဦး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၉၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၅၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၃၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၈၀.၀
ဥရောပ	တစ်ယူရို	၁၃၄၁.၁
စင်ကာပူ	တစ်ဒေါ်လာ	၈၇၁.၃၆
ထိုင်း	တစ်ဘတ်	၃၃.၄၉၄
အိန္ဒိယ	တစ်ရူပီး	၁၇.၆၆၈
တရုတ်	တစ်ယွမ်	၁၈၂.၅၈
မလေးရှား	တစ်ရင်းဂစ်	၂၉၈.၈၁

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး	ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
စာတည်းမှူး	-	ဝင်းရွှေ	ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်			Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
သတင်းထောက်မှူး	-	မြင့်ဆွေ	ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)			Fax- ၀၁-၈၆၀၄၅၅၆

မြန်မာ့အလင်း Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

တိုင်းပြည်ဖွံ့ဖြိုးရန် ကောင်းမွန်သည့်ဆန္ဒများဖြင့် အပြုသဘောဆောင်သည့်ဝေဖန်မှုများကို လက်ခံဆောင်ရွက်သွားမည်

မြဝတီ ဧပြီ ၁၁

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ မန်းဘခိုင်လမ်း၊ အေးချမ်းသာယာလမ်းသွယ်၊ ဓိဌာန်အောင်လမ်း အပိုင်း (၂)၊ အမှတ်(၄) ရပ်ကွက်ရှိ မြစန္ဒီပန်းခြံအဝင် ကွန်ကရစ်လမ်းများနှင့် ပြည်သူ့ဆေးရုံမုခ်ဦးသစ်ဖွင့်ပွဲအခမ်းအနားများသို့တက်ရောက်ပြီး မြဝတီမြို့နှင့် လေးကေ့ကော်မြို့သစ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မန်းဘခိုင်လမ်း၊ အေးချမ်းသာယာ လမ်းသွယ်နှင့် ဓိဌာန်အောင်လမ်း အပိုင်း(၂) ကွန်ကရစ်လမ်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန်းဘခိုင်လမ်းမုခ်ဦး၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

မန်းဘခိုင်လမ်းသည် အရှည်ပေ ၄၀၀၊ အကျယ် ၂၂ ပေ၊ ၁၆ ပေနှင့် ထု ခြောက်လက်မ၊ အေးချမ်းသာလမ်းသွယ်သည် အရှည်ပေ ၃၂၀၊ အကျယ် ၂၂ ပေနှင့် ထု ခြောက်လက်မရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် မြစန္ဒီပန်းခြံအဝင် ကွန်ကရစ်လမ်းသစ်နှင့် ပြည်သူ့ဆေးရုံမုခ်ဦးသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

မြစန္ဒီပန်းခြံအဝင်လမ်းသည် အရှည် ၃၂၅ ပေ၊ အကျယ် ၂၂ ပေ ခြောက်လက်မရှိပြီး ဓိဌာန် အောင်လမ်းအပိုင်း(၂)သည် အရှည် ၃၂၅ ပေ၊ အကျယ် ၂၂ ပေနှင့် ထု ခြောက်လက်မရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်နာယကသည် မြဝတီမြို့ သောင်ရင်းခန်းမ၌ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက ကတရားဥပဒေစိုးမိုးရေးအရ ဥပဒေအထက်တွင် မည်သူမျှမရှိပါကြောင်း၊ အမှန်တကယ် လိုက်နာရမည့်အချက် ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ တိုင်ကြားစာကော်မတီကိုလည်း ဖွဲ့စည်းထားပါကြောင်း၊ ပေးပို့လာသည့် တိုင်စာများကို ပြည်သူများ ထင်သာမြင်သာ နိုင်ရန် သေချာစွာ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နစ်နာမှုများကို အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များဖြင့် တိကျစွာရေးသားတိုင်ကြားစေလိုပါကြောင်း။

တရားဥပဒေစိုးမိုးမှု ငြိမ်းချမ်းရေး ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကောင်းမွန်သည့်ဆန္ဒများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ဆန္ဒမစောစေလိုပါကြောင်း၊ စိတ်ရှည်သည်းခံ၍ စောင့်ကြည့်စေလိုပါကြောင်း၊ အပြုသဘောဆောင်သည့် ဝေဖန်မှုများကို လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ အလုပ်တာဝန်များကို ကျေပွန်တိကျစွာ ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း။

ငြိမ်းချမ်းရေးရရှိမှသာ မိမိတို့ဒေသ၊ မိမိတို့နိုင်ငံကို အဖွံ့ဖြိုးဆုံး၊ အကောင်းဆုံး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ အာရှလမ်းမကြီးသည် ငြိမ်းချမ်းခြင်း၏ လက်တွေ့ အသီးအပွင့်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ လွှတ်တော်အသစ်နှင့် အစိုးရအသစ်ကို ပြည်သူများပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ များစွာသောအခက်အခဲများကို ပြည်သူ့စွမ်းအား၊ ပြည်သူတို့၏ ပုံပိုးကူညီမှုများဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံ့ဝန်ထမ်းများနှင့် လက်တွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အပြောင်းအလဲတွင် တိုင်းပြည်အတွက်၊ ပြည်သူအတွက် မိမိက မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်၊ မည်သို့ဝိုင်းဝန်းပံ့ပိုးပေးနိုင်မည်ဆိုသည်ကို တွေးတောလုပ်ကိုင်ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့အစိုးရသည် အဂတိကင်းစင်သည့် အစိုးရဖြစ်ပြီး မိမိနိုင်ငံဖွံ့ဖြိုးရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ မည်သို့မျှရပ်တည်ပေးမည်မဟုတ်ဘဲ တိကျပြတ်သားစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ကောင်းမွန်မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အလေးထားဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသည့် မြဝတီမြို့ လေးကေ့ကော်မြို့သစ်သို့ ရောက်ရှိပြီး မြို့သစ် အုပ်ချုပ်ရေးမှူးရုံး၌ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

၂၀၁၄ ခုနှစ်တွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု ပြယုဂ်အဖြစ်တည်ဆောက်ထားသည့် လေးကေ့ကော်မြို့သစ်ကို တွေ့ရစဉ်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံဝန်ထမ်းများ အနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များကို တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ကူညီဆောင်ရွက် ပေးစေလိုပါကြောင်း၊ မိမိတို့သည် ပြည်သူတို့၏ အစေခံများဖြစ်ပြီး ပြည်သူ့မျက်နှာ ကိုကြည့်ကြရမည်ဖြစ်ကာ ပြည်သူ့အကျိုးကိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေးကေ့ကော်မြို့သစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုဆောင်ရွက်မှုများ အတွက် ပြည်သူ့အင်အားသည် အဓိကလိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ တင်ပြချက်များကို နားထောင်ပြီး လိုအပ်ချက်များကို ပြန်လည်ဆွေးနွေး၍ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် လေးကေ့ကော်မြို့သစ်အတွင်း လှည့်လည်ကြည့်ရှုပြီး မြို့သစ်ရေပေးဝေနေမှုကို စစ်ဆေးကြည့်ရှုသည်။

၂၀၁၄ ခုနှစ်တွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုပြယုဂ်အဖြစ် လေးကေ့ကော်မြို့သစ် တည်ဆောက်ရန် ပြည်ထောင်စုအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ သဘောတူညီခဲ့ကြပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် မြို့သစ်ကို စတင်တည်ဆောက်ခဲ့သည်။ ယခုအခါ အဆိုပါမြို့သစ်၌ အိမ်ခြေ ၂၇၂ အိမ်ရှိပြီး လူဦးရေ ၁၀၀၀ ကျော် နေထိုင်လျက်ရှိကာ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် မြဝတီမြို့ အမှတ်(၁) ရပ်ကွက်ရှိ အာဇာနည်ခန်းမကို ကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

ကုက္ကိုဝတံတားတည်ဆောက်နေစဉ်ကာလအတွင်း ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်မည်

နေပြည်တော် ဧပြီ ၁၁

တည်ဆောက်ဆဲ ကုက္ကိုဝတံတားရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်း လိုအပ်ချက်အရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၆ခုနှစ် ဧပြီ ၁၅ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့်(၄)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ရေလမ်းကင်းလွတ်အကျယ်မှာ ၁၇၅ ပေရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ မီးနီထွန်းပြသထားမည်။

ကုက္ကိုဝတံတားကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် နေ့၊ ည လုပ်ငန်းဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် ကုက္ကိုဝတံတားရေလမ်းကို ညနေ ၆ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအထိ ရေယာဉ်များ ဖြတ်သန်းခြင်းမပြုကြရန်နှင့် ရန်ကုန်မြို့သို့ သွားရောက်မည့် ရေယာဉ်များသည် ဒီရေအတက်ကို ဆန်၍သော်လည်းကောင်း၊ ရန်ကုန်မြို့မှ ထွက်ခွာလာမည့် ရေယာဉ်များသည် ပုံမှန်ရေစီးကို ဆန်၍သော်လည်းကောင်း တံတားရေလမ်းကို ဖြတ်သန်းကြရမည်ဖြစ်သည်။ ထို့အပြင် တံတားသံပေါင်ပေါ်ရှိ ရေလမ်းပြ အမှတ်အသားများဖြစ်သော အစိမ်းရောင် တြိဂံအမှတ်အသားနှင့် အနီရောင်ကြက်ခြေခတ် အမှတ်အသားတို့ကို ဒီရေအတက်အကျပေါ် မူတည်၍ ပြောင်းလဲပြသမည်ဖြစ်ရာ အစိမ်းရောင် တြိဂံအမှတ်အသားပြသမှသာ တံတားရေလမ်းကို ဖြတ်သန်းခုတ်မောင်းရမည်ဖြစ်သည်။ တံတားရေလမ်းကို ဖြတ်သန်းရန် စောင့်ဆိုင်းရမည့် ရေယာဉ်များသည် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် လွတ်ကင်းသည့် နေရာတွင်သာ ကမ်းကပ်စောင့်ဆိုင်းကြရမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အတွန်းထွက်နေသဖြင့် ရေလယ်တိုင်နှစ်ခု အကြားတွင် ရေယာဉ်များယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာချိတ်ဆွဲဖြတ်သန်းကြရန်အပြင် ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်း မှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

❒ ကျောဖုံးမှ

ဒါ့အပြင် အမြန်လမ်းမကြီးရဲ့ လမ်းပိုင်းအလိုက် အချိန်ပြည့်စောင့်ကြည့်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်"ဟု ၎င်းကပြောသည်။

"ကျွန်တော်တို့က ရက်ရှည်နှစ်သစ်ကူးရုံးပိတ်ရက်ဆို သူငယ်ချင်းတွေစုပြီး ခရီးသွားနေကျပါ။ ယခင်နှစ်တွေကထက် အခုနှစ်ပိုင်းမှာ အမြန်လမ်းတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးကို နှိုးဆော်တဲ့ဆိုင်းဘုတ်တွေအပြင် အခုလို အသိပေးတာတွေကို မြင်ရတော့ ခရီးသွားရတာ လုံခြုံမှု ပိုရှိလာတယ်လို့ ခံစားရပါတယ်"ဟု ယာဉ်မောင်းကိုနိုင်းအောင်က ပြောသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်အန္တရာယ်ဖြစ်စဉ်များ လျော့နည်းရေးအတွက် နိုင်ငံတော်အပိုင်းက တာဝန်ယူဆောင်ရွက်နေသကဲ့သို့ လမ်းအသုံးပြုသူများအနေဖြင့် အမြန်လမ်းပေါ်တွင် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ မောင်းနှင်အသုံးပြု၍ ပူးပေါင်းပါဝင်ပါက အန္တရာယ်ကင်း ဘေးကင်းပြီး လိုရာခရီးပေါက်အောင် သွားလာနိုင်ကြမည်ဖြစ်သည်။



ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးပြီးဆုံး ဟီရိုရှီးမားနှင့် နာဂါဆာကီသို့ ကမ္ဘာ့ခေါင်းဆောင်များသွားရောက်ရန် တိုက်တွန်း

တိုကျို ဧပြီ ၁၁

ဂျီ -၇ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ကမ္ဘာ့ခေါင်းဆောင်များကို နျူကလီးယားဗုံးဒဏ်ခံစားခဲ့ရသော ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့တို့သို့ သွားရောက်လည်ပတ်ရန် တိုက်တွန်းလိုက်သည်။

ဝန်ကြီးများသည် ဟီရိုရှီးမားတွင် ကျင်းပသော နှစ်ရက်ကြာ အစည်းအဝေးကို တနလာ်နေ့က အဆုံးသတ်လိုက်ပြီးနောက် နျူကလီးယားပြန့်ပွားမှုမရှိရေးနှင့် နျူကလီးယားဖျက်သိမ်းရေးအတွက် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ကြေညာချက်တွင် နျူကလီးယားဗုံးဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရသော ဖော်ပြပါ မြို့ကြီးနှစ်ခုတွင် လူသားများအနေဖြင့် နျူကလီးယားဗုံးဒဏ်၏ အကျိုးဆက်များကို ခံစားခဲ့ရကြောင်း ဖော်ပြပါရှိသည်။ ဂျီ-၇ အစည်းအဝေးကြီးက နျူကလီးယားအန္တရာယ်ကင်းဝေးသောကမ္ဘာကြီးကို ဖော်ဆောင်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

(အင်နန်အိတ်ချ်ကေ)

ဘုရားကျောင်းမီးလောင်မှုနှင့် ပတ်သက်၍ လူငါးဦးကိုဖမ်းဆီး

နယူးဒေလီ ဧပြီ ၁၁

အိန္ဒိယနိုင်ငံ၌ တနင်္ဂနွေနေ့က ဘုရားကျောင်း မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ လူငါးဦးကို ရဲများက ဖမ်းဆီးထားကြောင်း သိရသည်။ ဘုရားကျောင်းအတွင်းမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၁၂ ဦးအထိရှိလာသည်။

ဘုရားကျောင်းအတွင်း အလှပြမီးရှူးမီးပန်းများ ပစ်ဖောက်ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးရှူးမီးပန်းများ ပစ်ဖောက်ရန်အတွက် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်တောင်းခံရန်လိုအပ်သော်လည်း တောင်းခံခဲ့ခြင်းမရှိကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်သည့်လူများကို လိုက်လံဖမ်းဆီးရန် ရဲများကကြိုးပမ်းလျက်ရှိသည်။ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ အဓိကတာဝန် ရှိသူများမှာ ရှောင်တိမ်းလျက်ရှိသည်။ မီးလောင်ကျွမ်းမှုကြောင့် ဒဏ်ရာရရှိသူ ၃၅၀ ခန့်မှာ ဆေးရုံများတွင် ကုသမှုခံယူလျက်ရှိသည်။

သေဆုံးသူများနှင့်ပတ်သက်၍လည်း ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းနည်းကြောင်း ပြောကြားကြသည်။ ဗြိတိန်တော်ဝင်မင်းသား ဝီလျံနှင့် ဇနီးဖြစ်သူတို့မှာ အိန္ဒိယသို့ အလည်အပတ်ခရီးရောက်ရှိနေပြီး ၎င်းတို့ရောက်ရှိနေစဉ်အတွင်း ယခုကဲ့သို့ဝမ်းနည်းစရာအဖြစ်အပျက်မျိုးနှင့် ကြုံတွေ့ရသည့်အတွက် ဝမ်းနည်းကြောင်း ပြောခဲ့သည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးကလည်း မီးလောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

ရုရှားနိုင်ငံလုပ် S-300 ဒုံးကျည်များ အီရန်သို့ရောက်ရှိ

တီဟီရန် ဧပြီ ၁၁

အီရန်နိုင်ငံသို့ S-300 ဒုံးကျည်များ ပထမအသုတ်အဖြစ် ရောက်ရှိခဲ့ကြောင်း တနလာ်နေ့တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါဒုံးလက်နက်များပေးပို့မှုအစီအစဉ်မှာ အကြိမ်ကြိမ်ရွှေ့ဆိုင်းခံရပြီး ယခုအခါ၌ လက်နက်တင်ပို့မှုပထမသုတ်အဖြစ် အီရန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ နောက်ထပ်လည်းဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရုရှားနိုင်ငံထုတ်အဆင့်မြင့်ဒုံးကျည်များသည် ကက်စပီယံပင်လယ်ကို ဖြတ်၍ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောသည်။

(ဆင်ဟွာ)

ဂျပန်ကုမ္ပဏီအများစု ဘွဲ့ရအလုပ်သမားများကို ငှားရမ်းရန် ရှာဖွေလျက်ရှိ

တိုကျို ဧပြီ ၁၁

ကမ္ဘာ့စီးပွားရေးသည် မသေချာမှုများနှင့် ရင်ဆိုင်နေရသော်လည်း အဓိကဂျပန်ကုမ္ပဏီအများစုသည် ဘွဲ့ရအများစုကို ငှားရမ်းရန် ရှာဖွေလျက်ရှိကြောင်း အင်နန်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၁၁ ရက်က ဖော်ပြသည်။

တိုယိုတာကားထုတ်လုပ်ရေးကုမ္ပဏီသည် အထက်တန်းကျောင်းသားနှင့် တက္ကသိုလ်ဘွဲ့ရ ၂၆၈၀ ကို ရည်ရွယ်ချက်ထား ငှားရမ်းလျက်ရှိပြီး နစ်ဆန်းကားထုတ်လုပ်ရေးကုမ္ပဏီက အထက်တန်းကျောင်းသားနှင့် ဘွဲ့ရ ၈၁၀ ကို ငှားရမ်းရန်ရည်ရွယ်ထားကြောင်း သိရသည်။

ကားထုတ်လုပ်ရေး ကုမ္ပဏီများက နိုင်ငံရပ်ခြားတွင် ကားထုတ်လုပ်မှု မြှင့်တင်နိုင်ရန်နှင့် ယှဉ်ပြိုင်ဘက်ကြီးမားသော ကားဈေးကွက်အတွက် နည်းပညာအသစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူစွမ်းအားပိုမိုလိုအပ်လျက်ရှိကြောင်း ပြောခဲ့သည်။

လျှပ်စစ်ပစ္စည်းထုတ်လုပ်သော ကုမ္ပဏီများတွင် တိုရှိဘာအနေဖြင့် ယင်း၏လုပ်ငန်းကို ပြန်လည်တည်ဆောက်ရေးများပြုလုပ်မည်ဖြစ်သောကြောင့် လာမည့်နှစ်တွင် အလုပ်သမားသစ်များငှားရမ်းရန် အစီအစဉ်မရှိကြောင်း ပြောခဲ့သည်။ ရှပ်ကုမ္ပဏီအနေဖြင့်လည်း လာမည့် အနာဂတ်လုပ်ငန်းအစီအစဉ်များအတွက် ဘာမှမဆုံးဖြတ်ရသေးကြောင်း ပြောခဲ့သည်။

သို့သော်လည်း အခြားကုမ္ပဏီများအနေဖြင့် ယခုနှစ်အတွက် အလုပ်သမားများအင်အားဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ပင်နယ်ဆိုးနစ်က ဘွဲ့ရအလုပ်သမား ၈၀၀၊ ဟီတာချီက ဘွဲ့ရအလုပ်သမား ၆၅၀ ငှားရမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အင်နန်အိတ်ချ်ကေ)

ပြိတိန်တော်ဝင်မင်းသားဝီလျံနှင့် ဇနီး အိန္ဒိယသို့ရောက်ရှိ

နယူးဒေလီ ဧပြီ ၁၁

ပြိတိန်တော်ဝင်မင်းသားဝီလျံနှင့်ဇနီး ကိတ်မစ်ဒယ်တန်တို့သည် တနင်္ဂနွေနေ့က မွမ်ဘိုင်းသို့ ရောက်ရှိခဲ့သည်။ ၎င်းတို့စုံတွဲသည် အိန္ဒိယနှင့်ဘူတန်နိုင်ငံတို့တွင် ခုနစ်ရက်ကြာ လည်ပတ်မည်ဖြစ်သည်။

ကိန်းဘရစ်မြို့စား ဝီလျံနှင့်မြို့စားကတော် ကိတ်မစ်ဒယ်တန်တို့သည် မွမ်ဘိုင်းလေဆိပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပြီး တာ့ချ်ပဲလေ့ဓိဟုတယ်သို့သွားရောက်ခဲ့သည်။ ထို့နောက် ၂၀၀၈ ခုနှစ်က မွမ်ဘိုင်းဖြစ်ပွားခဲ့သည့် အစုအပြုံလိုက်သတ်ဖြတ်မှုအတွင်း သေဆုံးခဲ့သူများကို သွားရောက်ဆုတောင်းခဲ့သည်။

ညနေပိုင်းတွင် မြို့စားနှင့်မြို့စားကတော်တို့သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘောလီးဝုဒ်ကြယ်ပွင့်များပါဝင်သော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ တော်ဝင်မင်းသားဝီလျံသည် ၎င်း၏မွမ်ဘိုင်းခရီးစဉ်အပြီးတွင် ဒေလီသို့ သွားရောက်မည်ဖြစ်သည်။ မင်းသားဝီလျံတို့စုံတွဲသည် လွန်ခဲ့သော ၂၄ နှစ်က ၎င်း၏မိခင်ဖြစ်သူ ဒိုင်ယာနာ သွားရောက်ခဲ့သော တပ်ချ်မဟာသို့ သွားရောက်လည်ပတ်ရန်လည်း စီစဉ်ထားသည်။

(ဆင်ဟွာ)



မဲလ်ဘုန်းမြို့ပွဲတော်၌ နှောင့်ယှက်ခဲ့သူများအား ရဲများက လိုက်လံဖမ်းဆီး

မဲလ်ဘုန်း ဧပြီ ၁၁

ဩစတြေးလျရဲများသည် လွန်ခဲ့သောလအတွင်း မဲလ်ဘုန်းမြို့၌ ကျင်းပလေ့ရှိသောပွဲတော်တစ်ခုကို အုပ်စုဖွဲ့နှောင့်ယှက်ခဲ့သည့် လူ ၂၄ ဦးအား တရားစွဲဆိုခဲ့သည်။

၄င်းတို့ကို ဖမ်းဆီးနိုင်ရေး ရဲများသည် လုံခြုံရေးကင်မရာများ၊ မျက်မြင်သက်သေများ၊ မီဒီယာများ ရိုက်ကူးထားသည့် ဓာတ်ပုံများမှတစ်ဆင့် ပိုက်စိပ်တိုက်ရှာဖွေခဲ့သည်။

အဆိုပါ ပွဲတော်သည် မဲလ်ဘုန်း၌ နှစ်စဉ်ကျင်းပလေ့ရှိပြီး လူပေါင်း တစ်သန်းကျော်ပါဝင်ဆင်နွဲသည့် ပွဲတော်ဖြစ်သည်။ ယင်းပွဲတော်ကို နှောင့်ယှက်ဖျက်ဆီးခဲ့သူများမှာ လူ ၁၀၀ ကျော် ရှိလိမ့်မည်ဟု ရဲများက ယူဆသည်။

(ဆင်ဟွာ)

(၁၃)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်မွာရုံ၌ ကျင်းပရာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင်ယှဉ်ပြိုင်နေစဉ်

❋ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်ကလည်း "ရခိုင်သင်္ကြန်နဲ့ နံ့သာသွေးပွဲဟာ ဆက်စပ်နေပါတယ်။ ဘီစီ ၅၆၈ မှာ ရခိုင် ဓညဝတီပြည့်ရှင် စန္ဒာသူရိယမင်းကြီးဟာ ဗုဒ္ဓဘုရားရှင်နှင့် အတိတ်ဘဝက သူငယ်ချင်းဟောင်း ဖြစ်ဖူးသည့်အားလျှော်စွာ မနောအဓိဋ္ဌာန်ဖြင့် ပင့်ဖိတ်ချက်အရ ဗုဒ္ဓမြတ်စွာဘုရားသည် နောက်ပါသံဃာတော်အပေါင်း ၅၀၀ ဖြင့် ကြွချီလာကာ မောရပဗွတ သေလာဂီရိကျောက်တော် တောင်ပေါ်မှာ သက်ဆင်းတော်မူခဲ့ပါတယ်။ အဲဒီအချိန်မှာပင် ဘုရင်နဲ့ တိုင်းသူပြည်သားများ ကိုးကွယ်ဖို့ ပုံစံတူကိုယ်ပွားတော် မဟာမြတ်မုနိဆင်းတုတော်ကို သွန်းလုပ်စေခဲ့ပါတယ်။ ရခိုင်ပြည်သူ ပြည်သားတို့အနေနဲ့ ဆင်းတုတော်ကြီးအား အမွှေးနံ့သာရည်များဖြင့် ရေသပွာယယ်ပူဇော်ခဲ့ကြပါတယ်။ ကျန်တဲ့အမွှေးနံ့သာရည်တွေကို အချင်းချင်းပက်လောင်းကြရာမှ ရခိုင်သင်္ကြန်ဆိုတာ ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

"ကျွန်မတို့ ဒီနံ့သာသွေးပြိုင်ပွဲမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်တွေကိုယ်စားပြုအသင်း ၁၅ သင်းက မဏ္ဍပ်တွေကနေ လာရောက်ယှဉ်ပြိုင်တာပါ။ နံ့သာသွေးပြိုင်ပွဲမှာ နံ့သာအမျှားဆုံးသွေးနိုင်မှုကို အမှတ် ၅၀၊ ကျန်တာတွေက ၁၀ မှတ်စီ ပေးပါတယ်။ ဆုအနေနဲ့ ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်းနဲ့ တတိယဆုငွေကျပ် တစ်သိန်းခွဲဖြစ်ပါတယ်။ ဒီမှာလာပြိုင်တဲ့ကလေးတွေက ဆုရတာ မရတာ အဓိကမဟုတ်ပါဘူး။ ဒီပြိုင်ပွဲမှာပါဝင်ရတာက သူတို့အတွက် အဓိကဖြစ်ပါတယ်" ဟု ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါ်စောခင်တင့်က ရှင်းပြသည်။

အဆိုပါ နံ့သာသွေးပြိုင်ပွဲတွင် ကျောက်တော်၊ မြောက်ဦး၊ ရမ်းပြဲ၊ ရသေ့တောင်၊ ကျောက်ဖြူ၊ မာန်အောင်၊ ပုဏ္ဏားကျွန်း၊ မြေပုံ၊ ဘူးသီးတောင်၊ စစ်တွေ၊ မင်းပြား၊ ရခိုင်တံမြက်စည်းလှည်း၊ လေးတောင်တိုက်နယ်မြို့နယ်အသင်း၊ လေဝတီကုလရက္ခိတမြို့နယ်အသင်းနှင့် ရခိုင်အမျိုးသားအသင်းတို့မှ ရခိုင်လှပျိုဖြူလေးများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ နံ့သာသွေးချိန်မှာ ၁၀ မိနစ်ဖြစ်ပြီး သတ်မှတ်အချိန်အတွင်း နံ့သာရည်အများဆုံးနှင့် အခြားသော ဝတ်စားဆင်ယင်မှုတို့အပေါ် မူတည်ကာ အမှတ်ပေးခြင်းဖြစ်သည်။ အသင်းတစ်သင်းလျှင် အမျိုးသမီးငယ် ၁၀ ဦး ယှဉ်ပြိုင်ရခြင်း ဖြစ်သည်။

အဆိုပါ နံ့သာရည်များကို သင်္ကြန်အကြိုနေ့နံနက်ပိုင်းတွင် ယင်းဓမ္မာရုံရှိ ဘုရားအား အမွှေးနံ့သာရည်များဖြင့် ရေသပွာယယ်ရန် စီစဉ်ထားသည်။ ယခုနှစ် ရခိုင်ရိုးရာသင်္ကြန်ကို သုဝဏ္ဏအားကစားကွင်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရခိုင်ရိုးရာအစားအသောက်များနှင့် သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာသင်္ကြန်ကျင်းပပုံမှာလည်း ထူးခြားသော ဓလေ့ထုံးတမ်းအစဉ်အလာ တစ်ရပ်ဖြစ်သည်။ သင်္ကြန်မဏ္ဍပ်အတွင်းရှိ လောင်းလှေကြီးများ၏ အနောက်ဘက်တွင် မိန်းမပျိုလေးများသည် မဏ္ဍပ်အပြင်ဘက်သို့ မျက်နှာမူ၍ စီတန်းထိုင်နေရသည်။ ယောကျ်ားပျိုများက တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ တီးမှုတ်သီဆိုကခုန်၍ မဏ္ဍပ်များကို လှည့်လည်သွားလာကြရင်း ရေဝင်လောင်းလှေရှိကြသည်။ ရေလောင်းရာ၌ မဏ္ဍပ်အုပ်ထိန်းသူ အမျိုးသမီးကြီးများ(မဏ္ဍပ်သျှင်မ)တစ်ဦးဦးထံ ခွင့်တောင်းပြီး ထိုင်နေကြသော မဏ္ဍပ်အတွင်း အမျိုးသမီးများထဲမှ မိမိနှစ်သက်ရာတစ်ဦးကို ရွေးချယ်ခေါ်ယူ ရေလောင်းခွင့်ရှိပေသည်။ မိန်းမပျိုလေးများကလည်း ယောကျ်ားပျိုအား ရေပုံးထဲသို့ လောင်းလှေကြီးထဲမှ ရေကိုခပ်၍ စတင်ဖြည့်တင်းပေးရပြီး ယောကျ်ားပျိုကစ၍ ရေလောင်းသည့်အခါမှ မိန်းမပျိုက ပြန်လည်လောင်းရသည်။ အပြင်ဘက်မှ ရေလောင်းမည့်သူများကလည်း ယဉ်ကျေးစွာသီဆိုကခုန်၍ စောင့်ဆိုင်းကြရသည်။ မဏ္ဍပ်အတွင်း အလျင်ဝင်ခွင့်နှင့်ပတ်သက်၍ ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းမရှိအောင် ထိန်းသိမ်းလေ့ရှိကြသည်။ ဤသို့ ရေလောင်းခြင်းမှာ ရခိုင်တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်ဖြစ်သည်။

ဖြူးဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား နှစ်သစ်ဦးလှူဒါန်း

ဖြူး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ဘိုးဘွားရိပ်သာသို့ ဧပြီ ၁၁ ရက်နံနက် ၉ နာရီခွဲက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့်အဖွဲ့တို့ ရောက်ရှိလာကြရာ ဖြူး ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးပု၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုမောင်နှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီးနှင့်အဖွဲ့တို့သည် ရိပ်သာအတွင်းရှိ အဘိုးအဘွား ၃၅ ဦးတို့ကို တွေ့ဆုံဂါရဝပြု၍ ရှေးဦးစွာ အဘိုးအဘွားများအား ရှိခိုးကန်တော့ကြပြီး အဘိုးအဘွားများကို တစ်ဦးလျှင် ခြုံထည် တဘက်တစ်ထည်၊ ဝတ်စုံတစ်စုံနှင့် ငွေကျပ် သုံးထောင်တို့ကို တစ်ဦးချင်းစီ ပေးအပ်ကန်တော့ကြသည်။

ထို့နောက် အသက်ရာကျော် ၁၀၂ နှစ်ရှိ အဘွား ဒေါ်လှရင်အား တွေ့ဆုံ၍ အလှူငွေနှင့် ဝတ်စုံကိုပေးအပ်လှူဒါန်းပြီး အားပေးနှစ်သိမ့်စကားပြောကြားကာ နောင်တွင်လည်း ဖြူးဘိုးဘွားရိပ်သာ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှ ကူညီပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ရိပ်သာဥက္ကဋ္ဌနှင့် အမှုဆောင်များအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

❍ ရှေ့ဖုံးမှ

ခွင့်မပြုနိုင်တဲ့အနေအထားဖြစ်လို့ ပြန်လည်ပြုပြင်ဖို့ သူတို့ကိုပြောပြခဲ့ပြီး ဧပြီ ၁၁ ရက်က စည်းကမ်းနဲ့အညီ ပြင်ဆင်ပြီးဖြစ်လို့ ပြန်လည်ခွင့်ပြုပေးခဲ့တယ်" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနဌာနခွဲမှူး ဦးစိုးလင်းကပြောသည်။

အဆိုပါ ရေကစားမဏ္ဍပ်များကို မန္တလေးမဟာသင်္ကြန်ပွဲတော် စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ ကော်မတီဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများသည် ဧပြီ ၆ ရက်မှစ၍ ၁၁ ရက်အထိ စစ်ဆေးခဲ့ခြင်းဖြစ်သည်။

သင်္ကြန်မဏ္ဍပ်များတွင် လုံခြုံရေးကင်မရာ CCTV တပ်ဆင်ထားမှုနှင့် ကြံ့ခိုင်မှုရှိရေး၊ ခန်းစီးနှင့် အလုံပိတ်ခန်းများမထားရှိရေး၊ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးနှင့် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ မန္တလေးမဟာသင်္ကြန်ပွဲတော်ကို အေးချမ်းလုံခြုံစွာ ကျင်းပနိုင်ရေးတို့အတွက် စစ်ဆေးခဲ့ပြီး မဏ္ဍပ်တာဝန်ခံများနှင့် ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။

မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ရေကစားမဏ္ဍပ်နှင့် အလှပြမဏ္ဍပ်များမှာ ကျုံးအရှေ့ဘက် ၆၆ လမ်း၌ ၁၀ ခု၊ ကျုံးတောင်ဘက် ၂၆ လမ်း၌ ၁၀ ခု၊ ကျုံးအနောက်ဘက်လမ်း ၈၀ ၌ ရှစ်ခု၊ ကျုံးမြောက်ဘက် ၁၂ လမ်း၌ သုံးခု၊ မြို့တွင်းနှင့် ကန်တော်ကြီးအပါအဝင် မဏ္ဍပ် ၁၀-ခု စုစုပေါင်း ၄၁ ခုရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ယာဉ်အန္တရာယ်လျှော့ချရေးအတွက် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်

နေပြည်တော် ဧပြီ ၁၁

အစိုးရသစ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက် ၁၀၀ စီမံချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနသည်လည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်အန္တရာယ်လျှော့ချရေးအတွက် ရက် ၁၀၀ စီမံချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပေသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုဖြစ်စဉ်များ မဖြစ်ပွားစေရန်နှင့် ခရီးသည်များ အသက်မဆုံးရှုံးစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ထုတ်ပြန်ထားရှိသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မောင်းစဉ် **"တစ်နာရီ ကီလိုမီတာ ၁၀၀ နှုန်းထက် ပိုမမောင်းရ၊ ၁၀၀ ကီလိုမီတာသည် လမ်းဖြောင့်များတွင် သတ်မှတ်ပေးထားသော အရှိန်နှုန်းဖြစ်၍ အကွေ့များတွင် ၆၀ ကီလိုမီတာအောက် အရှိန်လျှော့၍ မောင်းနှင်ရန်၊ မော်တော်ယာဉ် အရှိန်နှုန်းကို ပြသထားသည့် ကိရိယာ(Speedometer) ကို ပုံမှန်စစ်ဆေးရမည်။ အရက်နှင့် အခြား မူးယစ်စေတတ်သောအရာများ သောက်စားသုံးစွဲပြီး ယာဉ်မောင်းနှင်ခြင်းမပြုရ။ ရှေ့မှ မောင်းနှင်နေသောယာဉ်နှင့် အန္တရာယ်ကင်းသော အကွာအဝေးမှ မောင်းနှင်ပါ။ ရှေ့ယာဉ်မှ သိရှိကြောင်း သေချာမှ ကျော်တက်ပါ။ ညာဘက်ယာဉ်ကြောမှ မောင်းနှင်ပါ။ ယာဉ်ကြောပြောင်းလိုလျှင် အချက်ပြပါ။ (ကွေ့ရန်၊ ကျော်တက်ရန်၊ ရပ်နားရန်ကိစ္စရပ်များတွင် အချက်ပြမှုမလွဲစေရန်)၊ အကွေ့များ၊ အတက်အဆင်းနေရာများ၊ တံတားအဝင်များ၊ 'ဂ' ကွေ့အမှတ်သားများတွင် အရှိန်လျှော့၍ မောင်းနှင်ပါ။ လမ်းသင်္ကေတနှင့် သတိပေးဆိုင်းဘုတ်များကို လိုက်နာမောင်းနှင်ပါ။ မိုးရွာသည့်အချိန်တွင် ယာဉ်ကို အရှိန်လျှော့၍ မောင်းနှင်ပါ။ ယာဉ်မောင်းနေစဉ် အိပ်ငိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မြင်ကွင်းမကောင်းခြင်းများ ခံစားလာရပါက (ပေါ့ဆခြင်းမပြုဘဲ) ဘေးကင်းသည့်နေရာတွင် ယာဉ်ကို ခေတ္တရပ်၍အနားယူပါ" ဟု လိုက်နာဆောင်ရွက်ရန် အချက်များကို ထုတ်ပြန်ထားသည်။

အမြန်လမ်းမကြီးတွင် **"ယာဉ်ပေါ်ပါသူအားလုံး ထိုင်ခုံခါးပတ်ကို စနစ်တကျ ပတ်ထားရမည်။ အမြန်နှုန်းဖြင့် မောင်းနှင်နေစဉ် ရေသောက်ခြင်း၊ နောက်လှည့်စကားပြောခြင်း၊ လက်ကိုင်ဖုန်းပြောခြင်း၊ ကွမ်းတံတွေးထွေးခြင်း စသည့်ပေါ့ဆမှုများမပြုရ။ ကွန်ကရစ်လမ်းမကြီးပေါ်တွင် ယာဉ်ရပ်နားခြင်းမပြုရ။ ရွှေ့ပြောင်းခြင်းမပြုနိုင်ပါက ပါကင်မီးဖွင့်ထားရမည်။ မည်သည့်ယာဉ်မျှ လမ်းပြောင်းပြန်မောင်းနှင်ခြင်းမပြုရ။ မလိုအပ်ဘဲ ယာဉ်ကြောပြောင်းခြင်း၊ ရုတ်တရက်ကွေ့ခြင်း၊ ရပ်ဆိုင်းခြင်း မပြုလုပ်ရ။ လက်ဝဲဘက်အစွန်းဆုံး ယာဉ်ကြောအား ကျော်တက်ရန်မှအပ သာမန်ချိန်များတွင် အသုံးမပြုရပါ။ လမ်းသွယ်မှ အမြန်လမ်းမကြီးသို့ မောင်းဝင်ရာတွင် လက်ယာဘက်အစွန်းဆုံးရှိ ယာဉ်ကြောကို အသုံးပြုရမည်။ ယာဉ်ရပ်နားစဉ် ယာဉ်ကြံ့ခိုင်မှုအား စစ်ဆေးရမည် (အင်ဂျင်ဝိုင်ပိုက်/ဆီပိုက်ပေါက်ပြီး အိတ်ဓာတေါ်ကျ၍ မီးလောင်မှုဖြစ်စဉ်များ ဖြစ်ပွားနိုင်ပါသည်)။ ယာဉ်အား မဖြစ်မနေဆွဲယူရပါက အချက်ပြမီးအားလုံးဖွင့်ပြီး ယာဉ်များ၏ အမိုးပေါ်တွင် အရေးပေါ်အချက်ပြမီးအား တပ်ဆင်ပြီးမှသာ ဆွဲယူရမည်။ အနီးဆုံး ထွက်လမ်းရောက်လျှင် အမြန်လမ်းပေါ်မှ ထွက်ခွာရမည်။ ကွန်ကရစ်လမ်းမကြီးပေါ်တွင် စက်ချွတ်ယွင်းခြင်းနှင့် မီးလောင်မှု ဖြစ်ပွားစေနိုင်သော ဝိုင်ယာကြိုးများ ချွတ်ယွင်းခြင်းမှအပ မည်သည့်ရပ်နားခြင်းကိုမျှ မပြုလုပ်ရ၊ လမ်းဘေးမြေသားလမ်းပခုံး၊ လွတ်ကင်းသည့် နေရာတွင်သာ ရပ်နားရမည်။ အမြန်လမ်းမကြီးပေါ်တွင် ဆိုင်ကယ်များ၊ နွားလှည်းများ၊ စက်တပ်အနေးယာဉ်များ၊ ကုန်တင်ယာဉ်များ တက်ရောက်မောင်းနှင်ခြင်း မပြုရ။ ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သော အန္တရာယ်ကို အထူးသတိထား၍ လိုအပ်ပါက ယာဉ်ကို အရှိန်လျှော့မောင်းနှင်နိုင်ရမည်"** ဟု လိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ထားရှိသည်။

ထို့ပြင် ယာဉ်တွင် ယာဉ်အောက်ပိုင်းတိုက်ရော့၊ ဘောဂျွိုင်းများ၊ ဘရိတ်၊ ဟွန်း၊ တာယာ ၊ ဆီရေလေ၊ အင်ဂျင်ပိုင်၊ လေကာမှန် ရေသုတ်ကိရိယာ၊ ရှေ့မီး၊ ဘယ်ညာအချက်ပြမီး၊ ဘရိတ်မီး၊ ရောင်ပြန် စသည်တို့ကို ယာဉ်မမောင်းမီ စစ်ဆေးရန် သတိပေးထုတ်ပြန်ထားရှိသည်။

အမြန်လမ်းမကြီးတစ်လျှောက် မိုင်တိုင်အလိုက် ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် အမြန်လမ်းရဲတပ်ဖွဲ့၊ ရဲစခန်းတည်နေရာများနှင့် ဖုန်းနံပါတ်များ၊ အရေးပေါ်လူနာတင် ယာဉ်နှင့် ကြက်ခြေနီစခန်းတည်နေရာနှင့် ဖုန်းနံပါတ်များကို Highwaypolice .mm. naypyitaw ဝက်ဆိုဒ်တွင် ထုတ်ပြန်ထားသည်။

မော်တော်ယာဉ် အသုံးပြုသူများနှင့် ခရီးသွားပြည်သူများ အားလုံးကလည်း ယာဉ်မတော်တဆမှုဖြစ်စဉ်များ မဖြစ်ပွားစေရေးနှင့် ခရီးသည်များအသက် မဆုံးရှုံးစေရေး အတွက် တာဝန်သိသိဖြင့် ပူးပေါင်းပါဝင်ကြရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက မေတ္တာရပ်ခံထားသည်။

မော်စီ(သတင်းစဉ်)

အခါတော်ရောက်ချိန် နီးလို့လာပြီလေ

ဒေါက်တာအောင်ကြီး

ပြာပုံထဲက မန္တလေး

ဒုတိယကမ္ဘာစစ်ကြီးက စည်ကားဝပြောသော "မန္တလေးရွှေမြို့ တို့ရတနာပုံနေပြည်" ကို နေ့ချင်းညချင်း ပြာပုံဘဝ ပို့လိုက်သည်။ ထိုအချိန် မန္တလေးကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသော ဆရာမြသန်းတင့်က ဈေးချိုဘက်ကနေ အရှေ့ဘက်ကို ကြည့်လိုက်ရင် အောင်ပင်လယ်ကန်ပေါင်ရိုးထိ တစ်မျှော်တစ်ခေါ်ကြီး မြင်ရကြောင်း ရေးသည်။ မျက်စိသိပ်မသန်လှသည့် ဆရာမြသန်းတင့်ကပင် သို့ကလိုပြောယူရသော မန္တလေးပေတကား။

၁၉၄၅ ခုနှစ် မတ်လအတွင်း ဗိုလ်မှူးကြီးဗထူး ဦးဆောင်သောတပ်များက မန္တလေးမြို့ကို သိမ်းသည်။ အနီးအနားမြို့ရွာများ၌ စစ်ဘေးရှောင်နေသော မန္တလေးသူ မန္တလေးသားများ ဒဏ်ရာဗရွတ်ထနေသော မြို့တော်ကြီးဆီ တဖွဲဖွဲပြန်ဝင်လာသည်။ ခြေနှင့်လက်သာမက ခါးပါကျိုးနေသော၊ အမည်းရောင်အမာရွတ်တွေ မွစာထနေသော၊ လေပူအလွှမ်းမှာ ပြာတွေဖွေးခနဲထခုန်နေသော မြို့တော်ကြီးကို သူတို့မြင်ရသည်။ ဘာလုပ်ရမလဲ။ ဘယ်ကစရမလဲ။ မီးပုံထဲက ပြန်ထလာသော ဖီးနစ်ငှက်ဆိုတာ စာထဲပေထဲမှာပဲ သူတို့တွေ့ခဲ့ဖူးသည်လေ။

အနုပညာ၏စွမ်းပကားကို ဒီအချိန် လှစ်ခနဲမြင်လိုက်ရသည်။ မျက်ရည်ခန်းခြောက်နေသော မန္တလေးသူ မန္တလေးသားတွေကို မင်းကွန်းရောက် အောမ်းဆရာညာက သီချင်းတစ်ပုဒ်နှင့် လှုပ်နှိုးလိုက်သည်။ သီချင်းက "ပြည်တော်ဝင်"။

ကျန်းမာကြရဲ့လားလို့ မြို့မမောင်တွေ

မြို့မအဖွဲ့သားတွေလည်း အများနည်းတူ စစ်ပြေးရသည်။ စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုး၊ မင်းကွန်းဒေသတစ်ဝိုက်က ချောင်တွေမှာ သွားရောက်ခိုလှုံရသည်။ သုံးနှစ် သုံးမိုး၊ အခု စစ်ကြီးပြီးသွားပြီ။ မန္တလေးပြန်ကြစို့ရဲ့။ နီးလျက်နှင့်ဝေးနေသော မန္တလေး။ "စစ်ကိုင်းမှာပဲ စိတ်ကစွဲနတ်ပြည်" လို့ ဆိုသော်ငြား တစ်ခါတလေမှာ ပြန်ချင်ဇော ရောက်ချင်ဇောနှင့် စိတ်စောခဲ့ရတဲ့ မန္တလေး။ ၁၉၄၅ ခုနှစ် မတ်လ ၂၃ ရက် (သောကြာနေ့)မှာ ပြည်တော်ဝင်ဖို့ သူတို့ဆုံးဖြတ်သည်။ မန္တလာညာခေါ် ဆရာညာ၏သီချင်းနှင့် ပြည်တော်ဝင်မည်။

အင်းဝတံတားကြီးမရှိတော့သဖြင့် သူတို့အဖွဲ့ ဧရာဝတီမြစ်ကို ကူးတို့နှင့် ကူးသည်။ စစ်သုံးလက်ကျန်ကားကြီးတစ်စီးရှာပြီး "မြို့မဗုဒ္ဓဝေယျာဝစ္စတူရိယာ အသင်းကြီး" ဟု နာမည်ထိုးသည်။ စစ်ကိုင်းမှ အမရပူရကိုဖြတ်ပြီး မန္တလေးသို့အလာ လမ်းမှာ တီးမှတ်သီဆိုလာသည့် သူတို့အဖွဲ့ကို လမ်းတစ်လျှောက်တွေ့ရသည့် ဘဝတူ ဒုက္ခသည်တွေက သောင်းသောင်းဖြဖြ အားပေးကြသည်ဆိုသည်။ မန္တလေးသည် သူတို့ဘဝ၊ သူတို့ဘဝသည် မန္တလေး. . . ဤမြို့တော်ကြီးကို သူတို့အားလုံး တက်ညီလက်ညီ ပြန်လည်ထူထောင်ကြမည်။

"ချစ်ခင်ကြတဲ့ အားလုံးမိတ်ဆွေ၊ နေ့တိုင်းပဲ သတိရတယ်လေ
ကျုပ်တို့မြို့မ အသင်းသားများတစ်တွေ၊
တောင်ရိုးတန်း စစ်ကိုင်းဘက်မှာနေ
ကျန်းမာကြရဲ့လားလို့ မြို့မမောင်တစ်တွေ ရွှေမန်းသူမေ မေးလိုက်သံတွေ
ကျန်းမာကြပါရဲ့လို့ မြို့မမောင်တစ်တွေ ရွှေမန်းသူမေ ပြောလိုက်ပါလေ
စစ်ကိုင်းမှာပဲ စိတ်ကစွဲ နတ်ပြည်။
တစ်ခါတလေတော့ မျှော်မှန်းတမ်းတ တတွေတွေ
ပြန်ချင်ဇောတွေ ရောက်ချင်ဇောနဲ့ စိတ်စောလို့သာနေ။"

သူရို့မြို့မမောင်တွေ စစ်ကိုင်းဘက် စစ်ခိုစဉ်ကာလ၊ ပြည်တော်ဝင်ဖို့ စိတ်စောနေစဉ်ကာလတွေမှာ "ကျန်းမာကြပါရဲလားရှင့်" ဟု တခုတ်တရ မေးဖော်ရတဲ့ ရွှေမန်းသူမေတွေကို စကားပြန်ဖို့ရာလည်း သူတို့မမေ့လျော့ခဲ့။

ကျဉ်းကျဉ်းကျပ်ကျပ် နေခဲ့ရသည့်နှစ်ကာလတွေမှာ "ဒီအခါတော်ရောက်ချိန်က" အမိပ္ပာယ်တစ်ခုနှင့် ပြည့်နှက်ပျော်ဝင်တောက်ပသွားခဲ့။ ဒီသံပြိုင်အပိုဒ်ရောက်ရင် သီချင်းမဆိုတတ်သူတွေပင် ပါးစပ်ကလေးတွေ လှုပ်လာတာတွေ့ရ။ ဆိုတတ်သူတွေက ဒီအပိုဒ်ကို ရင်ခေါင်းသံကြီးနှင့် ဆိုကြ။ ဒေါ်ဒေါ် မမ နှမ ချစ်မိတ်ဆွေတို့ရေ၊ ခင်ဗျားတို့နဲ့ ခေတ္တခဏ ခွဲနေရတာပါ။ သည်းခံကြပါ။ မကြာခင် ဇာတ်ပေါင်းခန်း ရောက်တော့မှာ။ အဲဒီအချိန်ကျရင်သာ မြို့မနဲ့အတူတကွ လိုက်ပါနိုင်ဖို့ အသင့်ပြင်ထားပေရော့။

မြို့မနဲ့အတူတကွ လိုက်ပါနိုင်စေ

သူတို့ပြည်တော်ဝင်တာ မတ်လ ၂၃ ရက်ဆိုတော့ ဧပြီလ ဒုတိယပတ်လောက်မှာကျတတ်သည့် မြန်မာနှစ်သစ်ကူးချိန်နှင့် ကပ်နေပြီ။ ဒါကြောင့် "အခါတော်ရောက်ချိန် နီးလို့လာပြီလေ" ဖြစ်သွားတာ။ ကျဉ်းကျဉ်းကျပ်ကျပ် နေခဲ့ရသည့်နှစ်ကာလတွေမှာ ဒီ "အခါတော်ရောက်ချိန်က" အမိပ္ပာယ်တစ်ခုနှင့်ပြည့်နှက်ပျော်ဝင်တောက်ပသွားခဲ့။ ဒီသံပြိုင်အပိုဒ်ရောက်ရင် သီချင်းမဆိုတတ်သူတွေပင် ပါးစပ်ကလေးတွေ လှုပ်လာတာတွေ့ရ။ ဆိုတတ်သူတွေက ဒီအပိုဒ်ကို ရင်ခေါင်းသံကြီးနှင့် ဆိုကြ။ ဒေါ်ဒေါ် မမ နှမ ချစ်မိတ်ဆွေတို့ရေ. . . ခင်ဗျားတို့နဲ့ ခေတ္တခဏ ခွဲနေရတာပါ။ သည်းခံကြပါ။ မကြာခင် ဇာတ်ပေါင်းခန်း ရောက်တော့မှာ။ အဲဒီအချိန်ကျရင်သာ မြို့မနဲ့အတူတကွ လိုက်ပါနိုင်ဖို့ အသင့်ပြင်ထားပေရော့။ မြို့မဆိုတာပြည်သူ၊ ပြည်သူဆိုတာ မြို့မ။

"အခါတော်ရောက်ချိန် နီးလို့လာပြီလေ
ဒေါ်ဒေါ် မမ နှမ တို့ရေ အသည်းစွဲ ချစ်မိတ်ဆွေ ခတ္တခွဲလို့နေ
မြို့မနဲ့ အတူတကွ လိုက်ပါနိုင်စေ
အောင်စည်ရွှမ်းသံ ကြားပြီထင့် ပြည်တော်ဝင်မယ်လေ။"

တက်ခေတ်လူငယ်များ အားအင်တောင့်တင်းစေ

တို့မန္တလေးရွှေပြည်ကြီးဆိုတာ ဟိုတုန်းက ဘယ်သို့ဘယ်ညာ တင့်တယ်ခဲ့တာ၊ သာယာခဲ့တာ၊ စည်ကားထွန်းပေါက်ခဲ့တာတွေ ပြောမနေနှင့်တော့။ တွေးမနေနှင့်တော့။ ပြီးခဲ့တာတွေ မေ့ပျောက်လိုက်တော့။ အခု အရေးကြီးတာက ရှေ့ဆက်ဘာလုပ်ကြမလဲ။ ဘာစီမံကိန်းတွေချမလဲ။ ဘယ်လိုထူထောင်မလဲ။ ငါတို့ဟာ လူတွေ၊ လူကြီးရင် ဘယ်သင်းခံနိုင်မလဲ။

ဆရာညာတို့အဖွဲ့က ဒီလိုစွမ်းရည်ရှိသော လူအုပ်စုကို မြင်သည်။ ဖြစ်ဆိုရင် ဖြစ်အောင်လုပ်မည့်သူတွေ။ တက်ခေတ်လူငယ်တွေ။ သို့ပေမယ့် အလုပ်ကြီးတွေ လုပ်သည်ဆိုတာနှင့် အရမ်းကာရော လေးလေးနက်နက်ကြီးလုပ်တာမျိုးလည်း မဖြစ်စေချင်။ ဒါကြောင့် အရင်လို ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး လုပ်စေချင်သတဲ့။ ဒဲ့အပြင် သင်းတို့တက်ခေတ်လူငယ်တွေကို အားအင်တောင့်တင်းစေချင်သတဲ့။ အားအင်တောင့်တင်းဖို့ဆိုတာ တစ်ဖက်က အင်အားကို မွေးမြူရသလို တစ်ဖက်ကလည်း အင်အားကို မဖြုန်းတီးဖို့၊ ချွေတာဖို့ လိုသေးသည်လေ။ အားအင်တောင့်တင်းသော တက်ခေတ်လူငယ်တွေသာ မြို့မနှင့် အတူတကွ လိုက်ပါနိုင်ပြီဆိုရင်ဖြင့် . . . ဒေါ်ဒေါ် မမ နှမတို့ရေ. . . ချစ်သောမိတ်ဆွေတို့ရေ. . . နာဆင်စမ်းပါ။ ဘာတဲ့။ "အောင်စည်ရွှမ်းသံကြားပြီထင့်၊ ပြည်တော်ဝင်မယ်လေ။"

"မန္တလေးဆို ရွှေမြို့ တို့ရတနာပုံနေပြည်
တင့်တယ်သာယာစည်ကား ဟိုတုန်းအခါကလေ
အဲဒါတွေ မတွေးနဲ့တော့
ရှေ့ဆက်ခါ စီမံကြစို့လေ။
မေ့မေ့ပျောက်ပျောက် အောက်မေ့လို့နေ
တိုက်တာအိမ်ခြေ စည်းစိမ်ရှင်တွေ
လူကြီးရင် မခံနိုင်ဘူး အထူးပင်မှတ်ကြပေ
အရင်လို ပျော်ပျော်ရွှင်ရွှင်နေ မြို့မအသင်းက ပြောမလေ
ဖြစ်ဟဲ့ဆို ဖြစ်ရမယ်တဲ့ တက်ခေတ်လူငယ်များ အားအင်တောင့်တင်းစေ။"

RBE လေအိတ်ရထား သင်္ကြန်ကာလပြေးဆွဲပေးသည့်အတွက် ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေ

မန္တလေး ဧပြီ ၁၁

သင်္ကြန်ပွဲတော် ရက်ရှည်ရုံးပိတ်ရက်အတွင်း ခရီးသွားများအတွက် မြန်မာ့မီးရထားမှ သင်္ကြန်အထူးရထားများအပြင် ရန်ကုန်-မန္တလေးခရီးစဉ်အတွက် တွဲဆိုင်းငါးဆိုင်းပါ RBE လေအိတ်ရထားဖြင့် ဧပြီ ၉ ရက်မှ စတင်တိုးချဲ့ပြေးဆွဲပေးသဖြင့် ခရီးသွားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ RBE ဖြင့် ပြေးဆွဲရာတွင် ဧပြီ ၉ ရက်မှ ၁၂ ရက်အထိနှင့် ၁၇ ရက်မှ ၁၈ ရက်တို့တွင် ရန်ကုန်နှင့် မန္တလေးဘူတာများမှ ညနေ ၃ နာရီခွဲတွင် ထွက်ခွာပေးမည်ဖြစ်၍ လက်မှတ်ခန့်နှုန်းထားမှာ ပထမတန်းဈေးနှုန်းဖြစ်သည့် ဒွေကျပ် ၅၈၀၀ ဖြင့် ရောင်းချခြင်းဖြစ်သည်။

မူဆယ်မှ ရန်ကုန်သို့ပြန်မည့် ကုန်သည် ဒေါ်ခင်မေအေးက "ရန်ကုန်ပြန်မှာဆိုတော့ ရထားလက်မှတ်အခက်အခဲဖြစ်မှာ စိုးရိမ်နေမိတာ။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် လေအိတ်ရထားပြေးဆွဲပေးလို့ အဆင်ပြေသွားတယ်။ လက်မှတ်ဝယ်ရတာလည်း လွယ်ပါတယ်။ ဒီလို ရထားမျိုး စီးရတာ သက်သောင့်သက်သာရှိတယ်။ ကားနဲ့သွားရအောင်ကလည်း လက်မှတ်တွေက ဘယ်မှာမှ ဝယ်လို့မရတော့ဘူး" ဟု ပြောသည်။

မြန်မာ့မီးရထားအနေဖြင့် ယခု ခရီးစဉ်အပြင် လိုအပ်ပါက RBE ရထားဖြင့်ပင် ထပ်မံတိုးချဲ့ပြေးဆွဲရန်တင်ပြပြီး စီစဉ်ပေးမည်ဖြစ်၍ ရထားလက်မှတ်ဝယ်ယူခြင်းနှင့် ပတ်သက်၍ မီးရထားဝန်ထမ်းများ၊ ၂၄ နာရီတာဝန်ထမ်းဆောင်နေသော ဒုရုံပိုင် ချုပ်ရုံးခန်းနှင့် လက်မှတ်ရုံများသို့ မေးမြန်းစုံစမ်းသင့်ကြောင်း သိရသည်။

"သင်္ကြန်မှာ ကိုယ့်နေရပ်ဖြစ်တဲ့ ရန်ကုန်ပြန်တော့ ကားလက်မှတ်လည်း ကြိုဝယ်မထားမိဘူး။ ဒါကြောင့် မန္တလေးဘူတာမှာ ရထားလက်မှတ်လာဝယ်တယ်။

"ဒီရထားကြောင့် ပြန်ရတာ အဆင်ပြေသွားတယ်။ အပြန်မှာလည်း ရထားနဲ့ပဲ သွားတော့မယ်" ဟု တော်ဝင်စံသူထိုက်ဆောက်လုပ်ရေးကုမ္ပဏီမှ ကြီးကြပ်ရေးဝန်ထမ်း ကိုတင်ဝင်းက ပြောသည်။

"ခရီးသွားတွေက ရထားဝန်ထမ်းတွေကို မေးမြန်းပါ။ အကူအညီပေးပါ့မယ်။ ဝန်ထမ်းမဟုတ်တဲ့တွေ့ရာလူကို မေးမြန်းကြတော့ မဖြစ်သင့်တာတွေကြုံတွေ့နိုင်ပါတယ်။ ဝန်ထမ်းတွေကို အားမနာဘဲ မေးမြန်းအကူအညီတောင်းပါလို့ ပြောချင်တယ်" ဟု မန္တလေးဘူတာကြီး ရုံပိုင်ချုပ် ဦးငြိမ်းမောင်က ပြောသည်။

ရန်ကုန်-မန္တလေးကြားရှိ တိုးကြောင်ကလေး၊ ပဲခူး၊ ပြွန်တန်ဆာ၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာတို့တွင် ရပ်နားမည်ဖြစ်ကာ တွဲဆိုင်းငါးဆိုင်းတွင် ခရီးသည် ၃၀၀ ခန့် ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ယခုနှစ်သင်္ကြန်တွင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ လေးနှစ်မြောက်အဖြစ် ဆက်လက်ပါဝင်ဖျော်ဖြေတင်ဆက်မည်

ရန်ကုန် ဧပြီ ၁၁

အစိုးရသစ်က ယခုနှစ်တွင် သင်္ကြန်သံချပ်အဖွဲ့များ လွတ်လပ်ပွင့်လင်းစွာ သံချပ်ထိုး ဖျော်ဖြေတင်ဆက်နိုင်သည်ဟု ထုတ်ဖော်ပြောဆိုမှုများအရ နိုင်ငံတစ်ဝန်းရှိ သံချပ်အဖွဲ့များ ဝမ်းမြောက်ကြည်နူးစွာ ကြိုဆိုမှုနှင့်အတူ လိုအပ်သည့် ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသံချပ်အဖွဲ့များအနက် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့သည်လည်း ယခုနှစ်တွင် လေးနှစ်မြောက်အဖြစ် ဆက်လက်ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဟု သိရသည်။

ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် ၈၈ မျိုးဆက် ကျောင်းသားများဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂက ဆက်လက်ဦးစီးကာ နှစ်စဉ်ဖျော်ဖြေတင်ဆက်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် ဖျော်ဖြေမည့် အကြောင်းအရာများ၌ လက်သန်းအားဖြင့် ပြည်သူ့အစိုးရ ပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံပြင်ဆင်ရေး၊ ငြိမ်းချမ်းရေးစသည်တို့ ပါဝင်မည်ဖြစ်ပြီး ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့အား လာရောက်ဖျော်ဖြေရန် ကမ်းလှမ်းဖိတ်ကြားထားသည့်နေရာ ၃၀ ကျော်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

သင်္ကြန်ရုံးပိတ်ရက်နှင့် အလှူအတန်းများကြောင့် စားသောက်ကုန်နှင့် ကုန်ခြောက်ပစ္စည်းများရောင်းအားကောင်း

ရန်ကုန် ဧပြီ ၁၁

သင်္ကြန်ရုံးပိတ်ရက်နှင့် အလှူအတန်းများကြောင့် စားသောက်ကုန်နှင့် ကုန်ခြောက်ပစ္စည်းများ ရောင်းအားပိုမိုကောင်းမွန်နေကြောင်း ရန်ကုန်မြို့ ညောင်ပင်လေးစျေးရှိ ကုန်စုံဆိုင်ကြီးများမှ သိရသည်။

"ဒီရက်ပိုင်းမှာ ရောင်းအားပိုကောင်းလာတယ်။ အလှူလုပ်မယ့်သူတွေရှိသလို သင်္ကြန်ရုံးပိတ်ရက်ကလည်း ရှည်တော့ စျေးဝယ်တဲ့သူတိုင်း တာရှည်ခံတဲ့ ကုန်ခြောက်ပစ္စည်းတွေကို အဓိကထားပြီးဝယ်ကြတယ်"ဟု အဆိုပါ စျေးမှ ကုန်ခြောက်ဆိုင်ရှင် ဒေါ်လှမြင့်က ပြောသည်။

ဧပြီ ၁၁ ရက်က ရန်ကုန်မြို့ ညောင်ပင်လေးစျေးရှိ ကုန်စုံဆိုင်တစ်ဆိုင်တွင် စျေးဝယ်သူများနှင့် စည်ကားနေသည်ကိုတွေ့ရစဉ်

သင်္ကြန်ကာလတွင် စားသောက်ကုန်တချို့ စျေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိသော်လည်း စျေးကြီးများအတွင်း စားသောက်ကုန်ပစ္စည်းများကို လက်လီ၊ လက်ကားရောင်းချသော ကုန်စုံဆိုင်ကြီးများ သာမက ရပ်ကွက်ငယ်များအတွင်း ဖွင့်လှစ်ရောင်းချနေသည့် ကုန်စုံဆိုင်ငယ်များတွင်လည်း အရောင်းအဝယ်သွက်လျက်ရှိသည်။

"လဆန်းပိုင်းလောက်ကစပြီး လက်မလည်အောင် ရောင်းအား ကောင်းနေတယ်။ နောက်ရက်ဆိုရင် စျေးတွေ ပိတ်မှာဆိုတော့ ဒီမနက်မှာ စတုဒိသာ လုပ်မယ့်သူတွေ လာဝယ်တာများတယ်။ ကြာဆံ၊ ခေါက်ဆွဲ၊ ပေါင်မုန့်နဲ့ အအေးပုလင်းတွေဆိုရင် ပစ္စည်းတောင်ပြတ်သွားတယ်" ဟု သုဝဏ္ဏမြို့နယ် (၁၉)ရပ်ကွက်ရှိ သုဝဏ္ဏစျေးမှ ကုန်စုံဆိုင်ပိုင်ရှင် ကိုအောင်ခိုင်က ဆိုသည်။

"သင်္ကြန်တွင်း စျေးပိတ်မှာဆိုတော့ ငါးပိ၊ ငါးခြောက်နဲ့ ကြာရှည်ခံတဲ့ အစားအသောက်တွေကို ပိုပြီးဝယ်ထားတယ်။ ဒီရက်ပိုင်းမှာ စျေးနည်းနည်းကြီးပေမယ့် ဝယ်ရတာပါပဲ"ဟု မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်နေသူ ဒေါ်ခင်ဇာဝင်းက ပြောသည်။

မဟာသင်္ကြန် ပွဲတော်ကာလသည် ရုံးပိတ်ရက်ရှည်ကြာမှုနှင့်အတူ အလှူအတန်းများ၊ ပျော်ပွဲရွှင်ပွဲများကြောင့် စားသောက်ကုန်များအပြင် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် သင်္ကြန်ကာလပေါ် အသုံးအဆောင်ပစ္စည်းများလည်း ရောင်းအားကောင်းနေကြောင်း သိရသည်။

သတင်း-ဇော်ကြီး (ပဏာမ)

ဓာတ်ပုံ - ခင်မောင်ထွေး

ကျောင်း

အလင်းရထားလာပြီ
တောကိုဖြတ်၍
မြစ်ကိုကူး၍
ဥမင်တွင်းဝင်၍
လွန်းထိုး၍
အလင်းနှင့်အတူ
ရထားလာပြီ...

အစိမ်းအဖြူကို
နှိပ်စက်ကလူ
မပြုနှင့်
မိုး
မည့်ဦးနှင့်
နေ
လေ
ဟေ့ မလာရ...
ဝ
ဝလေး
ဝိုင်းဝိုင်းရေး
ကလေးငယ်တို့အတွက်
အလင်းရထား
ဘူတာမှာ...

ကိုလေး(အင်းဝဂုဏ်ရည်)

သင်္ကြန်ရက်များထက် ရှေ့တစ်ရက်စောၗ လိုင်းကားများထွက်ရှိမှုနည်းပါး

ရန်ကုန် ဧပြီ ၁၁

သင်္ကြန်ကာလအတွင်း ခရီးသည်များ အခက်အခဲရှိလျှင် ဖုန်းနံပါတ် ၀၁-၅၀၀၆၅၁ သို့ ဆက်သွယ်ပါက လိုအပ်သောကူညီဖြေရှင်းမှုများ ပြုလုပ်ပေးသွားမည်ဟု မထသ (ဗဟို)မှ သိရသည်။

ရန်ကုန်မြို့တွင် နေ့စဉ် မထသလက်အောက်ရှိ ယာဉ်အစီးရေ ၄၀၀၀ ခန့်က နေ့စဉ် ခရီးသွားလာရေးအတွက် ဆောင်ရွက်လျက်ရှိသော်လည်း သင်္ကြန်ကာလအတွင်း၌ ယာဉ်လိုင်းကြီး ၁၄ လိုင်း၊ မီနီဘတ်(စ်)လိုင်း ၂၃လိုင်း၊ ဘီအမ်လိုင်း ၁၅ လိုင်း၊ ဒိုင်နာလိုင်း ၅၄ လိုင်း၊ စည်ပင်နယ်နိမိတ်အပြင်၌ ဟိုင်းလပ်လိုင်း ရှစ်လိုင်း၊ မိုက္ကရိုဘတ်(စ်)လိုင်း တစ်လိုင်းတို့မှ ယာဉ် အစီးရေ ၁၆၀၀ ကျော်ပြေးဆွဲပေးမည်ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက မီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

သို့သော် သင်္ကြန်ရက်များထက် စောၗ သင်္ကြန်အကြိုရက်မရောက်မီ ရှေ့တစ်ရက် ဧပြီ ၁၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ပိုင်းမှ အစပြုကာ လိုင်းကားများ သွားလာမှု ကျဲပါးလာခဲ့သည်။ ညနေ ၃ နာရီနောက်ပိုင်း ခရီးသည်များ လိုင်းကားစီးရန် နာရီဝက်ခန့် စောင့်ဆိုင်းနေရသည်ကို တွေ့ရသည်။

အောက်ကြည့်မြင်တိုင် လမ်းပေါ်ရှိ လိုင်းကားများကို အချိန်မှတ်ပေး၊ ပြောပေးနေသူတစ်ဦးက "အဓိပတိ(အဝါ)ဆို မွန်းတည့် ၁၂ နာရီမှာ နောက်ဆုံးကားလွှတ်ပြီး ဂိတ်ပိတ်တော့မယ်၊ ကျွန်တော် ပြန်တော့မယ်"ဟုပြောသည်။

ညနေ ၃ နာရီခန့်က (၆၂) လိုင်းမှ ယာဉ်နောက်လိုက်တစ်ဦးက "နံနက်ပိုင်းက ကားအပြည့်နီးပါး ထွက်ပါတယ်။ အခုကျွန်တော့်နောက်မှာ နှစ်စီးပဲရှိတော့တယ်" ဟု ပြောသည်။

၃၃ လိုင်း ကားလေးပေါ်တွင်လည်း ထိုင်ခုံပြည့်အောင်ပင် ခရီးသည်ပါရှိခြင်း မရှိသည်ကို တွေ့ရသည်။ ယာဉ်နောက်လိုက်က "အခု ရန်ကင်းကလာတာ ငွေကျပ် ၁၀၀၀၀ ပြည့်အောင်မရသေးဘူး" ဟု ဆိုသည်။

ယခုနှစ် သင်္ကြန်ရုံးပိတ်ရက်သည် ဧပြီ ၁၁ ရက်က စခဲ့ခြင်းဖြစ်သည်။ ဧပြီ ၉ ရက်နှင့် ၁၀ ရက်သည် စနေ၊ တနင်္ဂနွေခံသဖြင့် အစပြုပိတ်ရက်များ ဖြစ်ခဲ့သည်။ ရုံးပိတ်ရက်များ ဆက်တိုက်ဖြစ်ခဲ့မှုအပေါ် ခရီးသွားလာမှုနည်းပါးခဲ့ခြင်းဖြစ်သည်။ ထို့အတွက် လိုင်းကားများထွက်ရှိမှုမှာလည်း ဧပြီ ၁၁ ရက် ကတည်းကပင် လျော့လာခဲ့သည်။

ထမင်းစားချိန် နေ့လယ်ပိုင်းကစၗ လိုင်းကားများ ပြေးဆွဲမှုကျဲပါးလာခဲ့သည်။ ညနေ ၃ နာရီနောက်ပိုင်း အချိန်ကြာမြင့်စွာ ပြတ်တောက်မှုဖြစ်လာခဲ့သည်။

လိုင်းကားများ ခရီးသည်ရရှိမှုနှင့် မောင်းနှင်ရမှု ကိုက်ညီမှုမရှိတော့သည့်အတွက် အချို့သောယာဉ်လိုင်းများက ခေါက်ရေအပြည့်ပြေးဆွဲမှုကို လျှော့ချပြီး ကားသိမ်းလိုက်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ခရီးသွားပြည်သူများ သင်္ကြန်ရက်များထက်ပင် တစ်ရက်စောၗ လိုင်းကားဒုက္ခကို ခံစားခဲ့ကြရသည်။

သတင်း - ရွှေတိုင်သား

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု

ခရမ်းလွန်ရောင်ခြည် ကျရောက်မှုအမြင့်ဆုံး အညွှန်းကိန်းများမှာ နေပြည်တော်တွင် ၈ ဒသမ ၇၊ ရန်ကုန်မြို့တွင် ၇ ဒသမ ၈ နှင့် မန္တလေးမြို့တွင် ၈ ဒသမ ၈ တို့ဖြစ်ကြသည်။

(မိုး/ဧလ)

အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်ဆောင်ရွက်သွားမယ်

အမေးအရေး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၁

အစိုးသစ်တာဝန်ထမ်းဆောင်သည်မှာ ၁၀ ရက် ကျော်လာပြီဖြစ်သည်။ အစိုးရသစ်အပေါ် ပြည်သူများ မျှော်လင့်မှုက များသည်။ အစိုးရသစ်ဟာလည်း ရက်ပေါင်း ၁၀၀ အတွင်း တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်အောင် ကြိုးစားမည်ဟုဆိုထားသည်။ ယခုအချိန်၌ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးထားသဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစိုးရအဖွဲ့ကို ဦးဆောင်ကာ လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်ပြောင်းလဲမှုများဖြစ်ပေါ်စေရန် မည်သို့ဆောင်ရွက်မည်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြအပ်ပါသည်။

မေး ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေး တိုးတက်အောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ အသေးစားစီးပွားရေးလုပ်ငန်းတွေနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားမယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လျှပ်စစ်ဓာတ်အားရရှိရေးက အရေးကြီးတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ရှင်သန်အောင်ဆိုရင် ဘဏ်စနစ်ကလည်း အရေးကြီးပါတယ်။ ဘဏ်တွေက ငွေကြေးအရင်းအနှီးထုတ်ယူနိုင်ဖို့လည်း လိုအပ်တယ်။ နောက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်သွားမယ်။ စက်မှုလုပ်ငန်းတွေတိုးတက်နိုင်ရေး၊ စက်ရုံအလုပ်ရုံသစ်တွေ ထူထောင်နိုင်ရေး ကြိုးစားသွားရမှာဖြစ်သလို ထုတ်ကုန်တွေတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါ်ထွက်နိုင်မှာဖြစ်တယ်။ ကျွန်တော်တို့မှာ အခက်အခဲရှိတာက မြေတွေကိုကိုင်ထားကြပြီး လုပ်ငန်းတွေကြတော့မလုပ်နိုင်ဘူး။ အဟန့်အတားဖြစ်စေတာတွေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်မယ့် နိုင်ငံခြားအရင်းအနှီးတွေ ဖိတ်ခေါ်ပြီးတွေ့ဆုံမယ်။ ဆွေးနွေးပြီး ဆောင်ရွက်မယ်။ စက်မှုဇုန်တွေကိုလည်း ပြန်လည်စိစစ်မယ်။ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်တွေကိုလည်း ကြည့်ရမယ်။ အခြေခံအဆောက်အအုံတွေ ကောင်းမကောင်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ထိထိရောက်ရောက် ဆောင်ရွက်လို့ရအောင်လည်း ကြိုးစားသွားမယ်။ အလုပ်အကိုင်အခွင့်အလမ်းရအောင်လည်း လုပ်သွားမယ်။ ဒဲ့အပြင် အလုပ်သမားတွေရဲ့လုပ်ခက တစ်နေ့ အမေရိကန်ဒေါ်လာ သုံးဒေါ်လာခန့် ရှိပါတယ်။ အဲဒီလုပ်ခလစာကိုပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက မစွမ်းဆောင်နိုင်ဘူးဖြစ်နေတယ်။ အလုပ်ရှင်တွေကို အကျိုးအမြတ်ရှိစေချင်သလို အလုပ်သမားတွေကိုလည်း ထိုက်သင့်တဲ့ လုပ်ခရရှိစေချင်တယ်။ ဒါတွေကိုလည်း ဆောင်ရွက်သွားဖို့ရှိပါတယ်။

မေး ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မြို့သစ်စီမံကိန်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာလည်း သိချင်ပါတယ်။

ဖြေ ။ ဒီစီမံကိန်းတွေနဲ့ပတ်သက်ပြီး အတိတ်ကဆောင်ရွက်ခဲ့တာတွေက နည်းနည်းလွဲချော်မှုတွေရှိတယ်။ ဘယ်လိုလွဲချော်သလဲဆိုရင် ဖွံ့ဖြိုးရေးကော်မတီတွေနဲ့ သေသေချာချာ ညှိနှိုင်းပြီးလုပ်ခဲ့တာတော့ မဟုတ်ဘူး။ လယ်ကွက်တွေထဲမှာ ကန်သင်းပေါင်တွေမြင့်သလိုမျိုး လမ်းတွေပြုလုပ်ပြီး အကွက်ရိုက်နေထိုင်ကြ၊ လုပ်ငန်းလုပ်ကြဆိုသလိုမျိုး ဖြစ်တော့ ချွတ်ယွင်းမှုတွေ ရှိခဲ့တယ်။ ကျွန်တော်တို့ လုပ်ချင်တဲ့ ပုံသဏ္ဌာန်က စနစ်ကျတဲ့ စက်မှုဇုန်ပုံစံမျိုး၊ သီလဝါအထူးစီးပွားရေးဇုန် ပုံစံမျိုးဖြစ်ပါတယ်။ ပြည်ပက စီးပွားရေးလာလုပ်သူတွေက အခြေခံအဆောက်အအုံကောင်းတွေပေါ်မှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီး ဆက်ပြီးရှင်သန်သွားဖို့အကြောင်း ညီညွတ်သွားနိုင်တယ်။ အခုကျတော့ အခြေခံအဆောက်အအုံတွေကို အခုမှနောက်ကပြန်လိုက်လုပ်နေရသလိုမျိုးဖြစ်နေတော့ အချို့ကိစ္စတွေက ခက်ခဲနေပါတယ်။ ဒါကြောင့် စနစ်ကျတဲ့စက်မှုဇုန်လိုမျိုး၊ စနစ်ကျတဲ့ လူနေအိမ်ရာတွေမျိုး ဖြစ်စေချင်တယ်။ နေထိုင်တဲ့သူတွေအတွက်လည်း အဆင့်မီတဲ့ နေထိုင်မှုမျိုးဖြစ်စေလိုပါတယ်။ ဒါကြောင့် ရှေ့ဆက်လုပ်မယ့် စီမံကိန်းတွေကို စနစ်တကျနဲ့ဆောင်ရွက်ဖို့ စီစဉ်မှာ ဖြစ်ပါတယ်။ တစ်ခုစိတ်ပူတာရှိတယ်။ ရင်းနှီးမြှုပ်နှံမှု သိပ်မလာဘူး။ မြေကစားတာမျိုးဆိုရင်တော့ မြေဈေးတွေသာ ကမောက်ကမ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် လာရောက်ရင်းနှီးမြှုပ်နှံတဲ့သူတွေက ဘယ်လောက်ရင်းနှီးမြှုပ်နှံတာကိုထည့်ဝင်ပြီးမှ ဘယ်လောက်ကို လုပ်ပိုင်ခွင့်ပေးမယ်ဆိုတာမျိုးတွေ သတ်မှတ်မယ်။ ဒါမှ ဆိုင်းဘုတ်ကြီးတွေသာရှိပြီး လယ်ကွင်းတွေသာရှိနေတဲ့အဖြစ်မျိုး မကြုံရမှာပါ။ ဒါတွေ ဂရုစိုက်ပြီးလုပ်ရမှာပါ။ ထူထောင်ပြီးသား မြို့သစ်တွေဖြစ်တဲ့ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်စတာတွေနဲ့ပတ်သက်လို့ကတော့ လမ်းစနစ်တွေ၊ လျှပ်စစ်မီးနဲ့အခြေခံအဆောက်အအုံတွေ တိုးတက်ကောင်းမွန်အောင် အတွက် ဘတ်ဂျက်ကတော့နည်းပါတယ်။ ဒါပေမယ့် ဝင်ငွေရအောင်ရှာမယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမယ်။

မေး ။ ဝန်ကြီးချုပ်တို့အတွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့အခါမှာ အဓိကစိန်ခေါ်မှုက ဘာတွေဖြစ်မလဲဆိုတာ သိလိုပါတယ်။

ဖြေ ။ ရန်ကုန်က စီးပွားရေးအချက်အချာကျတဲ့နေရာ ဖြစ်ပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေလည်း အများကြီးရှိပါတယ်။ စီးပွားရေးပိတ်ဆို့ခံထားရသူတွေရှိတယ်။ ခရိုနီတွေလည်း ရှိတယ်ပေါ့။ ဒီလုပ်ငန်းရှင်တွေကလည်း ကျွန်တော်တို့ကို ချဉ်းကပ်ပြီး လုပ်ငန်းဆောင်ရွက်မယ်ဆိုတဲ့အတွေးမျိုးနဲ့ ဒီဘက်ခေတ်မှာ ဆောင်ရွက်လို့တော့ မရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ကတွေ့ဆုံပြီး နိုင်ငံတကာကုမ္ဗဏီတွေလိုမျိုး မြှင့်တင်နိုင်ဖို့ဆွေးနွေးမယ်။ အများပိုင်းကုမ္ဗဏီတွေအဖြစ် ကြိုးစားဆောင်ရွက်ဖို့ တိုက်တွန်းမယ်။ ရှယ်ယာတွေ ရောင်းနိုင်အောင်လည်း လုပ်နိုင်ရမယ်။ စီမံခန့်ခွဲရေးတွေမှာ ပညာတတ် လူငယ်တွေအများကြီးရှိပါတယ်။ အရင်အချိန်က အစိုးရဆီက အခွင့်အရေးရပြီး စီးပွားရေးလုပ်တဲ့ပုံစံမျိုးတော့မဟုတ်ဘူး။ ယှဉ်ပြိုင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမျိုး ဖြစ်ပါတယ်။ ဒီအခြေခံကို သူတို့ဘက်ကလည်း ပြောင်းလဲဖို့လိုတယ်။ ကျွန်တော်တို့ကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ခေါ်ယူလိုက်ချိန်မှာ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ လည်း ပေါင်းစပ်လုပ်ကိုင်နိုင်ဖို့ ဆောင်ရွက်မှာပါ။ ဒါက ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ဒါမှအလုပ်သမားပြဿနာ၊ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်မှာပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေရှာပေးနိုင်ရင် သူနဲ့ဆက်စပ်တဲ့ကိစ္စရပ်တွေလည်း ဖြေရှင်းနိုင်ပါလိမ့်မယ်။ လမ်းဘေးစျေးသည်တွေ၊ ခိုးကူးခွေကိစ္စတွေ ဒါတွေက အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် ပြည်တွင်းလုပ်ငန်းရှင်တွေကလည်း အစိုးရက နိုင်ငံသူနိုင်ငံသားတွေကို ကာကွယ်ပေးပါ၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ပေးပါလို့ဆိုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်သလိုမျိုးရှိပါတယ်။ ဒီလိုစိန်ခေါ်မှုတွေရှိလို့ ကျွန်တော်ချိန်ဆပြီး ဆောင်ရွက်ဖို့ကြိုးစားနေပါတယ်။

မေး ။ ရန်ကုန်မြို့တွင်းမှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေတာ အရင်အစိုးရလက်ထက်ကလည်းဖြေရှင်းခဲ့ပေမယ့် ထိရောက်မှုနည်းခဲ့ပါတယ်။ လက်ရှိအနေအထားမှာ ဝန်ကြီးချုပ်တို့ ဘယ်လိုနည်းလမ်းနဲ့ ဖြေရှင်းသွားမလဲဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ ဒါက ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ လတ်တလောဖြေရှင်းရမယ့် အရေးကြီးပြဿနာတစ်ရပ်ပါ။ ဒါနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ဒီကိစ္စနဲ့ပတ်သက်လို့ အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ ဒီလိုယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာနဲ့ပတ်သက်ပြီး အယူအဆတွေက အများကြီးတက်လာပါတယ်။ ဒီအပေါ်မှာ Master Plan တစ်ခုကို ကျွန်တော်တို့လုပ်ရပါမယ်။ ယာဉ်ကြောပြဿနာက လမ်းတွေပေါ်မှာ ကားပါကင်ထိုးပြီး ရပ်ထားတာတွေ၊ လမ်းဘေးစျေးသည်တွေ၊ ကုန်တင်ကားတွေ ဝင်ထွက်တဲ့အခြေအနေတွေ၊ မီးပွိုင့်စနစ်တွေ စတဲ့အပေါ်မှာချိန်ညှိပြီး ဆောင်ရွက်ရမယ့် အနေအထားဖြစ်ပါတယ်။ နောက်ပြီး လမ်းတွေကို ပြုပြင်ထားပေမယ့် လမ်းတွေအပေါ် ဓာတ်တိုင်တွေ ရောက်နေတာတွေလည်း ရှိနေပြန်ပါတယ်။ ဒါကြောင့် တစ်ခုတည်း လုပ်လို့မရပါဘူး။ ဌာနပေါင်းစုံက ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စည်ပင်သာယာလုပ်ရမယ့် ကိစ္စတွေရှိတယ်။ လမ်းပန်းဆက်သွယ်ရေးက လုပ်ရမယ့် ကိစ္စတွေလည်းရှိပါတယ်။ စည်းကမ်းထိန်းသိမ်းရေးအပိုင်းကလုပ်ရမယ့် လုပ်ငန်းတွေရှိတယ်။ လူတွေကို အသိပညာပေးရမယ့် အပိုင်းတွေလည်းရှိတယ်။ ဒါနဲ့ပတ်သက်ပြီး အစီအစဉ်ရေးဆွဲပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်၍ အရင်က အလုပ်ရုံဆွေးနွေးပွဲတွေ နိုင်ငံခြားမှာ သွားရောက်လေ့လာခဲ့တာတွေ ကျွန်တော်တို့မှာရှိလို့ အချက်အလက်တွေစုံစုံလင်လင်ရှိတယ်။ ဒါတွေကို ကျွန်တော်တို့ အစိုးရအဖွဲ့က တာဝန်ခံ၊ တာဝန်ယူပြီးလုပ်မယ်။ ပညာရှင်တွေရဲ့အကြံပြုချက်တွေကိုလည်း ယူမယ်။ ပြီးရင် ကျွန်တော်တို့ ရန်ကုန်မြို့နဲ့ သင့်လျော်ကိုက်ညီမယ့် နည်းလမ်းတွေကို ဆောင်ရွက်သွားမယ်။ ဆောင်ရွက်တဲ့အခါမှာ အစဉ်အဆက်က ကော်မတီတွေဖွဲ့ပြီးလုပ်ခဲ့တယ်။ အဲဒီကော်မတီတွေမှာလုပ်ခဲ့တဲ့ သူတွေက သူတို့မှာ ဌာနဆိုင်ရာတာဝန်တွေ အသီးသီးရှိကြတယ်။ ဒီတာဝန်ကို အချိန်ပြည့်မလုပ်ပေးနိုင်ဘူး၊ အချိန်ပိုင်းပဲ လုပ်ပေးနိုင်တာဆိုတော့ ယာဉ်ကြောပိတ်ဆို့တာက နေ့ခင်းအချိန် အတော်များများဖြစ်နေတာ အချိန်ယူ ဖြေရှင်းမှုရမယ်။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့ တစ်ဖွဲ့

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

ထူထောင်ပါတယ်။ ဒီအဖွဲ့က ရန်ကုန်တစ်မြို့လုံးကို ထိန်းညှိပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြီးတော့ မြို့နယ်တိုင်းမှာဖြစ်ပေါ်နေတဲ့ ယာဉ်ကြောပိတ်ဆို့မှု အခြေအနေတွေကို မြို့နယ်ယန္တရားကနေပြီး ကူညီဆောင်ရွက်ဖို့ ညှိနှိုင်းထားပါတယ်။ ဒီလိုနည်းလမ်းနဲ့ အဖြေရှာသွားပါ့မယ်။ ဒါကြောင့် ကျွန်တော်တို့ အချိန်နည်းနည်းတော့ ပေးရပါလိမ့်မယ်။ ဒီလိုကော်မတီဖွဲ့ပြီး ဌာနပေါင်းစုံပါဝင်နိုင်ဖို့ စတင်ပါ့မယ်။ ပြီးရင် ဘတ်စ်ကားယာဉ်လိုင်းတွေကို ဘယ်လိုပုံစံထားမယ်ဆိုတာ၊ လမ်းတွေဘယ်လိုပြင်မယ်ဆိုတဲ့ အပိုင်းတွေ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပြီး နောက်ဆုံးမှာ အကောင်ထည်ဖော်ဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

မေး ။ ရန်ကုန်မြို့တွင်းမှာ ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေမှာ အဆင့်မမီတော့တဲ့ ယာဉ်တွေနဲ့ ယာဉ်လုပ်သားတွေရဲ့ ဆက်ဆံရေးရိုင်းပြမှုအပေါ်မှာ တွေရော ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာလည်း ဖြေကြားပေးစေလိုပါတယ်။

ဖြေ ။ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအပိုင်းမှာ သြဇာသက်ရောက်မှုနည်းနေတာတွေ့ရပါတယ်။ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေက ပိုင်ရှင်မဟုတ်ဘူး၊ ဝန်ထမ်းတွေလည်းမဟုတ်ဘူး၊ ကားတစ်စီးချင်းက မထသ ယာဉ်လိုင်းအောက်မှာ လာဝင်ပြီး ပြေးဆွဲကြတဲ့အတွက် အချို့ကားပိုင်ရှင်တွေကလည်း ကားတွေပြေးဆွဲစေတဲ့အခါ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေကိုပဲ အပ်ထားတာ။ ပုတ်ပြတ်နှုန်းနဲ့အပ်ထားတာပါ။ အဲဒီတော့ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကလည်း ငွေတန်ဖိုးကျေအောင် အလုအယက်မောင်းနှင်၊ ရပ်ထားလုပ်ကြတာ။ ဒါတွေကို ကောင်းအောင် ဆောင်ရွက်မယ်ဆိုရင် ယာဉ်တွေ ပေါင်းစည်းပြီး အများပိုင်ကုမ္ဗဏီလိုအရာမျိုးတွေ အကောင်ထည်ဖော်ရေး ညှိနှိုင်းဖို့လည်းရှိပါတယ်။ ကားတွေရဲ့ အရည်အသွေးကိုမြှင့်နိုင်ဖို့၊ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေ ဆက်ဆံရေးကောင်းမွန်ဖို့ဆိုတာကလည်း ယာဉ်ကြောပိတ်ဆို့မှု လျော့ကျရေးအတွက် လုပ်ငန်းခွဲတစ်ခုအနေနဲ့ ပါဝင်သွားမှာဖြစ်ပါတယ်” ဟု တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ပြောကြားသည်။

(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

အဆိုပါနိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲတွင် ZONE 4 (Introducing Myanmar LETHWEI) အစီအစဉ်မှာ အထူးမိန်းဖိုက်များအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ပါဝင်မှာဖြစ်ပြီး ရိုးရာစည်းမျဉ်းစနစ်အတိုင်း အပြည့်အဝယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဗလာလက်သီး၊ ခေါင်းတိုက်အပါအဝင် မတ်တတ်ရပ်သရွေ့ တစ်ကိုယ်လုံးကြိုက်သည့် နည်းစနစ်သုံးကာ တိုက်ခိုက်ယှဉ်ပြိုင်နိုင်သည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ထည့်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အဓိကဖိုက်တာများအဖြစ် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့သတ္တိကလပ်မှ ဒုတိယတန်းလက်ဝှေ့ကျော် စောဂေါ်မူဒိုနှင့် ဘိလပ်မြေစက်ရုံ ရိုးရာလက်ဝှေ့ကလပ်မှ ဉာဏ်လင်းအောင်တို့ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

“အခုလာမယ့် မေလ ၁ ရက်မှာ ကျင်းပမယ့် ဂျပန်နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲမှာ မြန်မာ့ရိုးရာလက်ဝှေ့ကို အဓိကပွဲစဉ်များအဖြစ် ထည့်သွင်းထားပါတယ်။ ဂျပန်ရဲ့ အနိုင်မခံအရှုံးမပေး ဆာမူရိုင်းစိတ်ဓာတ်မျိုးနဲ့ပြန်ပြီး စိန်ခေါ် ယှဉ်ပြိုင်တဲ့သဘောပါ။ ပြီးခဲ့တဲ့လတုန်းက မြန်မာနိုင်ငံကို သူတို့ဆီက တွဲဆိုင်း နှစ်ဆိုင်းလာရောက်ယှဉ်ပြိုင်ထိုးသတ်တယ်။ အဲဒီတုန်းက ဂေါ်မူဒိုနဲ့ပွဲရော သပြေညိုနဲ့ပွဲပါ သူတို့ဘက်က အလဲထိုးနဲ့ရှုံးခဲ့ပြီး ကျွန်တော်တို့ရဲ့ ရိုးရာလက်ဝှေ့ကို စိတ်အာရုံပိုကျသွားတဲ့ သဘောတွေ့ရတယ်။ ဒါကြောင့် အခု ယိုကိုဟားမားမြို့ Yokohama Cultural Gymnasium အားကစားရုံကြီးမှာ ကျင်းပမယ့် နိုင်ငံတကာပွဲမှာ မြန်မာ့ရိုးရာလက်ဝှေ့ကို အဓိကတွဲဆိုင်းများအဖြစ် ကျင်းပသွားဖို့ သူတို့စီစဉ်ကြတာဖြစ်ပါတယ်” ဟု မြန်မာ့ရိုးရာလက်ဝှေ့သတ္တိကလပ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ သတ္တိရိုးရာလက်ဝှေ့ကလပ်မှ စောဂေါ်မူဒိုသည် ၇၂ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ကာ ပြိုင်ဘက်မှာ ဂျပန်နိုင်ငံသား လက်ဝှေ့ကျော် Ploytaksin Nor Naksin နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ တစ်ဖန် ဘိလပ်မြေစက်ရုံရိုးရာလက်ဝှေ့ကလပ်မှ ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်မည့် ဉာဏ်လင်းအောင်သည် ပြီးခဲ့သည့်မတ်လက မြန်မာနိုင်ငံသား လက်ဝှေ့ကျော် သပြေညိုနှင့် လာရောက်ယှဉ်ပြိုင်ထိုးသတ်ကာ ပထမအချီမှာပင် အလဲထိုးဖြင့် ရှုံးခဲ့သော ၆၄ ကီလိုဝိတ်တန်းမှ ဂျပန်လက်ဝှေ့ကျော် Daiki Kaneko နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

ယခု မေ ၁ ရက်တွင် ကျင်းပမည့် နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲသည် ဂျပန်နိုင်ငံအနေဖြင့် လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲ ပိုစတာကြော်ငြာကိုပင် မြန်မာနိုင်ငံ၏ ရိုးရာလက်ဝှေ့ပွဲစဉ်များကို အဓိကပွဲစဉ်များအဖြစ် ထည့်သွင်းကြော်ငြာထားကြောင်း သိရသည်။

မြို့မအသင်းကြီးက ယခုနှစ်တွင် သင်္ကြန်သီချင်းအသစ်များဖြင့် ဖျော်ဖြေသွားမည်

မန္တလေး ဧပြီ ၁၁

ယခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် မြို့မအသင်းကြီးက ကိုယ်တိုင်ရေးစပ်ထားသည့် သင်္ကြန်သီချင်းအသစ် ၁၀ ပုဒ်ဖြင့် မြို့လုံးအနှံ့လှည့်လည်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြို့မအသင်းကြီးနှင့် အတူ ဧည့်သည်အဆိုတော်များဖြစ်သည့် ဖိုးသောကြာ၊ ဝိုင်းလမင်းအောင်၊ မေသက်ထားဆွေတို့က ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောသည်။

"ကျွန်တော်တို့ အသင်းကြီးက ဒီနှစ်ဆိုရင် မန်းသင်္ကြန်ဖျော်ဖြေမှုက (၂၁)ကြိမ်တိုင်ရှိခဲ့ပါပြီ။ ဒါကြောင့် မန်းသင်္ကြန်ရဲ့ ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းတဲ့ အနေနဲ့ အရှိန်အဟုန်မြင့်ပြီး ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်မှာ ကျွန်တော်တို့အသင်းကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက ငွေကျပ်သိန်း ၅၀ နဲ့အတူ မီးစက်တင်တဲ့ယာဉ်တစ်စီးကို ကူညီပေးပါတယ်"ဟု ၎င်းက ပြောသည်။

သင်္ကြန်တွင်း ဖျော်ဖြေပေးမည့် သင်္ကြန်သီချင်းအသစ် ၁၀ ပုဒ်မှာ မြို့မ၏တေးရေးဆရာများ ဖြစ်ကြသည့် ဆရာပေါ်ဦးရွှန်းမြင့်၊ ဦးရဲထွေး၊ ဦးသန်းမောင်ဝင်းနှင့် ဦးမောင်စိန်တို့က တစ်ဦးလျှင် နှစ်ပုဒ်နှုန်းဖြင့် ရေးစပ်ပေးထားသည့် သီချင်းများ ဖြစ်သည်။

ယခုနှစ်သင်္ကြန်အတွက် အလှပြယာဉ်တည်ဆောက်မှုအပိုင်းတွင်လည်း ယခင်နှစ်များအတိုင်း ပြင်ဆင်တည်ဆောက်ထားပြီး မီးတပ်ဆင်မှု အပိုင်းတွင် မှတ်တမ်းဓာတ်ပုံရိုက်ကူးသူများ အဆင်ပြေစေရန်အတွက် LED မီးစနစ်အစား ၂၀ ဝပ် မီးသီးများအသုံးပြု တပ်ဆင်သွားမည်ဖြစ်သည်။

သင်္ကြန်တွင်း ဖျော်ဖြေမှုများ အနေဖြင့် သင်္ကြန်အကြိုနံနက်ပိုင်းတွင် မဟာမုနိဘုရားကြီးသို့ ငွေငန်းဖြူ အလှပြယာဉ်ဖြင့် ဦးတိုက်ကန်တော့ပြီး ညနေပိုင်းတွင် မြို့တော်မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားသို့ အလှပြယာဉ်များကို ရှေ့ဆုံးမှ ဦးဆောင်၍ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကာ ညပိုင်းတွင် နန်းရှေ့မှ ဖိတ်ကြားထားသူများအား သွားရောက်ဖျော်ဖြေပေးသွားမည် ဖြစ်သည်။ သင်္ကြန်အကျနေ့မှ အတက်နေ့အထိ မြို့လုံးအနှံ့ အလှည့်ကျညဉ့်နက်သည်အထိ လှည့်လည်ဖျော်ဖြေပေးသွား မည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စားပြီး ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထရော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပိုရှိစီးခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

အယ်နီညိုရာသီဥတုဒဏ်ကြောင့် ရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေလျှောဒါန်း

သရက် ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ရွာတွင် အယ်နီညိုရာသီဥတုဒဏ်ကြောင့် ရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေလျှောဒါန်းလျက်ရှိရာ ဧပြီ ၈ ရက် နံနက် ၁၁ နာရီက ရေဂါလန် ၁၂၀၀ ပေးဝေလျှောဒါန်းခြင်းကို အဆိုပါကျေးရွာ ဦးထင်အောင်လင်းနှင့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းထိုက်တို့က ခွေရာသီ ရေပြတ်လပ်မှုမရှိစေရန် ရေသုံးစွဲမှုအခြေအနေနှင့် ရေအနီးဆုံးရယူနိုင်သည့် နည်းလမ်းများကို မိုးဦးမကျမီအထိ ရေအခက်အခဲမရှိစေရေး ရေအသုံးပြုမှုစနစ်တကျသုံးစွဲဆောင်ရွက်ရန် ဆွေးနွေးပေးခဲ့ပြီး ခရိုင်မီးသတ် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေယာဉ်ဖြင့် အိမ်ခြေ ၁၀၀ ကျော်အား ရေပေးဝေလျှောဒါန်းပေးခဲ့ကြောင်း သိရသည်။

ဓော်ထက်(သရက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ဘားအံ ဧပြီ ၁၁

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲကို ဧပြီ ၉ ရက်က ယွန်စလင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဖာပွန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ဒေသဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့သည်။ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ ကျေးရွာကျန်းမာရေးဆေးပေးခန်း၊ မီးစက်ကြီးဖြင့် မြို့တွင်းလျှပ်စစ်မီးပေးဝေရေးတွင် အချိန်တိုး၍ရရှိစေရေး၊ ကျေးရွာချင်းဆက်လမ်းများနှင့် သောက်သုံးရေရရှိရေးအတွက် လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖာပွန်မြို့ခုတင် ၁၀၀ ဆံ့ ဆေးရုံနှင့် ကမမောင်းမြို့ ကတိုင်တိကျေးရွာ ၁၆ ခုတင်ဆံ့ ဆေးရုံတို့တွင် တက်ရောက်ကုသမှုခံယူနေသော လူနာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ကျပ်သိန်း ၁၀၀ ကျော် တိုက်ရိုက်သောက်ရေသန့်စက်ကိုးလုံးလျှောဒါန်း

မန္တလေး ဧပြီ ၁၁

နိုင်ငံတကာတွင် ရေပန်းစားနေသော RO စိမ့်ဝင်ခြင်းနည်းပညာနှင့် UF ရေစစ်နည်းပညာ အသုံးပြုထားသော ငွေကျပ်သိန်း ၁၀၀ ကျော်တန် တိုက်ရိုက်သုံးသောက်ရေသန့်စက် လျှောဒါန်းခြင်းကို ဧပြီ ၁၁ နံနက် ၁၀ နာရီက မန္တလေးတက္ကသိုလ်မိန်းရှေ့၌ ကျင်းပရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ် Mr.Wang Yu တို့က ရေသန့်စက်အား ဖွင့်လှစ်ပေးခဲ့သည်။

"မေတ္တာရေသန့်စင်" အစီအစဉ်ကို မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် တရုတ်ပြည်ပရဟိတအသင်း ချုပ်ဆက်သွယ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့က ရေသန့်စင်စက်ကြီးခုနစ်လုံး၊ တရုတ်ပြည်ပရဟိတအသင်းတရုတ်ရေနံပိုက်လိုင်းကော်ပိုရေးရှင်းမှ နှစ်လုံးလျှောဒါန်းခဲ့သည်။

ရေအတွင်းစိမ့်မှုအရာများ ရေညိုများ၊ ရောဂါပိုးမွှားများ သတ္တုများအပြင် အညစ်အကြေးများအားလုံးကို ဖယ်ထုတ်နိုင်စွမ်းရှိသော ရေသန့်စက်ကြီးကို မန်းတက္ကသိုလ်တွင် နှစ်လုံး၊ မန်းဆေးတက္ကသိုလ်တွင် တစ်လုံး၊ မန်းတိုင်းရင်းဆေးတက္ကသိုလ်တွင် တစ်လုံး၊ မန္တလေးဘုရားကြီးတွင်တစ်လုံး၊ မန်းသတ္တဌာနတွင် တစ်လုံးနှင့် ကျောက်ပန်းတောင်းရှိ အလယ်တန်း၊ အထက်တန်းကျောင်းတို့တွင် သုံးလုံးလျှောဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ထူး(မန္တလေး)

မိမိကိုယ်ကို ရှာဖွေကြပါစို့

မိမိုးအေး(ဘားအံတက္ကသိုလ်)

"သူငယ်တို့ မိန်းမကိုရှာခြင်း၊ မိမိကိုယ်ကိုရှာခြင်းတို့တွင် အဘယ်ရှာခြင်းသည် သင်တို့အတွက် မြတ်သနည်း" "အရှင်ဘုရား မိမိကိုယ်ကိုရှာခြင်းသည် သာလျှင် ကျွန်ုပ်တို့အတွက် မြတ်ပါသည်"

ဤကား ဥရုဝေလတောဌ ဗုဒ္ဓနှင့် ဘဒ္ဒဝဂ္ဂိညီနောင်သုံးဆယ်တို့ အပြန်အလှန်ပြောခဲ့ကြသော စကားများဖြစ်ပြီး ဝိနယမဟာဝဂ္ဂရှိ ဘဒ္ဒဝဂ္ဂိယဝတ္ထုတွင် ပါရှိပါသည်။ ဇာတ်လမ်းအကျဉ်းကို အနည်းငယ်ဖော်ပြလိုပါသည်။

ရုပ်အဆင်းစိတ်အားဖြင့် ကောင်းမြတ်ကြသော မင်းသားသုံးဆယ်တို့သည် ၎င်းတို့၏ဇနီးမယားတို့နှင့်အတူ ဥရုဝေလတောသို့ ပျော်ပွဲစားထွက်လာကြသည်။ ဇနီးမယားမရှိသော သူငယ်ချင်းအတွက် ပြည့်တန်ဆာမတစ်ဦးကို ခေါ်ဆောင်လာခဲ့ကြသည်။ ထိုပြည့်တန်ဆာမသည် မင်းသားတို့ ပျော်ပါးနေကြစဉ် ပစ္စည်းတို့ကို ခိုးယူထွက်ပြေးလေသည်။ မင်းသားတို့လည်း ထိုမိန်းမအား တောထဲ၌လှည့်လည်ရှာဖွေကြစဉ် ဘုရားရှင်နှင့် တွေ့ကြသည်။ ဘုရားရှင်အား မိန်းမတစ်ယောက်ကို မြင်မိပါသလားဟုမေးမြန်းရာ ဘုရားရှင်က မင်းသားတို့အား မိန်းမကိုရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်း မည်သည်က မြတ်သနည်းဟုမေးရာ မင်းသားတို့က မိမိကိုယ်ကိုရှာဖွေခြင်းက မြတ်ကြောင်း ဖြေဆိုကြပါသည်။

ထိုအခါ ဘုရားရှင်က မင်းသားတို့အား ဒါန သီလ နတ်ပြည်တို့နှင့် စပ်သောစကား၊ ကာမဂုဏ်တို့၏ အပြစ်၊ ယုတ်ညံ့ခြင်း၊ ညစ်ညူးခြင်းနှင့် ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းအကျိုးတရားတို့ကို အစဉ်အတိုင်း ဟောတော်မူသည်။ ထိုအခါ မင်းသားတို့တွင် နူးညံ့တက်ကြွ ယုံကြည်သော စိတ်ရှိလာ၍ ဘုရားရှင်က ကိုယ်တိုင်သိမြင်ထားသော သစ္စာလေးပါးကို ဟောတော်မူပါသည်။ ၎င်းတို့သည် တရား၏အဆုံး၌ ဘုရားရှင်ထံ ရဟန်းအဖြစ်တောင်းခံကြပြီး ရဟန်းအဖြစ် ရတော်မူကြပါသည်။

ဤဝတ္ထု၌ ဘုရားရှင်က ရှာဖွေခြင်းနှစ်ခုအနက် မည်သည့်ရှာဖွေခြင်းက မြတ်သနည်းဟု မေးမြန်းခဲ့ပါသည်။ မင်းသားတို့ကလည်း မိမိကိုယ်ကို ရှာဖွေခြင်းက မြတ်ကြောင်း ဖြေဆိုခဲ့ပါသည်။ ဘုရားရှင်၏ စကားတစ်ခွန်းတည်းဖြင့် မင်းသားတို့ အကျွတ်တရားရရှိခဲ့သည်။ အမြင်မှန်ရရှိခဲ့သည်။ မိမိကိုယ်ကိုသာရှာဖွေရန်၊ ဆန်းစစ်ရန်၊ အကဲဖြတ်ရန် အဓိကလိုအပ်ကြောင်း ဗုဒ္ဓက ညွှန်ပြထားပါသည်။ မိမိအတွက် တာဝန်ရှိသူမှာ မိမိသာဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ဗုဒ္ဓက တခြားသူများ၏အပြစ်ကိုမကြည့်ရန်လည်း ညွှန်ပြခဲ့ပါသည်။

များသောအားဖြင့် လူတို့၏သဘာဝမှာ မိမိအကြောင်းထက် သူတစ်ပါး၏ အကြောင်းကိုပို၍ စိတ်ဝင်စားကြသည်။ ဝေဖန်တတ်ကြသည်။ ထို့ကြောင့် ဗုဒ္ဓက 'အတ္တနောဝ အဝေက္ခေယျ။ ကတာနိ အကတာနိ-မိမိ၏ကောင်းမှု မကောင်းမှု ပြုမပြုကိုသာဆင်ခြင်ရာ၏' ဟု မိမိအကြောင်းကို မိမိစဉ်းစားဆင်ခြင်ရန် ဓမ္မပဒတွင်လည်း ဟောကြားထားပါသည်။ မိမိ၏အပြစ် မည်မျှကြီးပါစေ မသိမမြင်တတ်သည်မှာ လူတို့၏သဘောပင်ဖြစ်ပါသည်။ ယေဘုယ္ယအားဖြင့် လူတို့သည် မောဟဖုံးလွှမ်းနေခြင်းကြောင့် မိမိအပြစ်ကို မမြင်မိဘဲ သူတစ်ပါး၏ နှမ်းစေ့လောက်သေးငယ်သောအပြစ်တို့ကိုမူ မြင်တတ်ကြပေသည်။ ထိုသို့မဖြစ်စေရန် မိမိ၏ဆောင်ရွက်မှုကိုသာ အမြဲမပြတ် ဆန်းစစ်ရမည် ဖြစ်သည်။

သူတစ်ပါးတို့၏ မလျော်ကန်သောအလုပ်များကို ကြည့်ရှုဆင်ခြင်ပြီး ဝေဖန်နေစရာမလိုပါ။ ထိုသူတို့၏ မသင့်တော်သောလုပ်ရပ်များကို ကြည့်၍

> **ယခုအခါ နိုင်ငံတော်အတွက် အရေးကြီးသောအချိန်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ တစ်ပါးသူတို့၏အပြစ်ကို ရှာဖွေပြီး အပြစ်တင်ပြောဆိုရမည့် အချိန်အခါမဟုတ်ပါ။ လူတစ်ဦးချင်းစီတွင် မိမိရောက်ရှိရာ နယ်ပယ်အလိုက် လုပ်ကိုင်ရမည့်တာဝန်များရှိပြီး ထိုတာဝန်ကျေပွန်ဖို့ရာ မိမိသာလျှင် တာဝန်ရှိသူဖြစ်ပါသည်။**

မိမိ၏စိတ်သာ ပင်ပန်းဆင်းရဲမည် ဖြစ်ပါသည်။ ထိုသို့ဖြစ်ခြင်းကြောင့် မိမိအတွက် အကျိုးမရှိပေ။ မိမိကိုယ်ကိုသာလျှင် ဆန်းစစ်ဝေဖန်ရန် လိုအပ်ပါသည်။ မိမိ၏လုပ်ရပ်မှန်ကန်မှု ရှိ မရှိ၊ မိမိ၏အပြောအဆိုမှန်ကန်မှု ရှိ မရှိ၊ မိမိ၏အကြံအစည် မှန်ကန်မှု ရှိ မရှိကိုသာ ဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။ လုပ်သင့်သောအလုပ်ကို လုပ်ပြီးပြီလား၊ မလုပ်သင့်သောအလုပ်ကို လုပ်နေသည်လားဆိုသည်ကို မိမိကိုယ်တိုင်ဆန်းစစ်ရပါမည်။ ကောင်းတာကို မလုပ်ရသေးလျှင် လုပ်ဖို့ရာ ကြိုးစားကြရမည်ဖြစ်ပြီး မကောင်းတာကို မလုပ်မိအောင်လည်း မိမိကိုယ်ကို စောင့်ထိန်းရပါမည်။

မိမိသာလျှင် အရာအားလုံး၏ အရှင်သခင်ဖြစ်ပြီး မိမိသာလျှင် ပဓာနဖြစ်ကြောင်းကို ဗုဒ္ဓက 'အတ္တာဟိ အတ္တနောနာထော' ဟု ဆိုခဲ့ပါသည်။ မိမိသာလျှင်မိမိ၏ အားကိုးရာအစစ်ဖြစ်သည် ဟူသော 'လူသာလျှင် ပဓာန' ဝါဒကို ဗုဒ္ဓက ညွှန်ပြထားပါသည်။ လူနှင့်လူအခွင့်အရေး၊ လူ၏ ကံ ဉာဏ် ဝိရိယ စွမ်းအားနှင့် လူဝုဏ်သိက္ခာတို့ကို အပြည့်အဝ လေးစားအသိအမှတ်ပြုသည့်ဝါဒဖြစ်သည်။ ထို့ကြောင့် အရာအားလုံး၏ပဓာနဖြစ်သော မိမိကိုယ်ကိုသာ ဆန်းစစ်နေရမည်ဖြစ်သည်။ မိမိကိုယ်တိုင်ကောင်းအောင် ကြိုးစားရမည် ဖြစ်သည်။ မိမိကိုယ်ကို မည်သို့ ဆန်းစစ်ရမည်ကိုလည်း ဗုဒ္ဓက အောက်ပါအတိုင်း ညွှန်ပြထားပါသေးသည်။

၁။ မှန်ကန်စွာ မြင်ရမည်။
၂။ မှန်ကန်စွာ တွေးရမည်။
၃။ မှန်ကန်စွာ စကားပြောရမည်။
၄။ မှန်ကန်စွာ လုပ်ရမည်။
၅။ မှန်ကန်စွာ အသက်မွေးရမည်။
၆။ မှန်ကန်စွာ အားထုတ်ရမည်။
၇။ မှန်ကန်စွာ သတိရှိရမည်။
၈။ မှန်ကန်စွာ တည်ကြည်ရမည်။

အချုပ်အားဖြင့် ဘဒ္ဒဝဂ္ဂိယဝတ္ထုသည် မိန်းမကိုရှာဖွေနေသော မင်းသားသုံးဆယ်ကို ဘုရားရှင်ကဆုံးမထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ပြောဆိုနေကြသော **'Self-assessment -မိမိကိုယ်ကိုအကဲဖြတ်ခြင်း'** ဆိုသည်ကို ဗုဒ္ဓက လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ပြောကြားခဲ့ပြီး ဖြစ်သည်။ ဗုဒ္ဓ၏ခေတ်မိသော၊ ဆန်းသစ်သော၊ မှန်ကန်သော၊ သိပ္ပံနည်းကျသောဟောကြားချက်များသည် လူသားတို့အတွက် အလွန်ပင် ကျေးဇူးများလှပေသည်။

ယခုအခါ နိုင်ငံတော်အတွက် အရေးကြီးသောအချိန်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ တစ်ပါးသူတို့၏အပြစ်ကိုရှာဖွေပြီး အပြစ်တင်ပြောဆိုရမည့် အချိန်အခါမဟုတ်ပါ။ လူတစ်ဦးချင်းစီတွင် မိမိရောက်ရှိရာ နယ်ပယ်အလိုက် လုပ်ကိုင်ရမည့်တာဝန်များရှိပြီး ထိုတာဝန်ကျေပွန်ဖို့ရာ မိမိသာလျှင် တာဝန်ရှိသူဖြစ်ပါသည်။ သူတစ်ပါးတာဝန်ကျေသည် မကျေသည်ကို ကြည့်ရှုဝေဖန်မနေဘဲ "မိမိရောမိမိတာဝန်ကျေပါရဲ့လား" ဟု ဆန်းစစ်ရပါမည်။ နိုင်ငံတော်သမ္မတကြီးဦးဆောင်သော အစိုးရအဖွဲ့ဝင်များအစ၊ နိုင်ငံ၏ဝန်ထမ်းများအလယ်၊ နိုင်ငံသားများအဆုံး တစ်ဦးချင်းစီသည် တစ်ဖက်နှင့် တစ်ဖက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အပြစ်တင်ဝေဖန် ပြောဆိုမနေဘဲ မိမိဆိုင်ရာဆိုင်ရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လုပ်ကိုင်ရမည် ဖြစ်ပါသည်။ အပြန်အလှန်လေးစားပြီး အပြုသဘောဆောင်ကာ ညှိနှိုင်းဆောင်ရွက်ရန် လိုပါသည်။

သို့မှသာ မိမိတို့မျှော်မှန်းထားသော မိမိတို့မျှော်လင့်နေသော အနာဂတ်နိုင်ငံကို ပုံဖော်နိုင်မည် ဖြစ်ပါသည်။ တစ်ဦးချင်းစီ၏ဘဝ တိုးတက်အောင်မြင်မှသာ မိမိ၏မိဘဆွေမျိုး ရပ်ရွာနိုင်ငံတို့၏တိုးတက်မှုကို ဆောင်ရွက်ပေးနိုင်မည်။ ထိုမှတစ်ဆင့် လောကကြီးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်သည်။ နိုင်ငံသားတိုင်း ကျွန်းမာသန်စွမ်း၍ ပညာတတ်မြောက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် မိမိတို့ရောက်ရှိနေသည့် နေရာများတွင် မိမိတို့၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေ။ ။

မန္တလေး၌ အစိုးရသစ်ကိုကြိုဆိုသောအားဖြင့် မန်းသက်ဦးပုံရိပ်ကို ဂရပ်ဖတီ ရေးဆွဲ

မန္တလေး ဧပြီ ၁၁

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၂၂ လမ်းနှင့် ၈၉ လမ်း၌ အုတ်နံရံတွင် ပန်းချီပါသနာရှင် လူငယ်တစ်ဦးဖြစ်သူ ကိုသန့်စင်ဝင်းက အစိုးရသစ်ကို ကြိုဆိုသောအားဖြင့် မန်းသက်ဦးပုံရိပ်ကို မြို့မဂ္ဂေဇင်းနှင့် တွဲဖက်၍ အုတ်နံရံ ဂရပ်ဖတီ ရေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါဂရပ်ဖတီကို ဧပြီ ၁၁ ရက် မွန်းတည့် ၁၂ နာရီ ခန့်မှ ညနေ ၆ နာရီခွဲအထိ ရေးဆွဲခဲ့သည်။

"နှစ်သစ်မှာ အစိုးရသစ်ကို မန္တလေးအထင်ကရတွေနဲ့ ကြိုဆိုတဲ့သဘောပါ။ သက်ဦးပုံတွေနဲ့ ဂရပ်ဖတီကို တစ်ခါမှ မဆွဲခဲ့ဖူးသေးဘဲ ပထမဆုံးအနေနဲ့ ဆွဲတာဖြစ်တယ်။ နေအလွန်ပူတော့ နားပြီးဆွဲရတယ်။ ကျွန်တော့်ရဲ့ ဂရပ်ဖတီမှာ အတာနှစ်ကူး လတန်ခူးဆိုပြီး စာတန်းရေးထိုးမယ်" ဟု ကိုသန့်စင်ဝင်းက ပြောကြားသည်။

အဆိုပါ ဂရပ်ဖတီပန်းချီကားတွင် မန္တလေးမြို့၏ အထင်ကရဖြစ်သော မန္တလေးတောင်၊ စျေးချို၊ နာရီစင်၊ ဦးပိန်တံတား၊ ငွေငန်းဖြူ သမ္မတကြီး ဦးထင်ကျော်နှင့် မြို့မငြိမ်းရုပ်ပုံလွှာတို့ကို ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ နှစ်သစ်တွင် သမ္မတအသစ်ကို ကြိုဆိုခြင်းနှင့် မန်းသက်ဦးပုံရိပ်အနေဖြင့်လည်း ပထမဆုံး အမှတ်တရအနေဖြင့် ရေးဆွဲခြင်းဖြစ်ကာ ဂရပ်ဖတီရေးဆွဲမှုသည် ယခုနှစ်တွင် လေးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဧပြီ ၉ ရက် ညဦးပိုင်းက ဖြစ်ပွားခဲ့သည့် မီးလောင်ကျွမ်းမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် တိုင်းငေါင်းရွာမှ မီးဘေးသင့် အိမ်ထောင်စု ၂၉ စုအတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက တစ်အိမ်ထောင်လျှင် ဘီလပ်မြေအိတ် ၁၀၀၊ သွပ်အချပ် ၅၀ နှင့် ငွေကျပ် သုံးသိန်းစီအား ဧပြီ ၁၀ ရက်က မဟာမြတ်မုနိ ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းတွင် လာရောက်လျှောက်ထားသော မိသားစုများ ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများက လက်ခံယူစဉ်
ဓာတ်ပုံ-ကျေး

နေ့အပူချိန်မြင့်တက်သဖြင့် သွားလာရေးခက်ခဲနေ

ပခုက္ကူ ဧပြီ ၁၁

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသဖြစ်သည့် ပခုက္ကူမြို့နယ်၌ ယခုရက်ပိုင်းများတွင် နေ့အပူချိန်မြင့်တက်လာမှုကြောင့် ပြည်သူများသွားလာရေး ခက်ခဲနေကြောင်း သိရသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူလွန်ကဲပြီး အပူဒဏ်မခံစားရရေး၊ ကာကွယ်ရေးတို့အတွက် သက်ဆိုင်ရာဌာနများအလိုက် သတိပေးနှိုးဆော်ချက် ဗီနိုင်းဆိုင်းဘုတ်နှင့် အပူဒဏ်ကာကွယ်ရေးသတိပေးနှိုးဆော်ချက် LED ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူထားသော်လည်း ဝမ်းစာအတွက် ရုန်းကန်နေရသောအလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ခရီးသွားပြည်သူများအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ "အခုချိန် နေ့ခင်းမှာ အလွန်ပူပါတယ်။ ကျွန်တော့်အနေနဲ့ ပူတာထက် ဝမ်းစာအတွက် ဝင်ငွေရဖို့က အရေးကြီးတယ်" ဟု ပခုက္ကူကားကြီးကွင်း၌ ခရီးသည်များ စောင့်နေသူ ဆိုက်ကားသမားတစ်ဦးက ပြောသည်။

ဆလိုင်းကိုကီး

မြန်မာနိုင်ငံလူ့စွမ်းအားအရင်းအမြစ်များ ပြောင်းလဲစေမည့် အဆင့်မြင့်ပညာကဏ္ဍ အနာဂတ်အလားအလာနှင့် ပုဂ္ဂလိကတက္ကသိုလ်အခန်းကဏ္ဍ

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - STIMU

ပုဂ္ဂလိကပညာရေး ဥပဒေမူကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပါဝင်ခဲ့သူ ဒေါ်ခင်အေးဝင်းထံမှ သိရှိရသည်။

အမျိုးသားလွှတ်တော်တို့မှ ဆွေးနွေးခဲ့သော်လည်း ပြည်ထောင်စုလွှတ်တော်တွင် ထပ်မံဆွေးနွေးရန် ကျန်ရှိခဲ့သည်ဟု ပုဂ္ဂလိက ဥပဒေရေးဆွဲရေးအဖွဲ့တွင်

ပုဂ္ဂလိကပညာရေး ဥပဒေမူကြမ်းအား ၂၀၁၂ ခုနှစ်တွင် ပုဂ္ဂလိကကျောင်းတာဝန်ရှိသူများက ရေးဆွဲပြီး အခန်း ၁၃ ခန်း ပါဝင်သည်။ ယခင် အစိုးရလက်ထက်က ပုဂ္ဂလိကအဆင့်မြင့်ပညာရေးကဏ္ဍကို ပြောင်းလဲမှု မြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့သော်လည်း ကျောင်းသားများနှင့် ကျောင်းသားမိဘများအနေဖြင့် သိရှိမှုအားနည်းလျက်ရှိနေသေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ပညာရေး အနာဂတ်အလားအလာနှင့် ပုဂ္ဂလိက အဆင့်မြင့်ပညာရေးကဏ္ဍ အကြောင်းသိရှိနိုင်ရန်အတွက် ပုဂ္ဂလိကတက္ကသိုလ်တည်ထောင်ရန် ဆောင်ရွက်လျက်ရှိသည့် STI Myanmar University (STIMU)မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်အေးဝင်းအား မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ မြန်မာနိုင်ငံမှာက ပုဂ္ဂလိက ပညာရေးဥပဒေမူကြမ်းက ထပ်မံဆွေးနွေးဖို့ ကျန်ရှိနေသေးတော့ပုဂ္ဂလိကတက္ကသိုလ်တစ်ခု ဖြစ်လာအောင်ဆရာမတို့ ပြင်ဆင်ဆောင်ရွက်နေပုံလေး ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ပုဂ္ဂလိကပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးအတည်ပြုပြီးရင်တော့ နည်းဥပဒေဆက်ထွက်လာမှာပါ။ အဲဒီအဆင့်ပြီးရင်တော့ ပုဂ္ဂလိကတက္ကသိုလ်၊ ပုဂ္ဂလိကကောလိပ်လိုင်စင်တွေကို လျှောက်ထားလို့ရပါပြီ။ STIMU အနေနဲ့ လိုင်စင်ရပြီဆိုရင်တော့ ဘွဲ့ကြိုနဲ့ ဘွဲ့လွန်သင်တန်းတွေအတွက် ဘွဲ့ချီးမြှင့်နိုင်တော့မှာပါ။ အခုလို လိုင်စင်မရခင် စပ်ကြားမှာတော့ ကျွန်မတို့ကျောင်းက ဒုတိယနှစ်ပြီးတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အင်္ဂလန်၊ ဟောင်ကောင်က မိတ်ဖက်တက္ကသိုလ်တွေရဲ့ နောက်ဆုံးနှစ်ကို တိုက်ရိုက်ဝင်ခွင့်ရရှိထားပြီး သူတို့ရဲ့ဘွဲ့ကိုပေးနေပါတယ်။

အဲဒီလို တိုက်ရိုက်ဝင်ခွင့်ရရှိနိုင်ဖို့အတွက်လည်း စံချိန်စံညွှန်းဆိုင်ရာနဲ့ အရည်အသွေးပိုင်းဆိုင်ရာတွေကို မိတ်ဖက်တက္ကသိုလ်တွေနဲ့ အဆင့်ဆင့်လုပ်ဆောင်ထားပြီးသားပါ။ တစ်ဖက်က ပြန်ကြည့်မယ်ဆိုရင်တော့ ပြည်ပနိုင်ငံတွေရဲ့ အဆင့်မြင့်ပညာရေး ဆိုင်ရာမူဘောင်တွေနဲ့ အရည်အသွေးပိုင်းဆိုင်ရာတွေကို ကိုယ့်ကျောင်းနဲ့ အံဝင်အောင် အခြေခံအုတ်မြစ်တွေ တည်ဆောက်ထားလိုက်တဲ့ သဘောပါပဲ။ အဲဒီအတွက် အချိန်နဲ့ကြီးမားတဲ့ အရင်းအမြစ်တွေ စိုက်ထုတ်ခဲ့ရတာ မနည်းပါဘူး။

မေး။ ။ STIMU အကြောင်းနဲ့ မြန်မာနိုင်ငံမှာ လက်ရှိပုဂ္ဂလိကပညာရေးရဲ့ ဆောင်ရွက်နေမှုအပိုင်းကို ပြောပြပေးပါ။

ဖြေ။ ။ ကျွန်မတို့ STI Myanmar University (STIMU) ကို ၂၀၀၆ ခုနှစ်မှာ စတင်ပြီး STI Education အဖြစ် တည်ထောင်ခဲ့ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်မတို့နိုင်ငံမှာ ရှုထောင့်မျိုးစုံပါဝင်တဲ့ သင်ကြားမှုသင်ယူမှုတစ်ခု ပေါ်ပေါက်လာဖို့ပါ။ နောက်တစ်ခုကတော့ အဆင့်မြင့်ပညာရေးနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ဖို့နောက် ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းကို ကောင်းကျိုးသယ်ပိုးပြီး ပေါ်ပေါက်လာမယ့် တိုးတက်မှုအခွင့်အလမ်းကို ရယူနိုင်တဲ့ ဘက်စုံထူးချွန်သူများကို ပြုစုပျိုးထောင်ပေးဖို့အတွက်ပါ ကျွန်မတို့က ပုဂ္ဂလိကတက္ကသိုလ်ဆိုပေမယ့် မြန်မာနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေတဲ့ လူစွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒါကြောင့် STIMU ကနေ ဖွင့်လှစ်ပို့ချပေးနေတဲ့ ပညာရပ်တွေကိုလည်း ကျွန်မတို့ လက်ရှိပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံတကာတက္ကသိုလ်တွေရဲ့ အရည်အသွေးနဲ့ကိုက်ညီအောင်လည်း ဆောင်ရွက်ထားရှိပြီးပါပြီ။

လက်ရှိမှာတော့ ကျွန်မတို့ STIMU ကနေ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေအနေနဲ့ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ အင်္ဂလန်နိုင်ငံက University of Bedfordshire၊ ဟောင်ကောင်နိုင်ငံက The Open University of Hong Kong၊ နောက်ထိုင်းနိုင်ငံမှာ ရှိတဲ့ Mahidol University နဲ့ တောင်ကိုရီးယားနိုင်ငံက Seo Kyeong University တို့နဲ့ပူးပေါင်းပြီး သင်တန်းတွေ ဖွင့်လှစ်ပို့ချနေပါတယ်။

မေး။ ။ မြန်မာပြည်ရဲ့ ပညာရေးအနာဂတ်နဲ့ပတ်သက်ပြီး ဆရာမတို့ သုံးသပ်ပေးစေချင်ပါတယ်။

ဖြေ။ ။ အခုက AEC (အာဆီယံစီးပွားရေးအသိုက်အဝန်း)က ဖြစ်လာပြီ ဆိုတော့ အာဆီယံနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ ထိုင်း၊ မလေးရှားတို့မှာရှိတဲ့တက္ကသိုလ်တွေနဲ့ လုပ်ငန်းရှင်တွေက အကြီးကြီးတွေဖြစ်နေပြီ။ သူတို့ကလည်းAEC ဖြစ်လာရင် နေရာရချင်တယ်။ သူတို့က နံပါတ်တစ်နှစ်သုံးကနေမဆင်းချင်ဘူး။ ကျွန်မတို့ မြန်မာပြည်အနေနဲ့ကျတော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင်တောင် အများကြီးနောက်ကျကျန်နေပြီ။ ဒါကြောင့် ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေနဲ့ တတ်နိုင်သလောက်ပူးပေါင်းပြီး သူတို့ဘာတွေလုပ်သလဲ၊ ဘာတွေသင်ကြားသလဲဆိုတာ သိဖို့လိုမယ်။ သူတို့ဆီက စနစ်တွေကိုသိရင် ကိုယ့်မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေအောင် ပြောင်းလဲအသုံးချဖို့လိုမယ်။ သူများတွေ နှစ်လေးငါးဆယ်လုပ်ခဲ့တာကို ကျွန်မတို့က အခုမှသူတို့ကိုမီအောင်လိုက်နေရတော့ မြန်မြန်ပြေးနိုင်ဖို့နဲ့ သက်လုံကောင်းဖို့လိုပါတယ်။

မြန်မာပြည်ရဲ့ အနာဂတ်ပညာရေးက အရင်ထက် အများကြီးပွင့်လင်းလာတယ်၊ ကောင်းလာတယ်ဆိုပေမယ့်လည်း ဆရာဆရာမတွေကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အဓိကထားလုပ်ပေးရမယ်။ ဆရာ ဆရာမတွေကို အားထည့်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု သင်တန်းတွေ ပေးတာမျိုးပါ။ အဲဒီလိုပဲ တခြားသော အစိုးရကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေကလည်း အများကြီးအားထည့်လုပ်ရင် မြန်မာ့ပညာရေးက မြန်မြန်ပိုပြီး တိုးတက်

လာနိုင်ပါတယ်။

ပညာရေးလို့ပြောရင် နိုင်ငံခြားကျောင်းသွားတက်ပြီးမှ အဆင့်မီပညာရေးကိုရမယ်လို့ ယူဆထားတဲ့ ကလေးတွေနဲ့ မိဘတွေလည်းရှိတယ်။ ကောင်းမွန်တဲ့ ပညာရေးကိုရချင်ရင် ကိုယ်ဝါသနာပါတဲ့ နှစ်သက်ရာ ပညာရေးလမ်းကြောင်းတစ်ခုကို ရွေးချယ်ပေးဖို့လိုပါတယ်။ သူတို့ရဲ့ စိတ်ဆန္ဒကပြင်းထန်ပြီး သူတို့လိုချင်တဲ့အရာတွေကိုလည်း အမိအရဆုပ်ကိုင်နိုင်အောင် လမ်းကြောင်းပေးထားရမယ်။ နိုင်ငံခြားသွားသင်မှမဟုတ်ဘဲ ဒီမှာလည်း ကိုယ်လိုချင်တဲ့ စစ်မှန်တဲ့ ပညာအခွင့်အလမ်းကို ရအောင်ယူနိုင်ဖို့ အခွင့်အရေးတွေရှိနေပါပြီ။ ကလေးတွေရဲ့ ကြိုးစားအားထုတ်မှုက အရေးကြီးဆုံးပါပဲ။

မေး။ ။ ဆရာမတို့ကျောင်းအနေနဲ့ နိုင်ငံတကာက အဆင့်မြင့်တက္ကသိုလ်ကြီးတွေနဲ့ ချိတ်ဆက်ထားတယ်ဆိုတော့ ဒီလိုပူးပေါင်းချိတ်ဆက်ပြီး သင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့ ဘာတွေများ ပြင်ဆင်ခဲ့ရလဲ။

ဖြေ။ ။ ကျွန်မတို့ ကျောင်းအနေနဲ့က တကယ့်အရည်အချင်း ပြည့်ဝတဲ့ ဘက်စုံထူးချွန်တဲ့ လူစွမ်းအားအရင်းအမြစ်တွေကို မွေးထုတ်ပေးချင်တာပါ။ ကျောင်းပြီးတာနဲ့ လုပ်ငန်းခွင်မှာ အသုံးတည့်ဖို့ပါ။ ဒီကလေးတွေရဲ့ လက်ထဲမှာ၊ ကလေးတွေက နောင်တိုင်းပြည်ရဲ့ အနာဂတ်ဆိုတော့ ကလေးတွေရဲ့ ပညာရေးအခြေခံအုတ်မြစ်ခိုင်မာစေချင်တယ်။

ဒီလိုခိုင်မာဖို့ဆိုတာက တကယ့်စစ်မှန်တဲ့ပညာရေး အဆင့်အတန်းကိုရဖို့လိုပါတယ်။ ဒါကြောင့် ကျွန်မတို့ ကျောင်းအနေနဲ့ တစ်ဖက်နဲ့ချိတ်ဆက်ထားတဲ့ ပြည်ပက တက္ကသိုလ်တွေ သတ်မှတ်ထားတဲ့ သင်ရိုးညွှန်းတမ်းနဲ့ ကိုက်ညီမှုရှိဖို့ သင်ကြားမှုပုံစံ၊ သင်ကြားမှုသင်ယူမှု အရင်းအမြစ်များထားရှိမှု၊ ဆရာ ဆရာမတွေရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်ဖက်ကျောင်းရဲ့သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ကိုက်ညီအောင် ဆောင်ရွက်ထားရှိပါတယ်။ တစ်ဖက်ကျောင်းက လာရောက်စစ်ဆေးခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်ပြီးမှသာ ဒီသတ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေကို သင်ကြားပေးလို့ရတာဖြစ်ပါတယ်။

ဒီနိုင်ငံတကာတက္ကသိုလ်ကြီးတွေနဲ့ ပူးပေါင်းဖွင့်လှစ်တဲ့ ဘာသာရပ်တွေကလည်း စီးပွားရေးဆိုင်ရာ ဘာသာရပ်တွေ၊ အင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်တွေ၊ ကျန်းမာရေးသိပ္ပံဘာသာရပ်တွေဆိုတော့ သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအလိုက် လိုအပ်တဲ့ လက်တွေ့လုပ်ရမယ့် Workshop တွေ၊ laboratory တွေ ထားရှိပေးထားပါတယ်။ ဆေးရုံတွေမှာ ဆင်းရမယ့် Internship တွေ၊ placement တွေ၊ field ဆင်းရမှာတွေအပြင် ဗန်ကောက် ဆေးရုံတွေမှာပါ Internship တွေဆင်းရမှာ ဖြစ်ပါတယ်။

မေး။ ။ မြန်မာ့ပညာရေးအတွက် ပြောင်းလဲဖို့ လိုအပ်တာက ဘာများဖြစ်နိုင်မလဲ ခင်ဗျာ။

ဖြေ။ ။ Quality Assurance လို့ခေါ်တဲ့ စံချိန်စံညွှန်းဆိုင်ရာ အရည်အသွေးအာမခံချက်စနစ်ရှိလာနိုင်ဖို့ ကြိုးစားသင့်ပါတယ်။ ထိုစနစ်ဟာ ကျောင်းသားတွေ၊ သင်ကြားတဲ့ ဆရာတွေ၊ သင်ရိုးညွှန်းတမ်းတွေ၊ သင်ကြားပုံနည်းစနစ်၊ အကဲဖြတ်စစ်ဆေးပုံတို့ကို အလုံးစုံလွှမ်းခြုံနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို စနစ်ထူထောင်နိုင်ဖို့ သင်ကြားရေးပိုင်းဆိုင်ရာ ဆရာ ဆရာမတွေရဲ့ဖွံ့ဖြိုးမှုဟာ အရေးပါဆုံးဖြစ်ပါတယ်။ ဆရာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်နဲ့လိုက်လျောညီထွေတဲ့ အတတ်ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု သင်တန်းတွေ ပို့ချနေရမှာဖြစ်ပါသည်။ အဲဒီအခန်းအတွက်ငွေကြေးအရင်းအနှီး ထိုက်သင့်သလောက်သုံးစွဲဖို့ ဒါမှမဟုတ် အကူအညီရယူနိုင်ဖို့ လိုအပ်ပါတယ်။

ဆရာ ဆရာမတွေ လိုအပ်တဲ့ဖြည့်စွက်သင်တန်းတွေ သင်ယူတတ်မြောက်ပြီးရင် သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရဲ့ သင်ယူမှုအကျိုးရလဒ်နဲ့ သင်ရိုးရဲ့ ရည်ရွယ်ချက်တွေဆက်စပ်ပုံနဲ့ အကဲဖြတ်စနစ် ချိတ်ဆက်ပုံတွေကို ပိုမိုထိရောက် အောင်လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်ပိုင်းကျရင်တော့ အစိုးရတက္ကသိုလ်တွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကြတော့မှာပါ။ ဒဲ့အပြင် ကိုယ့်ဘာသာ ရပ်တည်နိုင်အောင်လုပ်ဖို့ဆိုတဲ့ လမ်းစဉ်တွေလည်း ရှိပါတယ်။ ဒါတွေဟာ အင်မတန်မှ ကြီးမားတဲ့ အပြောင်းအလဲတွေပါ။ ဒီတော့ တက္ကသိုလ်တွေမှာရှိတဲ့ ဆရာကြီး ဆရာမကြီးတွေ၊ ပါမောက္ခချုပ်နဲ့ စီမံရေးရာအဖွဲ့သားတွေဆိုရင်လည်း စိန်ခေါ်မှုနဲ့ကြုံရမှာပါပဲ။ အမြဲတမ်းနှစ်ပေါင်းများစွာ လုပ်ခဲ့တဲ့အခြေအနေနဲ့ မတူတော့ဘဲ ကိုယ်တိုင်ထိုးဖောက်လုပ်ရတော့မှာဖြစ်ပါတယ်။ ဒါမှလည်း သူက ဆက်လက်ရပ်တည်သွားနိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသားတွေဘက်ကလည်း ဘာသာရပ်အလိုက် သင်ယူတတ်ကျွမ်းမှု ချဉ်းကပ်ပုံနည်းလမ်းကို စနစ်တကျရယူနိုင်ရင် သူတို့ရဲ့ ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်းတွေ ရင့်သန်လာပြီး လုပ်ငန်းခွင်တိုက်ရိုက်ဝင်နိုင်တဲ့ လူစွမ်းအားအရင်းအမြစ်တွေ ဖြစ်လာမှာပါ။

မေး။ ။ ကျေးဇူးတင်ပါတယ်။ ဆရာမတို့ ကျောင်းအနေနဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ဘာတွေများ ဆက်လက်ဆောင်ရွက်သွားဖို့ရှိမလဲ။

ဖြေ။ ။ အခုဆိုရင် အစာအာဟာရ ပညာရှင်မဟာဘွဲ့သင်တန်းနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု မဟာဘွဲ့သင်တန်းတွေကို ကျွန်မတို့ ဖွင့်လှစ်တော့မှာပါ။ အဲဒီသင်တန်းပြီးစီးတဲ့သူတွေဟာ နိုင်ငံတော်ကလိုအပ်နေတဲ့နေရာတွေကို ဖြည့်ဆည်းပေးနိုင်မယ့်သူတွေဖြစ်မှာပါ။ အလားတူ တကယ်လိုအပ်နေတဲ့ ပညာရပ်တွေကိုပို့ချနိုင်ရင် အလွန်ကောင်းမှာပါ။

STI Myanmar University (STIMU)ကို လှိုင်မြို့နယ် MICT Park တွင်ဖွင့်လှစ်ထားပြီး ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများအဖြစ် စီးပွားရေးဆိုင်ရာဘာသာရပ်၊ အင်ဂျင်နီယာ ဘာသာရပ်၊ ပညာရေးအတွက် ဆရာဖြစ်သင်တန်းတွေနဲ့ ကျန်းမာရေးသိပ္ပံဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် တက်ရောက်သင်ကြားလျက်ရှိသည်။

မြိုင်မြို့တွင် တူးဖော်သည့် စက်ရေတွင်းသစ် တစ်နာရီရေဂါလန် ၁၈၀၀ ထွက်ရှိ

မြိုင် ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မြေရင့်ကျေးရွာတွင် မြေအောက်စက်ရေတွင်းသစ် ဒုတိယအကြိမ်ထပ်မံတူးဖော်ရာ ဧပြီ ၁၀ ရက်က သောက်သုံးရေ တစ်နာရီ ဂါလန် ၁၈၀၀ကျော် ထွက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးမှ သိရသည်။

မြေရင့်ကျေးရွာတွင်အိမ်ထောင်စု၂၉၂ စု၊ လူဦးရေ ၁၄၃၂ ဦးနှင့် တိရစ္ဆာန်များ မှီခိုအသုံးပြုသည့် ကျေးရွာ မိုနိုပန့်စက်ရေတွင်းသည် ၂၀၁၅ နှစ်ကုန်ပိုင်းကစ၍ ရေမရရှိသဖြင့် ပေနှစ်ထောင်ကျော် ကွာဝေးသော စိုတောကျေးရွာမှ ရေပိုက်သွယ်တန်း ဆောင်ရွက်မှုကို မြိုင်မြို့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးကာ ကျေးရွာ မြေအောက်ရေတွင်းသစ်အား တူးဖော်ရာပေ ၇၆၀ အရောက်တွင် ပိုက်ပျက်ကျသဖြင့် ဒုတိယအကြိမ်ထပ်မံတူးဖော်ရာပေ ၇၉၀ အနက်ရှိလေးလက်မ GP ရေထိပ်ပေ ၅၅၀ မိုနိုပန့်စက် ရေတွင်းတူးဖော်အောင်မြင်သော စက်ရေတွင်းသစ်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တွင်းကာပိုက် ၄၅ လုံး၊ ကျေးလက်နှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းမှ မိုနိုပန့် Element (၆၄၀A)၊ မြိုင်မြို့ အရိပ်စစ်အဖွဲ့၊ အလျူရှင်မန္တလေးမှ ဦးသိန်းထွန်း၊ ကလောမှ ဦးချစ်ဆိုင်နှင့် ကျေးရွာထည့်ဝင်ငွေကျပ် သိန်း ၇၀၊ ရန်ကုန်မြို့ ဆရာတော် ဦးကွန္တဝံတို့က စုစုပေါင်းကုန်ကျ ငွေကျပ် ၁၉၃ သိန်းတို့ဖြင့် ဒုတိယအကြိမ် ထပ်မံတူးဖော်အောင်မြင်ရာ ရေထွက်နှုန်း တစ်နာရီရေဂါလန် ၁၈၀၀ ထွက်ရှိကြောင်း သိရသည်။

စိန်မြိုင်(မြိုင်)

သင်္ကြန်ကာလ ခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူမှု အဆင်မပြေမှုနှင့်ကြုံတွေ့နေရ

သတင်း-ဇော်ကြီး(ပဏာမိတ)၊ ဓာတ်ပုံ-ဇော်မင်းလတ်

ရန်ကုန် ဧပြီ ၁၁

သင်္ကြန်ကာလတွင် ခရီးသွားပြည်သူများအဆင်ပြေစေရန် သက်ဆိုင်ရာက ရန်ကုန်-မန္တလေး ခရီးစဉ် (အစုန်/အဆန်) အတွက် RBE အထူးရထားနှင့် သင်္ကြန်အထူးရထားများကို ဧပြီ ၉ ရက်မှ ၁၂ ရက်အထိ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည့်အပြင် သင်္ကြန်အပြီး ဧပြီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင်လည်း ပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းမြန်မာ့မီးရထားမှသိရသည်။

ထိုသို့သက်ဆိုင်ရာက အထူးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေသော်လည်း ခရီးသွားပြည်သူများ အနေဖြင့် လက်မှတ်ဝယ်ယူရာတွင် အခက်အခဲများနှင့် ကြုံတွေ့ နေရကြောင်း ရန်ကုန်ဘူတာကြီးရှိ ခရီးသည်များထံမှသိရသည်။

"ည ၇ နာရီလောက်က ညအိပ်တန်းစီပြီးဝယ်တာ မိုးသာလင်းသွားတယ် လက်မှတ်မရခဲ့ဘူး။ တံခါးတွေ တောင်ကျိုးပဲ့ကုန်တဲ့အထိ လူကြားထဲတိုးဝှေ့နေကြတော့ မဝယ်ဘဲပြန်ခဲ့တယ်။ နောက်တစ်နေ့မနက်မှာ တန်းစီပြီး ဝယ်လိုက်တော့ အဆင်ပြေသွားတယ်။ တချို့ကတော့ လက်မှတ်မရတော့လို့ ပြန်သွားတာတွေရှိပါတယ်"ဟု ဧပြီ ၁၁ ရက်တွင် ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့ ထွက်ခွာမည့် အမှတ် (၅) အဆန်မီးရထားဖြင့် လိုက်ပါ စီးနင်းသူ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက်နေ ဦးမောင်မြင့်က ပြောသည်။

သင်္ကြန်အထူးရထားများကို သက်ဆိုင်ရာက တိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်-မန္တလေးခရီးစဉ် ရထားလက်မှတ်များကို ရိုးရိုးတန်း ငွေကျပ် ၄၆၅၀၊ အထက်တန်း ငွေကျပ် ၉၃၀၀ အဖြစ် သတ်မှတ်ရောင်းချနေသော်လည်း သင်္ကြန်ပွဲတော်ကြောင့် ခရီးသွားလာမှုများပြားသဖြင့် လက်မှတ်မလုံလောက်သည်ကို အကြောင်းပြု၍ ရန်ကုန်ဘူတာကြီး ပြင်ပဈေးကွက်၌ ရိုးရိုးတန်း ခရီးသွားပြည်သူများထံမှ စုံစမ်းသိရှိရသည်။

သင်္ကြန်ကာလခရီးသွားမည့်ပြည်သူများ ရန်ကုန်ဘူတာကြီးအတွင်း လက်မှတ်ရရှိရေး တန်းစီဝယ်ယူနေမှုကို တွေ့ရစဉ်

ထိုသို့ဖြစ်ပေါ်နေမှုနှင့်ပတ်သက်၍ ရန်ကုန်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့အနေနဲ့ တစ်ရက်ကြိုတင်ရောင်းချတာမျိုးရှိပါတယ်။ ပိုတဲ့ လက်မှတ်တွေကို ရထားထွက်မယ့်နေ့မှာ ဆက်လက်ပြီး ရောင်းချပေးပါတယ်။ အပြင်မှာ စျေးနှုန်းတင်ပြီးရောင်းချနေတာမျိုးတော့မကြားမိပါဘူး။ တစ်ခုရှိတာက လူတစ်ဦးကို မှတ်ပုံတင် ငါးခုယူပြီး ကြိုတင်လက်မှတ် ငါးစောင် ဖြတ်ခွင့်ရှိတာဆိုတော့ သူတို့အနေနဲ့ အမြတ်ငွေတင်ပြီး ဝယ်ယူပေးတာလည်းဖြစ်နိုင်ပါတယ်။ အဲဒါမျိုးကိုတော့ အရေးယူလို့မရပါဘူး"ဟု ပြောသည်။

ယင်းကဲ့သို့ဖြစ်စဉ်များမှာ နှစ်စဉ် သင်္ကြန်ကာလ ရောက်တိုင်း ခရီးသွားပြည်သူများ အနေဖြင့် ကြုံတွေ့ရလေ့ရှိကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

ထို့အတူ မော်တော်ယာဉ်ဖြင့် ခရီးသွားသူများ အနေဖြင့်လည်း သင်္ကြန်ကာလရောက်လာသည်နှင့် အမျှ လက်မှတ်ခစျေးနှုန်းများ သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံမှုများကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာသို့ တိုင်တန်းမှုများအထိရှိလာကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) မှ သိရသည်။

"သာမန် အချိန်မှာ လက်မှတ်ခငွေပိုတောင်းတာမျိုးမရှိပါဘူး။ ခရီးသွားတာများတဲ့ သင်္ကြန်အချိန်ရောက်မှသာ လက်မှတ်ခငွေ ပိုတောင်းတဲ့ ကိစ္စမျိုးကဖြစ်တာပါ။ ခရီးသည်တွေအနေနဲ့ လက်မှတ်ခငွေပိုတောင်းခံတာမျိုးကြုံခဲ့ရင် ကျွန်တော်တို့ရုံးကို လာရောက်တိုင်ကြားပါ။ ပိုပေးခဲ့ရတဲ့ငွေကို ပြန်အမ်းပေးမယ်။ ငွေပိုတောင်းတဲ့ယာဉ်လိုင်းကိုလည်း ပြန်အမ်းငွေအပြင် ဒဏ်ငွေလည်း ရိုက်သွားမှာပါ။ ငွေပိုတောင်းတဲ့ကိစ္စကို သင်္ကြန်ကာလအပြီး မေလအထိ စောင့်ကြည့်ပြီး ငွေပိုတောင်းမှုတွေ ထပ်ရှိနေရင် ဆက်လက်ဒဏ်ရိုက်မှုတွေ လုပ်သွားမှာပါ"ဟု မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ဥက္ကဋ္ဌဦးညွှန့်ဝေက ပြောသည်။

ယခုသင်္ကြန်ကာလ ဧပြီ ၅ ရက်မှ စ၍ ၁၀ ရက်အတွင်း အောင်မင်္ဂလာအဝေးပြေးဌာန သတ်မှတ်ယာဉ်လိုင်း ၁၉ လိုင်းက လက်မှတ် ၁၇၃ စောင်ကို သတ်မှတ်စျေးနှုန်းထက် ပိုရောင်းချခဲ့သည့်အတွက် ပိုရောင်းငွေကျပ်ကိုးသိန်းကျော်ကို လာရောက်တိုင်ကြားသည့် ခရီးသည် ၅၉ ဦးတို့ထံ မထသ (အဝေးပြေး)က ပြန်လည် စိုက်ထုတ်ပေးခဲ့ကြောင်းသိရသည်။

ထို့အတူ ဒဂုံရောအဝေးပြေးမှ ယာဉ်လိုင်း ၁၁ လိုင်းက လက်မှတ် ၅၂စောင်ကို သတ်မှတ်စျေးနှုန်းထက် ပိုရောင်းချခဲ့သည့်အတွက် ပိုရောင်းငွေကျပ် ၁၃၆၀၀၀ ကို လာရောက်တိုင်ကြားသူ ခရီးသည် ၂၁ ဦးထံ မထသ (အဝေးပြေး)က ပြန်လည်စိုက်ထုတ်ပေးခဲ့ကြောင်းသိရသည်။

ယင်းယာဉ်လိုင်းများကို သင်္ကြန်ကာလအပြီးတွင် မော်တော်ယာဉ်တစ်စီးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ဒဏ်ရိုက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်ဘူတာကြီးတွင် ခရီးသည်များ ထွက်ခွာမည့်ရထားအား စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်

အမြင့်ဆုံးအပူချိန် စံချိန်သစ်

နေပြည်တော် ဧပြီ ၁၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာန၏ ဧပြီ ၁၁ ရက် ထုတ်ပြန်ချက်အရ အမြင့်ဆုံးအပူချိန် စံချိန်သစ်အဖြစ် ဟဲဟိုးဒ်၌ ၃၆ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး စံချိန်ဟောင်းမှာ ဧပြီ ၁၀ ရက်က စံချိန်ဖြစ်ခဲ့သည့် ၃၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

(မြန်မာ့အလင်း)

❖ *ရှေ့ဖုံးမှ*

စိုက်ပျိုးလို့ပြီးသွားပြီ။ အောင်ရေအတွက်ကတော့ မိုးကိုပဲ မျှော်ရတော့မလို ဖြစ်နေတယ်။ ဒုဋ္ဌဝတီမြစ်ရေတင် စီမံကိန်းက ကျွန်တော်တို့ရွာမြောက်ဘက် ရွာဘို ရွာ စိုက်ခင်းတွေအထိ ရောက်နေပါပြီ။ အဲဒီရေကို ကျွန်တော်တို့ရွာအထိရောက်အောင် ဖြည့်ပေးနိုင်ရင်တော့ အခက်အခဲအားလုံး ပြေလည်သွားမယ်လို့ ထင်ပါတယ်။ အရင်အစိုးရလက်ထက်က လုပ်ခဲ့တဲ့ မြောင်းအဟောင်းကို နည်းနည်းလောက် ဆက်တူးလိုက်ရင် ကန်ကြီးထဲအထိ ရေထည့်ပေးလို့ ရနိုင်ပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်က မြို့ကြီးရေအားလျှပ်စစ်စီမံကိန်းရေလှောင်တမံကြီးအတွင်းသို့ ရေသိုလှောင်စုဆောင်းနေရသောကြောင့် စဉ့်ကိုင်မြို့နယ်အတွင်းမှ တောင်သူများ နွေစပါးလုံးဝမစိုက်နိုင်ခဲ့သည့်အပြင် မင်းရဲမြောင်းမှ ဆည်ရေများကိုလည်း မင်းလှကန်အတွင်း ရောက်အောင် မပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

မိုးရာသီတွင်လည်း ရွာသွန်းမြမိုးရေချိန်အောက် လျှောနည်းခဲ့သဖြင့် ယခုနှစ် စိုက်ပျိုးရာသီရောက်ချိန်အထိ မင်းရဲမြောင်းရေကို ကန်ကြီးအတွင်းရောက်အောင် မပို့နိုင်ခဲ့ကြောင်း၊ ကန်ရေတဖြည်းဖြည်းနည်းလာချိန်တွင် ဒေသခံတောင်သူများက ပဲတီစိမ်းစိုက်ပျိုးရေးအတွက် ထပ်မံအသုံးပြုခဲ့ပြီးနောက် ကန်အတွင်းရေလုံးဝခန်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မင်း(စဉ့်ကိုင်)**

တာချီလိတ်၌ မီးလောင်မှု ထပ်မံဖြစ်ပွား၊ နေအိမ် ၁၃ လုံး ဆုံးရှုံး

တာချီလိတ် ဧပြီ ၁၁

တာချီလိတ်မြို့နယ်၌ သုံးရက်အတွင်း ဒုတိယအကြိမ် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လူဦးရေ ၄၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၁ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ကျထီးနားကျေးရွာတွင် တောင်ယာမီးရှို့ရာမှတစ်ဆင့် ရွာအတွင်း မီးပွားကျကာ မီးလောင်မှုဖြစ်ပွားသဖြင့် ခရစ်ယာန် ဘုရားကျောင်းတစ်ကျောင်းနှင့် နေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံးခဲ့ရသည်။ **(ယာပုံ)**

အဆိုပါကျေးရွာသည် တာချီလိတ်မြို့၏ အနောက်ဘက် ၂၃ မိုင်ခန့်အကွာ တောတောင်လျှိုမြောင်များအတွင်း တည်ရှိသည့် ကျေးရွာလေးဖြစ်သည့်အတွက် မီးသတ်တပ်ဖွဲ့စခန်းနှင့် လွန်စွာဝေးကွာသော်လည်း နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးဇော်ဇော် ဦးစီးသည့် တပ်မတော်သားများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တို့က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် မီးညွှန့်ကျိုးသွားခဲ့ပြီး ညနေ ၆ နာရီခွဲခန့်က မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူဦးရေ ၄၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုးတံတားကျေးရွာတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ကူညီထောက်ပံ့ရေးအစီအစဉ်များအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

ဇာတ်ပွဲကြည့်ပြီးပြန်လာသူ လူငယ်လေးဦး ရိုးဂိုးဘုရားတောင်ဘက်မုခ်ဝအနီး၌ ဓားခုတ်ခံရ

မော်လမြိုင် ဧပြီ ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာနေသူ မောင်ဖြိုးသက်ဝေ(၁၈ နှစ်)၊ မောင်ကျော်ထွန်း(ခ)ဖိုးထူး(၁၉ နှစ်)၊ မောင်ရဲနန္ဒကျော်(၁၇ နှစ်)၊ မောင်အောင်ကျော်ကျော်(၁၈ နှစ်)တို့ လေးဦးသည် ဧပြီ ၁၀ ရက် နံနက် ၁ နာရီခွဲခန့်က ကော့ခမယ်ကျေးရွာမှ ဇာတ်ပွဲကြည့်ပြီးအပြန်၌ ရိုးဂိုးဘုရားတောင်ဘက်မုခ်ဝအရောက် မော်လမြိုင်မြို့ ဖားအောက်ကျေးရွာနေသူများဖြစ်သည့် မောင်ဇေယျာအောင်(ခ)အောင်အောင်၊ မောင်ရဲမင်းနိုင်(ခ)ကိုရဲ(၂၆ နှစ်)တို့က ဓားရှည်ဖြင့်ခုတ်၊ ဓားမြှောင်ဖြင့်ထိုး၍ မောင်ဖြိုးသက်ဝေ၊ မောင်ကျော်ထွန်း(ခ)ဖိုးထူး၊ မောင်အောင်ကျော်ကျော်နှင့် မောင်ရဲနန္ဒကျော်တို့တွင် ဒဏ်ရာများရရှိကြသဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေပြီး ဓားဖြင့်ခုတ်သူ ဇေယျာအောင်(ခ)အောင်အောင်နှင့် ရဲမင်းနိုင်(ခ)ကိုရဲတို့ကို မုပွန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

တင်ထွန်(မော်လမြိုင်)

ပန်းတောင်းမြို့နယ်၌ တစ်နေ့တည်း ယာဉ်တိုက်မှု ငါးမှုဖြစ်ပွား၊ လေးဦးသေ၊ ရှစ်ဦးဒဏ်ရာရ

ပန်းတောင်း ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ဧပြီ ၁၀ ရက်က ယာဉ်တိုက်မှု ငါးမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက ရေကျော်ကျေးရွာအုပ်စု လယ်တီကျေးရွာ မြေသားလမ်းပေါ်ရှိ သမန်းချောင်းကူးတံတား အလွန်ကုန်းတက်တွင် ယာဉ်မောင်း ချစ်မင်းမောင်းနှင်သော ထော်လာဂျီမှာ နောက်ပြန်လိမ့်ကာ ချောက်ထဲကျ၍ ယာဉ်ပေါ်ပါ သံယာတော် ၁၀ ပါး အနက် ကိုရင်တစ်ပါး ပျံလွန်တော်မူပြီး ကိုရင်သုံးပါးနှင့် ဆရာတော်တစ်ပါး ဒဏ်ရာရရှိခဲ့သည်။ **(အောက်ပုံ)**

ယင်းနေ့ ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က ဥသျှစ်ပင်မြို့ ပြည်-တောင်ကုတ် ကားလမ်းမပေါ်တွင် စက်ဘီးစီးလာသူ ဦးခင်မောင်အေးအား ကျော်သက်နိုင် မောင်းနှင်သော ဆိုင်ကယ်က ဝင်ရောက်တိုက်မိသဖြင့် နှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၅၀ က ပုသိမ်-မုံရွာ ကားလမ်းမှ ဝိုင်တိုင်အမှတ် ၁၅၉/၄ နှင့် ၁၅၉/၅ ကြားခ၌ စိုးထူး မောင်းနှင်လာသည့် ဆိုင်ကယ်က လမ်းဖြတ်ကူးသည့် ဒေါ်မြင့်ကြည်(၅၅ နှစ်)ကို တိုက်မိ၍ ဒေါ်မြင့်ကြည်မှာ သေဆုံးခဲ့ကြောင်း၊ ယင်းနေ့ ည ၈ နာရီခွဲခန့်တွင် ရွှေညီနောင်ကျေးရွာအုပ်စု ရေမနောက်ကျေးရွာအနီး ပြည်-တောင်ကုတ် ကားလမ်း မိုင်တိုင် အမှတ် ၇/၂ နှင့် ၇/၃ အကြား စည်သူဟိန်း မောင်းနှင်လာသည့် 7B/---- မစ်ဆူဘီရှီဖူဆို ရွှေပွင့်ယာဉ်လိုင်းကား လမ်းယာဘက်တွင် ရပ်တန့်စဉ် ယာဉ်မောင်း မျိုးမင်းအောင်နှင့် နောက်မှစီးသူ ကျော်မိုးနိုင်တို့၏ ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိသဖြင့် မျိုးမင်းအောင် သေဆုံးပြီး ကျော်မိုးနိုင်မှာ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ယင်းနေ့ ည ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ပုသိမ်-မုံရွာ လမ်းဆုံ ဥသျှစ်ပင် မြို့အဝင်တွင် ထက်ကိုကိုစိုး မောင်းနှင်ပြီး နောက်မှ ဘိုဘို စီးနင်းလာသောဆိုင်ကယ်မှာ လမ်းဘေးအုတ်ခုံကို ဝင်တိုက်မိသဖြင့် ယာဉ်မောင်း ထက်ကိုကိုမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုများကြောင့် တစ်နေ့တည်း လေးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် ဥသျှစ်ပင်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၁)

လမ်းပေါ် ဓားကိုင်ဆောင်ရမ်းကားသူကို ဖမ်းဆီးအရေးယူထား

ဒလ ဧပြီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရဲတပ်ဖွဲ့က နယ်မြေအတွင်း မှုခင်းမဖြစ်စေရေး လှည့်ကင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၁ ရက် နံနက် ၁ နာရီခွဲက ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက် ဂရုဏာလမ်း လမ်းမပေါ်တွင် ဓားဦးချွန်ကိုင်ဆောင် ရမ်းကားနေသော အမျိုးသားတစ်ဦးကို ဒလမြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့က ဖမ်းဆီးထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒလမြို့မရဲစခန်းမှ နယ်ထိန်း ရဲတပ်ကြပ်ကြီး မင်းဇော်ဦး၊ ရဲတပ်ကြပ် မောင်ဝင်းတို့အဖွဲ့သည် အဆိုပါအချိန်က နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက် ဂရုဏာလမ်းအရောက် လမ်းပေါ်တွင် ဇာနည်အောင်(၂၀ နှစ်) လိုင်း(၇၁) အခန်း ၄ ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်နေသူအား အရိုးအသွား ရှုစ်လက်မ ကျော်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ရမ်းကားနေသည်ကိုတွေ့ရှိရသဖြင့် ဖမ်းဆီးပြီး သက်သေ ဦးစောနိုင်တို့ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ အရေးယူနိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။

သန်းဌေး(ဒလ)

ပင်လယ်ပြင်၌ ရေလုပ်သားတစ်ဦး သေဆုံးမှုဖြစ်

ရေး ဧပြီ ၁၁

ရေးမြို့အနောက်ဘက် ကပွလီပင်လယ်ပြင် ငှက်ပျောကျွန်းအနီး ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်၌ ဧပြီ ၈ ရက် ည ၁၀ နာရီက ငါးဖမ်းလျက်ရှိသော ရေလုပ်ငန်းရှင် ဦးစောဦး၏ ငါးဖမ်းကျားဖောင်ပေါ်တွင် ရုတ်တရက် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားရာတွင် ရေလုပ်သား ကိုကျော်နိုင် (၄၁ နှစ်) ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ကိုသန်းနိုင်ဦး(၂၇ နှစ်)ရေလုပ်သား အစင်ကျေးရွာ၊ ဦးကြည်ဝင်း (၅၂ နှစ်) ရေလုပ်သား ဖျာပုံမြို့နေသူတို့ ငါးဖမ်းနေကြစဉ် ရေလုပ်သား ဦးကြည်ဝင်းသည် ဖောင်ပေါ်ရှိ ၎င်း၏အိပ်ရာတွင် အနားယူနေရာမှ မောတယ်၊ အသက်ရှူကျပ်တယ်ဟု ပြောဆိုပြီး ရုတ်တရက်သေဆုံးသွားသဖြင့် ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ရေးမြို့ပြည်သူ့ဆေးရုံသို့ အလောင်းအား တင်ပို့ထားခဲ့သည်။ ဆေးရုံသို့ ရေးမြို့မရဲစခန်းတာဝန်မှူး ဒုရဲအုပ် ထိုက်ကျော်အောင်က သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ ပြင်ပဒဏ်ရာများမတွေ့ရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေမျိုးထွန်(ရေး)

ရပ်ထားသောမြေထိုးစက်ကို ဆိုင်ကယ်က အရှိန်ဖြင့်ဝင်တိုက်

နောင်ချို ဧပြီ ၁၁

နောင်ချိုမြို့နယ် လောက်ပန်းကျေးရွာ ဘိလပ်မြေစက်ရုံဝင်းအတွင်း ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အောင်သီဟဦး (၂၃နှစ်) (ဘိလပ်မြေစက်ရုံ ရေစက်မောင်း) နောင်ချိုမြို့ ပန်ဟတ်ရပ်ကွက်နေထိုင်သူသည် ၂၄ယ/---- 125 ကမ်ဘိုဆိုင်ကယ်ကို အရှိန်ဖြင့်စီးနင်းလာစဉ် စက်ရုံအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း ကုန်းအဆင်းတွင်ရပ်တန့်ထားသော မြေထိုးစက်ကို ဝင်ရောက်တိုက်မိသဖြင့် အောင်သီဟဦးတွင် ဒဏ်ရာရရှိပြီး နောင်ချိုဆေးရုံသို့တင်ပို့စဉ် သေဆုံးသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ကော့သောင်းမြို့နယ်၌ ဘိန်းစာမှုန့် ၁၄ ဒသမ ၅၈ ကီလိုဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၁

မြန်မာ့ရိုးရာ သင်္ကြန်ကာလတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးကိစ္စ ဦးစားပေး ဆောင်ရွက်နေရသည်ကို အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုများ ပြုလုပ်နိုင်သဖြင့် တားဆီးနှိမ်နင်းရေးအား စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ် ပုလောဘာလိုင်းကျေးရွာနှင့် စူငယ်ဘာလိုင်းကျေးရွာကြားရှိ တာရိုးပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူ ဘိုင်ရှုဒင်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရမိပြီး အနီးတွင်ဆိုက်ကပ်ထားသည့် ၎င်းပိုင် ပဲ့ချိတ်စက်လှေကို ရှာဖွေရာ ပလတ်စတစ်ပုံးနှစ်ပုံးအတွင်းမှ ဘိန်းစာမှုန့်အလေးချိန် ၁၄ ဒသမ ၅၈ ကီလို သိမ်းဆည်းရမိသဖြင့် ဘိုင်ရှုဒင်(၄၅)နှစ်ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဖြစ်မှုကျူးလွန်သူ ဘိုင်ရှုဒင်ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

သင်္ကြန်ပိတ်ရက်မတိုင်မီ အဝေးပြေးကားလက်မှတ်အချို့ ပြည်ပလေကြောင်းခရီးလက်မှတ်အတိုင်း အသွားအပြန်ခယူနေ

ရန်ကုန် ဧပြီ ၁၁

နှစ်စဉ် သင်္ကြန်ပိတ်ရက်မတိုင်မီ အဝေးပြေးကားလက်မှတ်များ ဝယ်ယူရာတွင် သတ်မှတ်နှုန်းထက် တစ်ဆဝန်းကျင် ပိုပေးဝယ်နေရသည်။ ယာဉ်လိုင်းများပေါ်တွင်လည်း ခရီးသည်များ ရသလောက် တင်ဆောင်သွားခြင်းများ ကြုံတွေ့ရမှုမျိုးလည်းရှိခဲ့သည်ဟု နယ်ပြန်ခရီးသွားများက ပြောသည်။

ယာဉ်လိုင်းအဖွဲ့အစည်းများအနေဖြင့် နှစ်စဉ် ထုံးစံမပျက် ယင်းကိစ္စနှင့် ပတ်သက်၍ ကြေညာချက်ထုတ်ပြန်အသိပေးအရေးယူမှုရှိသော်လည်း ယခုအစိုးရလက်ထက်တွင်ရှိနေဆဲဖြစ်သည်ကို ယခုရက်ပိုင်းမီဒီယာများ၌ ဖတ်ရှုရသည်။ ရန်ကုန်-မန္တလေးခရီးစဉ်တွင် အထူးရထားများ ပြေးဆွဲသော်လည်း လက်မှတ်ဝယ်ယူရာတွင် ညအိပ်စောင့်ဆိုင်းရခြင်း၊ ကြားဖြတ်တိုးဝယ်ခြင်းများ ကြုံတွေ့ရသည်ဟု ရထားလက်မှတ်ဝယ်ယူရသည့်အတွေ့အကြုံအခက်အခဲများကို နိုင်ငံပိုင်သတင်းစာနှင့် အခြားမီဒီယာများတွင် ဖော်ပြလာသည်။

ယခုရက်ပိုင်းအတွင်း ယာဉ်စီးခပိုမိုတောင်းခံသော အဝေးပြေးယာဉ်လိုင်း ၁၃ လိုင်းရှိသည်ဆိုသော သတင်းထုတ်ပြန်ချက်ကို ယာဉ်လိုင်းများအမည်ဖြင့် ဧပြီ ၁၀ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာတွင် ဖော်ပြသည်။ ယင်းနေ့ထုတ် အခြားသတင်းစာတစ်စောင်တွင်လည်း ဒလဘက်ကမ်းရှိ အဝေးပြေး ယာဉ်လိုင်းအချို့တွင် အသွားအပြန်ခယူနေသည်။ သင်္ကြန်အတွင်း အပြန်ခရီးတွင် အဆိုပါကားလက်မှတ်ပြ၍စီးနိုင်သည်။ ဒလမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေးနှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေးမြို့များ အပါအဝင် နယ်များသို့ နေ့စဉ်ပြေးဆွဲနေသော ယာဉ်လိုင်း ၁၅ လိုင်းတွင် ယာဉ်စီးရေ ၃၅၇ စီးရှိသည်ဟု ဖော်ပြထားသည်။

အဝေးပြေးယာဉ်လိုင်းခများ သတ်မှတ်နှုန်းထက်ပိုမယူရဆိုသော သတ်မှတ်ညွှန်ကြားချက်ကို အသွားအပြန်ခယူ၍ရောင်းသည်ဆိုကာ လက်မှတ်ခတစ်ဆပိုပေးစီးနင်းနေရသည်ကို ဒလဘက်ကမ်းတွင် မြင်တွေ့လာရသည်ဟု သိရသည်။

ပြည်ပသွားလေကြောင်းခရီး လေယာဉ်ပျံလက်မှတ်များတွင် အသွားအပြန်လက်မှတ်ဖြတ်ရသကဲ့သို့ ယခုအစိုးရလက်ထက်၌ အဝေးပြေးယာဉ်စီးလက်မှတ်များသည်လည်း အသွားအပြန်လက်မှတ်ဝေးဝယ်ရခြင်းမျိုး စတင်မြင်တွေ့ရသည်။ လေယာဉ်လက်မှတ်တွင်အပြန်ခရီးအတွက် ခရီးသည်စိတ်ကြိုက် ရက်ရွေးချယ်ခွင့်ရှိသော်လည်း ယခုရက်ပိုင်းတွင် စတင်တွေ့ကြုံလာရသော သင်္ကြန်ကာလယာဉ်စီးခ အသွားအပြန်တွင်မူ သင်္ကြန်တွင်းရက်သာ အကျုံးဝင်သည်ဟုဆိုသဖြင့် သတ်မှတ်ကားခနှုန်းထက် တစ်ဆ ပိုမိုယူနေခြင်းအပေါ် အသွားအပြန် လက်မှတ်ခဟု လမ်းလွှဲပြောဆိုခြင်းသာဖြစ်သည်ဟု ဘိုကလေးမြို့နယ်သို့ပြန်သည့် တာမွေမြို့နယ်တွင် လာရောက်အလုပ်လုပ်ကိုင်နေသူ မမြတ်မြတ်က ဆိုသည်။

စက်သုံးဆီစျေးနှုန်းများကျဆင်းနေခြင်း၊ ဒလဘက်ကမ်းမှ ပြေးဆွဲသော ယာဉ်လမ်းကြောင်းများအပေါ်ရှိ လေလံကြေး ငွေကျပ်သိန်း ၃၀၀ အောက်ရှိသော တံတားလမ်းကြေးများ ကောက်ခံမှုမရှိခြင်းတို့ကို ယခုအခါ ကြုံတွေ့နေရသည်။ သို့သော် ခရီးသွားများပြန်သော သင်္ကြန်မတိုင်မီ အဝေးပြေးယာဉ်လိုင်းလက်မှတ်များ သတ်မှတ်နှုန်းထက် တစ်ဆဝန်းကျင်ပိုမိုရယူခြင်းဖြင့် စီးပွားဖြစ် သင်္ကြန်လုပ်ဆောင်မှုများ ယခုအစိုးရလက်ထက်တွင် အဝေးပြေးခရီးသည်သယ်ယူပို့ဆောင်မှုများတွင် မြင်တွေ့ရဆဲဖြစ်သည်ဟု နယ်ပြန်ခရီးသွားများက ပြောသည်။

ခင်ဆိုင်

ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်ထက် မြင့်တက်နိုင်

နေပြည်တော် ဧပြီ ၁၁

ဧရာဝတီမြစ်ရေသည် ဧပြီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ မြစ်ကြီးနားမြို့၌ တစ်ရက်အတွင်းနှစ်ပေခွဲခန့်ကျဆင်းခဲ့ပြီး ဖြစ်သည်။ ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် လေးရက်မှငါးရက်အတွင်း ရှစ်ပေမှ ၁၀ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့၌ တစ်ရက်အတွင်းတစ်ပေမှ သုံးပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှသုံးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့၌ နှစ်ပေခွဲမှလေးပေခန့်၊ နောက်နှစ်ရက်မှ ၁၀ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်တမြို့နှင့် ဇလွန်မြို့တို့၌ လေးပေခွဲမှ ငါးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့်ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့်ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကိုဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်သည်။

(မြန်မာ့အလင်း)

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များမြင့်တက်နေမည်။

(မိုး/ဇလ)

ရန်ကုန် - နေပြည်တော် အမြန်လမ်းတွင် ယာဉ်တိမ်းမှောက် အလှမယ် အိဖြိုးသွယ်နှင့် မိခင်ဖြစ်သူသေဆုံး၊ သုံးဦးဒဏ်ရာရ

ကျောက်တံခါး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၉၇/၂)နှင့် (၉၇/၃)ကြားခွဲ ဧပြီ ၁၁ ရက် နံနက် ၉ နာရီက ယာဉ်တိမ်းမှောက်မှုကြောင့် Miss Universe 2015 အလှမယ် အိဖြိုးသွယ်နှင့် မိခင်ဖြစ်သူတို့ သေဆုံးပြီး သုံးဦးဒဏ်ရာများ ရရှိခဲ့သည်။

သတင်းအရ အခင်းဖြစ်နေရာသို့ မြို့ချောင်း အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးထွန်းထွန်းဦး၊ တာဝန်မှူးရဲအုပ်သိန်းပိုလ်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့ချောင်း အမြန်လမ်းမကြီး မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးဇော်ရဲနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ မအိဖြိုးသွယ် (၂၄ နှစ်) မြိုင်သာယာရပ်ကွက် သမိန်ဗရမ်းလမ်း မော်လမြိုင်မြို့ နေသူ မောင်းနှင်သည့် ယာဉ်အမှတ် 4F/ ---- ပါရာဒိုယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကပ်တုံးများကို ဝင်တိုက်မိပြီး တစ်ဖက် ယာဉ်ကြောသို့ရောက်ရှိကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း မအိဖြိုးသွယ်တွင် ဒဏ်ရာများရရှိကာ နေရာ၌သေဆုံးခဲ့သည်။ ယာဉ်ပေါ်ပါ ဒေါ်သန်းသန်းအေး (၅၅ နှစ်) သည်ဒဏ်ရာဖြင့် ဆေးရုံအရောက်၌ သေဆုံးခဲ့ကာ ဦးမျိုးနိုင်(၅၆ နှစ်)၊ မလွန်းမြတ်ချယ် (၁၆ နှစ်)နှင့် မခင်အေးသန်း(၂၀ နှစ်) မုဒုံမြို့ နေသူတို့တွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိကာ မြို့ချောင်းအမြန်လမ်းမကြီး ဆေးခန်းသို့ ပို့ဆောင်ခဲ့ရပြီး ယာဉ်မှာ ပျက်စီးသွားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ခင်ကို(ကျောက်တံခါး)
ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့

MMDC
Myanmar Media Development Center
Diploma in TV Broadcasting
(ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်း)
- Foundation and Introduction
- Pre-Production
- Production Plan
- Program Production
- Post Production
- Directing
- Scriptwriting
- Journalism
- Communication Skills
- TV Presentation Skills
- Interview Techniques
- Camera and Editing
- Audio and Lighting
- Media Management
- Broadcast Engineering

- နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Asia-Pacific Institute for Broadcasting Development (AIBD), Deutsche Welle Akademie (DW) တို့နှင့်ပူးပေါင်း၍ ပြည်တွင်း၊ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အတွေ့အကြုံရှိ ဝါရင့်ဆရာ/ဆရာမများ ကိုယ်တိုင် သင်ကြားပေးလျှက်ရှိပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။

သင်တန်းကျောင်း - အခန်းနံပါတ် (T308 , T309 , T310), တတိယထပ်၊ Junction Square၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 01 527242, 532492, 502763 (Ext: 4007), Hot Line : 09 253693494
Website : www.mmdcmyanmar.com Email : mmdc.fg@gmail.com
Facebook : www.facebook.com/mmdcmyanmar

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 6G/8256 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၅၃၊ ၁၆ လမ်းနေ ဦးဝင်းမြင့်တိုး-ဒေါ်သန်းသန်းဦး တို့၏သားငယ်
ဗိုလ်ကြီးမျိုးသူ
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၂၂၊ ၁၆၅ လမ်းနေ ဦးသန်းဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)-ဒေါ်အေးအေးကြည် တို့၏သမီးကြီး
မနှင်းသီရိမွန်
(Cho Cho Co., Ltd.)
တို့သည် ၁၁-၄-၂၀၁၆ ရက်(တနင်္လာနေ့)တွင် နှစ်ဖက်မိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးမျိုးသူ-မနှင်းသီရိမွန်

ပြင်ဆင်ဖတ်ရှုပါရန်
၁၁-၄-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၆ပါ မောင်အုပ်စိုးအောင်(ခ)ဧယျာစိုးမိုးနှင့် မရည်လွင်ချိုတို့၏ မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ ကြော်ငြာတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းလွင် (တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး)နှင့်ဇနီး ဒေါ်မာမာဝင်းအစား မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးရဲထွန့် (ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်စန္ဒာထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။
မောင်အုပ်စိုးအောင်(ခ)
ဧယျာစိုးမိုးနှင့် မရည်လွင်ချို

GOLDEN STAR ခရီးသွားလုပ်ငန်း
- ကျိုက်ထီးရိုး(နေ့စဉ်)
- ချောင်းသာ/ငွေဆောင်
တိုတယ် စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448

သန်းဌေးနှင့်ရောင်းရင်းများ ၄ သင်္ကြန်ခရီးစဉ်များ
April 1, 8, 11, 12, 17, 22, 29 ထွက်မည် ကျိုက်ထီးရိုး/ချောင်းသာ (သင်္ဂြိုလ်တွင်း-နေ့စဉ်)
✿ ဌေးစက်တော်နှင့်လမ်းဘုရားခုံ(၄)ရက်။ ဆက်ချီ ပုဂံ၊ ပုပ္ပါး(၅)ရက်(တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ) (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ)(၆)ရက်။ အားလုံးပါ (၁၁)ရက်။ ✿ ဌေးစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တေ၊ ငပလီ(၆)ရက်။ ✿ ဌေးစက်တော်၊ အလောင်းတော်(၅)ရက်။ ✿ မန္တလေး၊ မုံရွာ၊ အလောင်းတော်၊ ပြင်ဦးလွင်(၅)ရက် ✿ မန္တလေး၊ ပြင်ဦးလွင်၊ လားပွတ်၊ မူဆယ်၊ ဌေလီ(၇)ရက်။ ✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ (၅)ရက်။ လှိုင်ကော်ပါ (၆)ရက်။ ✿ အင်းတော်ကြီး-ရွှေမဉ္ဇာ၊ မြစ်ကြီးနား၊ ဒေဝ-ဗေလီခမြစ်ဆုံ၊ ဌေတိုဘုရားခုံ (၉)ရက်။ ✿ ထားဝယ်ရွင်ကိုးလွင်၊ ဗောင်းမကန်ကမ်းခြေ၊ ကျိုကွမ်း၊ စက်ခဲကမ်းခြေ (၆)ရက်။ မြိတ်ပါ (၈)ရက်။ ✿ ကျိုက်ထီးရိုး။ ပေါ်လပြိုင်၊ ကျိုကွမ်း၊ ဓက်ခဲ (၃)ရက်။ ✿ လေလွန်ခပြည်၊ အကောက်တောင်၊ နှင်းရမ်း သင်္ကြန်ခရီးစဉ်များ-ကြိုတင်လက်မှတ်ရောင်းပြီ ✿ မဲလံထံတော်ရင်(ဓနုဆွမ်းပြုန်-ဓနု၊ တနင်္လာ)
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

တစ်ချက်တည်းကျင်းဝင်
၁၀-၄-၂၀၁၆ရက် ကျိုင်းတုံမြို့၊ ရွှေတြိဂံ ဂေါက်ကွင်း ကျင်းအမှတ် ၁၄ တွင် ဗိုလ်မှူးသိန်းတန်(ငြိမ်း)မှ (၁၅၄) ကိုက်အကွာအဝေးကို Hybrid(5) ဖြင့် Titleist Prov(1) ကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။ ကစားခဲ့ ကစားဖော်များအဖြစ် ၁။ ဒုရဲမှူးကြီးတင်ရွှေ(ကျိုင်းတုံ ခရိုင်ရဲတပ်ဖွဲ့မှူး) ၂။ ဦးမျိုးမင်းသန့်(ဒုတိယ ညွှန်ကြားရေးမှူး၊ ကျေး/လက်) ၃။ ဦးကျော်စိုး ၄။ ရဲအုပ်သန်းထွန်း (ကျိုင်းတုံခရိုင် ဒုစုရိုက်နိမ်နင်းရေး) ၅။ ဦးမြင့်ဇော်ဝင်း(စက်ဘီးလိုင်း ကုမ္ပဏီ)တို့ ပါဝင်ကြပါသည်။

မြန်မာ့မီးရထားမှ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်း၌ ဝန်ထမ်းအထူးရထားများနှင့် သင်္ကြန်အထူးရထားများ အစုန်/အဆန်ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၁၁

မြန်မာ့မီးရထားမှ သင်္ကြန်ကာလအတွင်း ဝန်ထမ်းများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်- မန္တလေးလမ်းပိုင်း၌ လက်ရှိပြေးဆွဲပေးနေသာ ပုံမှန်ရထားများအပြင် ဝန်ထမ်းအထူးရထားများနှင့် သင်္ကြန်အထူးရထားများကို ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။

(က) နေပြည်တော်မှဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ရှိပြေးဆွဲနေသော အမှတ်(၃၁) အဆန်၊ အမှတ်(၃၂) အစုန်၊ အမှတ်(၇) အဆန်၊ အမှတ်(၈) အစုန်ရထားများအပြင် ဝန်ထမ်းအထူးရထားများအား အောက်ဖော်ပြပါ အချိန်စာရင်းအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

စဉ်	ရက်စွဲ	ရထားအမှတ်	ခရီးစဉ်		ခရီးစ ထွက်ချိန်	ခရီးဆုံး ရောက်ချိန်
			မှ	သို့		
၁	၁၉-၄-၂၀၁۶	အဆန်အထူးရထား(၁)	ရန်ကုန်	နေပြည်တော်	၁၉း၃၀	၀၃း၅၀
၂	၂၀-၄-၂၀၁۶	အဆန်အထူးရထား(၂)	ရန်ကုန်	နေပြည်တော်	၁၉း၃၀	၀၃း၅၀
၃	၂၀-၄-၂၀၁۶	အဆန်အထူးရထား(၃)	ရန်ကုန်	နေပြည်တော်	၂၁း၀၀	၀၅း၁၅
၄	၂၀-၄-၂၀၁۶	အစုန်အထူးရထား	မန္တလေး	နေပြည်တော်	၂၂း၀၀	၀၃း၄၅

အထက်ပါဝန်ထမ်းအထူးရထားများအား နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် လမ်းခရီး၌ပျင်းမနား၊ တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-မန္တလေးခရီးစဉ်တွင် လမ်းခရီး၌ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ ကျောက်ဆည်တို့၌ ရပ်တန့်ပေးမည်ဖြစ်သည်။

(ခ) ထို့ပြင် ရန်ကုန်-မန္တလေးလမ်းပိုင်း၌လည်း လက်ရှိပြေးဆွဲပေးနေသော အမှတ်(၁၁) အဆန်၊ အမှတ်(၁၂)အစုန်၊ အမှတ်(၃) အဆန်၊ အမှတ်(၄)အစုန်၊ အမှတ်(၅)အဆန်၊ အမှတ်(၆) အစုန်ရထားများအပြင် သင်္ကြန်အထူးရထားများအား အောက်ဖော်ပြပါအချိန်စာရင်းအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စဉ်	ရက်စွဲ	ခရီးစဉ်		ခရီးစထွက်ချိန်	ခရီးဆုံးရောက်ချိန်
		မှ	သို့		
၁	၁၂-၄-၂၀၁۶	ရန်ကုန်	မန္တလေး	၁۶း၀၀	၀۶း၀၀
၂	၁۷-၄-၂၀၁۶	မန္တလေး	ရန်ကုန်	၁۶း၀၀	၀۶း၃၀
၃	၁၈-၄-၂၀၁۶	မန္တလေး	ရန်ကုန်	၁۶း၀၀	၀۶း၃၀

ကရင်ပြည်နယ် ဘားအံမြို့ မဟာသင်္ကြန် စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင်စွာ ကျင်းပမည်

ဘားအံ ဧပြီ ၁၁

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာတို့၏ ၁၂လရာသီ ပွဲတော်များအနက် နှစ်ဟောင်းမှအညစ်အကြေးများအား ဆေးကြောသန့်စင်ပြီး ဘေးရန်ကင်းသောနှစ်သစ်သို့ ကူးပြောင်းသည့် အတာရေသဘင် မဟာသင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဘားအံမြို့၌ စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့ကမ်းနားလမ်း တစ်လျှောက်နှင့် မြို့ပေါ်ရပ်ကွက်များ၌ ရေကစားမဏ္ဍပ် ၁၃ ခု ဆောက်လုပ်ထားပြီး ဗဟိုမဏ္ဍပ်၌ ရပ်ကွက်နှင့် ဌာနဆိုင်ရာများမှ ယိမ်းအဖွဲ့ ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေကြမည်ဖြစ်သည်။ ဆုများအနေဖြင့် မဏ္ဍပ်အလှပြိုင်ပွဲဆု၊ ယိမ်းအကဆု၊ ယိမ်းအဆိုဆု၊ တပင်တိုင်အကဆု၊ တပင်တိုင်အဆိုဆု၊ ဂီတစာဆိုဆုများကို ဧပြီ ၁၆ ရက်ညတွင် ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ အနေဖြင့် သင်္ကြန်ကာလအတွင်း အများပြည်သူ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် သင်္ကြန်အကြိုကာလတွင် မှုခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တိုင်းရင်းသားရိုးရာ စာပေသင်တန်းဖွင့်

တွံတေး ဧပြီ ၁၁

တွံတေးမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ ဦးဆောင်မှုအရ ကျွန်းဘက် ကရင်ချောင်းကျေးရွာအုပ်စု ကရင်ချောင်းကျေးရွာ၌ ပထမအကြိမ် ဖွင့်လှစ်သင်ကြားခဲ့သော အနောက်ပိုးကရင်ဘာသာစာပေနှင့် ယဉ်ကျေးမှုသင်တန်း၏ သင်တန်းဖွင့်ပွဲကို ဧပြီ ၉ ရက်က ရှင်ညိုတန်ဆောင်း၌ ကျင်းပသည်။

သင်တန်းတွင် ပိုးကရင်ဘာသာကို မူလတန်းအဆင့်နှင့် ပထမတန်းအဆင့် နှစ်တန်းခွဲ၍သင်ကြားပေးမည်ဖြစ်ကာ ကျောင်းသား၊ ကျောင်းသူ ကရင်တိုင်းရင်းသား ၄၀ သင်ကြားကာ စကောကရင်ဘာသာရပ်ကို မူလတန်းအဆင့် သင်ကြားပေး၍ တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး တက်ရောက်သင်ကြားနေပြီး သင်တန်းကို ဧပြီ ၉ ရက်မှ ၃၀ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလိုတိုင်းရင်းသားရိုးရာ ဓလေ့ဘာသာစကားတွေ မပျောက်ပျက်အောင် သင်ကြားပေးတာ ဝမ်းသာပါတယ်။ ကျွန်တော်ကတော့ ကိုယ့်လူမျိုးဘာသာစကား သိပ်မပြောတတ်တော့ဘူး။ မျိုးဆက်သစ်လူငယ်တွေအတွက် ဒီသင်တန်းကို တက်စေချင်တယ်။ ရိုးရာဘာသာစကား မကွယ်ပျောက်စေချင်ဘူး"ဟု ကရင်တိုင်းရင်းသားတစ်ဦးက ပြောသည်။

မျိုးလှိုင်(တွံတေး)

ရာသီဥတုနှင့်လိုက်လျောညီထွေသည့် ရေသွင်းနွေနမ်းသီးနံစိုက်ပျိုးရေး ပညာပေးသင်တန်းဖွင့်

မိတ္ထီလာ ဧပြီ ၁၁

မိတ္ထီလာတွင် ရာသီဥတုနှင့်လိုက်လျောညီထွေသည့် ရေသွင်းနွေနမ်းသီးနံ့စိုက်ပျိုးရေးပညာပေးသင်တန်းကို နွေနမ်းစိုက်ပျိုးသည့် အိုင်ကြီးလည်ကျေးရွာအုပ်စု ရွှေချောင်းပေါက်ကျေးရွာတွင် ဧပြီလပထမပတ်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ရွှေချောင်းပေါက်ကျေးရွာ နွေနမ်းစိုက်ပျိုးသည့် တောင်သူများအား အယ်နီညိုအပူဒဏ်ကြောင့် ဒေသ၊ ရာသီဥတုနှင့်လိုက်လျောညီထွေသည့် ရေသွင်းနွေနမ်းသီးနံ့ ရွေးချယ်စိုက်ပျိုးရေး၊ ရွေးချယ်သည့် နွေနမ်းသီးမျိုးအား သက်တမ်းတိုမျိုး ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးသည့်စနစ်အား ယခင်ကြပက်စိုက်ပျိုးသည့်စနစ်အစား ရေသွင်းမြောင်းနှင့် ပေါင်ပြုလုပ်စိုက်ပျိုးရေး၊ တောင်သူများဝင်ငွေတိုးပွားစေရန် စိုက်ပျိုးသီးနံ့ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ကုန်ကျစရိတ်သက်သာ၊ ရေသက်သာ၊ ကုန်ထုတ်လုပ်ငန်းစဉ်ကို ကျွမ်းကျင်ကျွမ်းဝင်ရေးတို့ကို ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

မျှားကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပညာပေးရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အိမ်ခြံမြေအရောင်းပြပွဲ မေလတွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ဂျာမနီနိုင်ငံအခြေစိုက် အွန်လိုင်းအိမ်ခြံမြေ ရောင်း၊ ဝယ်၊ ငှားသည့် ဝက်ဘ်ဆိုက် တစ်ခုဖြစ်သည့် House.com.mm မှ စီစဉ်ကျင်းပသည့် Housing & lifestyle Expo အိမ်ခြံမြေအရောင်းပြပွဲကို လာမည့် မေ ၅ ရက် မှ ၈ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအရောင်းပြပွဲတွင် လူနေထိုင်ရာအဆောက်အအုံ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံ အလုံးပေါင်း ၃၀ ကျော်အား ဆောက်လုပ်ရေးလုပ်ငန်းပေါင်း ၂၅ ခုကျော်မှ ပါဝင်ပြသသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲတွင် အထူးစျေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါပြပွဲတွင် Green Vision၊ Yoma နှင့် MKT လုပ်ငန်းတို့မှ တိုက်ခန်းနှင့် အိမ်ရာများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းဦးနဒီ

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့မှ အလုံမြို့နယ်သတင်းထောက် မြင့်အောင်(စက်မှု-ဆေးဝါး) ဆေးရုံတက်ရောက်ကုသခြင်းအတွက် ကျန်းမာရေးထောက်ပံ့ငွေပေးအပ်ပွဲကို ဧပြီ ၇ ရက်က မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အဖွဲ့နာယကများ၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အလုပ်အမှုဆောင်များက ပေးအပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မန္တလေးရဲ့ ၀ ၀ ချစ်မြတ်နိုးသူများ ဆုံစည်းရာ စာအုပ်မိတ်ဆက်ပွဲကျင်းပ

မန္တလေး ဧပြီ ၁၁

မန္တလေးရဲ့ . . . ချစ်မြတ်နိုးသူများဆုံစည်းရာ ရသဝတ္ထုတိုစုစည်းမှု အမှတ်(၂) စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ဧပြီ ၉ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၂၇ လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား မြန်ဒ္ဒာလမ်း အောင်တော်မူရပ်ရှိ ကမ္ဘာ့တစ်ခုတည်းသော ဇာတာကနုတ်ပန်းပြခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် တကောင်းဆရာတော်ဦးရဝ(စာရေးဆရာမြင့်မြတ်သူ)က သြဝါဒစကားမြွက်ကြားသည်။ ထို့နောက် အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌဆရာ ဦးဌေးအောင်၊ အတွင်းရေးမှူးဆရာ ဝင်းမော်ငြိမ်း၊ ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာ ဆွေနွယ်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ် မစ္စတျင်းလီ၊ ဆရာ ခင်မောင်နှင်း(ကျောက်ပန်းတောင်း)၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဆရာမောင်သန်း(မဟာဝိဇ္ဇာ)တို့က မုဒိတာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း

နန်းကင် ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လယ်ပြင်သီဘာကျေးရွာအုပ်စု နန်းကင် ကျေးရွာဘုန်းတော်ကြီးကျောင်းအဝင်လမ်းအား နန်းကင်ဘုန်းတော်ကြီး ဦးဝါယမိန္ဒဦးစီးကာ ဂေါပကဦးခင်ဖေနှင့် ကျေးရွာသူ ကျေးရွာသားများက ဧပြီ ၈ ရက်တွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းဆောင်ရွက်ခဲ့သည်။ အဆိုပါကတ္တရာလမ်းကို အရှည်ပေ ၁၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ၆လက်မဖြင့် ဆောင်ရွက်လျက်ရှိပြီး အင်းတော်မြို့စည်ပင်သာယာရေးဌာနမှ စက်ယန္တရားကြီးများ၊ လမ်းဦးစီးဌာနမှ ကျွမ်းကျင်လုပ်သားများဖြင့် ကူညီထောက်ပံ့ခဲ့ပြီး နန်းကင်ကျေးရွာမှ လုပ်အားဒါနနှင့်အလှူငွေထည့်ဝင်ခဲ့ကြောင်း နန်းကင်ဘုန်းတော်ကြီးထံမှ သိရသည်။ အဆိုပါကတ္တရာလမ်းမှာ ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမကြီးနှင့် ဆက်စပ်ဆက်သွယ်သောလမ်းဖြစ်ကြောင်းလည်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

စပါးအထွက်နှုန်းကောင်းမွန်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ထန်းတပင် ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းညွှန်ကြားရေး မှူးဦးလှမြင့်၊ တောင်ငူခရိုင် ထန်းတပင်မြို့နယ်ဦးစီးမှူး ဦးကိုကိုစိုးနှင့် တာဝန်ရှိသူများသည် ဧပြီ ၉ ရက်က ကြို့ပင်သာကျေးရွာအုပ်စုရှိ တကွင်းတစပ်တည်း ၈က ၃၀၀ နွေစပါး ပုလဲသွယ်စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် တောင်သူများနှင့် တွေ့ဆုံ၍ စိုက်စနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ထွက်နှုန်းမြင့်မားရေးအတွက် စိုက်ပျိုးနည်းပညာများကို စနစ်တကျ လိုက်နာ ဆောင်ရွက်နိုင်ရေးတို့ကို ပညာပေးဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ထန်းတပင်မြို့နယ်အတွင်း ယခုနှစ် ပုလဲသွယ်စပါး မြို့နယ်လုံးကျွတ် စိုက်ပျိုးထားနိုင်သည့် အခြေအနေနှင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုနိုင်ကြရန် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမ၊ တီလားပီးလား ငါးသားပေါက်များကိုမြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အောက်ပါနေရာများ၌ ရောင်းချပေးပါမည်-

ရန်ကုန်မြို့ - ရွှေတိဂုံစေတီတော်၊ သွေးဆေးကန်၊ ကမ္ဘာအေးကုန်းမြေ၊ မဂ်လာကန်တော်ကြီး၊ စွယ်တော်မြတ်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ ရွှေပြည်သာ၊ သာခုကန်ဘုရား

မန္တလေးမြို့ - ကျုံးဘေး၊ ၇၀-၇၁ လမ်းကြား

ပဲခူးမြို့ - ရွှေသာလျောင်းဘုရားကြီး၊ လိပ်ပြာကန်

ဟသံတမြို့ - ဦးပါရဲဘုရား

ပုသိမ်မြို့ - မြို့တော်ခန်းမရှေ့

ကြိုတင်မှာယူလိုသူများသည် အောက်ပါငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်)- ဖုန်း-၀၆၇ ၄၁၆၅၄၉၊ ၀၉- ၄၀၁၅၄၅၀၇၇

လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း (ရန်ကုန်)- ဖုန်း-၀၁ ၇၀၈၅၁၉/ ၀၉ -၄၀၀၄၄၄၅၀၅

လှော်ကားငါးလုပ်ငန်းစခန်း(ရန်ကုန်)-ဖုန်း-၀၉-၄၀၂၅၀၆၃၄၂

ပုသိမ်ကြီးငါးလုပ်ငန်းစခန်း (မန္တလေး)-ဖုန်း-၀၂၃၀၁၂၉/၀၉- ၂၀၁၁၈၉၂

ပဲခူးငါးလုပ်ငန်းစခန်း-ဖုန်း-၀၅ ၂၂၃၇၀၂/ ၀၉ ၂၅၀၀၆၆၃၇၆၃

သနပ်ပင်ငါးလုပ်ငန်းစခန်း-ဖုန်း-၀၉ ၄၂၈၁၇၃၂၄၄၅/ ၂၅ ၄၄၈၅၇၉

ဟသံတငါးလုပ်ငန်းစခန်း-ဖုန်း-၀၉-၄၂၈၃၃၉၁၀၄

မတ္တရာငါးလုပ်ငန်းစခန်း-ဖုန်း-၀၉-၄၂၀၁၁၂၇၀၃

ဝိုင်းမော်ငါးလုပ်ငန်းစခန်း-ဖုန်း-၀၉-၄၀၀၀၅၀၈၇၈

ရွှေဘိုငါးလုပ်ငန်းစခန်း-ဖုန်း-၀၉-၆၄၆၁၁၀၃

ပုသိမ်ငါးလုပ်ငန်းစခန်း-ဖုန်း-၀၄၂၄၄၂၅/ ၀၉-၈၅၅၄၀၉၄

အဆိုပါဇီဝိတဒါန ငါးလွှတ်ကြရာတွင်ဤဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁) ဖြင့် တားမြစ်ထုတ်ပြန်ထားသော အာဖရိကငါးခူသားပေါက်များရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လွှတ်ခြင်းများမပြုလုပ်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဟသံတခရိုင် အင်္ဂပူမြို့နယ် စေတီခုံကျေးရွာအုပ်စုနှင့် ကန်ကွင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရစ်ရွာတွင် ဧပြီ ၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီးခဲ့ရာ အဆိုပါကျေးရွာရှိ လေဘေးသင့်ပြည်သူများထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့်အဖွဲ့သွားရောက်၍ ပစ္စည်းများထောက်ပံ့ပေးအပ်စဉ်။

မန်းကျော်(ပြန်/ဆက်)

မော်ကျွန်း-ကညင်ခဲကျေးရွာ၌ ပြည်သူများအား အိမ်တိုင်ရာရောက် စာအုပ်စာစောင်များ အခမဲ့ဌားရမ်း

မော်ကျွန်း ဧပြီ ၁၁

မော်လမြိုင်ကျွန်းမြို့နယ် ကညင်ခဲကျေးရွာဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်များတွင် စာအုပ်စာစောင်များကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာခွင့် ရရှိစေရေးအတွက် အထူးအစီအစဉ်အနေဖြင့် အိမ်တိုင်ရာရောက် စာအုပ်/ စာစောင်များ အခမဲ့ဌားရမ်းပွဲကို ဧပြီ ၉ ရက် နံနက် ၈ နာရီမှစတင်၍ ကညင်ခဲကျေးရွာ၌ ကျင်းပသည်။

ယင်းအခမဲ့ဌားရမ်းသည့် စာအုပ်စာစောင်များမှာ လပွတ္တာမြို့ အနန္တဂုဏ်ရည် စာကြည့်တိုက်မှ ပေးပို့သော သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ ၈၂ အုပ်နှင့် ကညင်ခဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ရှိ စာအုပ်စာစောင်မျိုးစုံ အုပ်ရေ ၂၂၀ စုစုပေါင်း အုပ်ရေ ၃၀၂ အုပ်တို့အား ကညင်ခဲကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် စာပေဝါသနာရှင်များက ကညင်ခဲကျေးရွာ အိမ်ခြေ ၈၉ အိမ်တို့ရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများထံ အိမ်တိုင်ရာရောက်ကွင်းဆင်းခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် သုံးရက် တစ်ကြိမ်ဌား၊ စာအုပ်စာစောင်အသစ်လဲ ပြန်ဌားရမ်းစနစ်ဖြင့် စာအုပ်စာစောင်များ ဌားရမ်းပေးခဲ့ကြရာ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများမှာ စာအုပ်စာစောင်များ နွေရာသီကျောင်းပိတ်ရက်တွင် ဖတ်ခွင့်ရရှိနေသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ်၊ M-12,M-13 နှင့် M-14 တို့တွင် 3D Marine Seismic Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် PGS APOLLO နှင့် MV RAMFORM SOVERIENGEN တို့ဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၁၅ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ 3D Marine Seismic Acquisition Survey လုပ်ငန်းများဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point Area 1မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃ မိနစ် ၃၅ ဒသမ ၉၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃ မိနစ် ၁၆ ဒသမ ၆၉၇ စက္ကန့်၊ Point Area 1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃ မိနစ် ၃၅ ဒသမ ၉၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀ မိနစ် ၅၃ ဒသမ ၇၀၇ စက္ကန့်၊ Point Area 1 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၅ မိနစ် ၀ ဒသမ ၆၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀ မိနစ်၅၃ ဒသမ ၆၈၉ စက္ကန့်၊ Point Area 1 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၅ မိနစ် ၀ ဒသမ ၆၇၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၄ မိနစ် ၅၄ ဒသမ ၇၄၇ စက္ကန့်၊ Point Area 1 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၀ မိနစ် ၁၂ ဒသမ ၄၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၄ မိနစ် ၅၄ ဒသမ ၇၃၅ စက္ကန့်၊ Point Area 1 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၀ မိနစ် ၁၂ ဒသမ ၄၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၇ မိနစ် ၃၃ ဒသမ ၅၄၁ စက္ကန့်၊ Point Area 1မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၆ မိနစ် ၄၀ ဒသမ ၂၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၇ မိနစ် ၃၃ ဒသမ ၄၄၁ စက္ကန့်၊ Point Area 1မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉ မိနစ် ၅၁ ဒသမ ၃၀၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃ မိနစ် ၁၆ ဒသမ ၇၂၆ စက္ကန့်၊ Point Area 1မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉ မိနစ် ၅၁ ဒသမ ၂၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၃ မိနစ် ၂၀ ဒသမ ၄၁၉ စက္ကန့်နှင့် Point Area 1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၆ မိနစ် ၄၀ ဒသမ ၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၃ မိနစ် ၂၀ ဒသမ ၄၃၀ စက္ကန့် အတွင်း၌ လည်းကောင်း၊ Point Area 2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၈ မိနစ် ၉ ဒသမ ၂၂၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၁ မိနစ် ၂၂ ဒသမ ၆၂၉ စက္ကန့်၊ Point Area 2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၈ မိနစ် ၉ ဒသမ ၂၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၈ မိနစ် ၄၁ ဒသမ ၅၆၅ စက္ကန့်၊ Point Area 2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉ မိနစ် ၅၂ ဒသမ ၈၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၁ မိနစ် ၂၂ ဒသမ ၇၂၃ စက္ကန့်၊ Point Area 2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉ မိနစ် ၅၂ ဒသမ ၈၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၈ မိနစ် ၄၁ ဒသမ ၄၉၁ စက္ကန့်တို့အတွင်း၌ လည်းကောင်း ဖြစ်သည်။

၃။ သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ်၊ M-12,M-13 နှင့် M-14 တို့တွင် 3D Marine Seismic Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် PGS APOLLO နှင့် MV RAMFORM SOVERIENGEN တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ယင်းမာပင်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ယင်းမာပင် ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ယင်းမာပင်မြို့ မဟာဇောတိကာရာမကျောင်းတိုက်အထိ လမ်းဘေးဝဲယာရှိ ချဲ့ရွယ်ပိတ်ပေါင်းများနှင့် အမှိုက်သရိုက်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီနှင့် ဒေါ်အောင်မေရီတို့ ဦးဆောင်ကြီးကြပ်ပြီး မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ဧပြီ ၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း တာဝန်ရှိသူများက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ဝိုင်းဝန်းပူးပေါင်းကာ သတ်မှတ်ထားသည့် ဗိုလ်ချုပ်လမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲယာနေရာများတွင် စုပေါင်းအမှိုက်သန့်ရှင်းရေးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

လူမှုစောင့်ရှောက်ရေးစခန်းသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စောင်၊ ခြင်ထောင်များ လှူဒါန်း

ရန်ကုန် ဧပြီ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ်ရှိ အောက်ဝါးနက် ချောင်း ကျေးရွာ လူမှုစောင့်ရှောက်ရေးစခန်းသို့ စောင် ၉၅ ထည်နှင့် ခြင်ထောင် ၉၅ လုံးကို ဧပြီ ၁၀ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ဝဲပုံ)**

လူမှုစောင့်ရှောက်ရေးစခန်းကို ၂၀၀၃ ခုနှစ်က စတင်ဖွင့်ခဲ့ပြီး ဖွင့်ခါစက လူဦးရေ ၂၀ သာရှိကြောင်း၊ ယခုအခါ ၉၅ ဦးရှိပြီး ပေ(၂၀ × ၁၂၅) ရှိ အိပ်ဆောင်နှစ်ဆောင်တွင် တစ်ဆောင်ကို ခုတင် ၅၀ ထားရှိကြောင်း ဦးအောင်ငွေက ပြောသည်။

"ဒီမှာရှိတဲ့လူတွေက ရန်ကုန်မြို့တွင်း အခြေအနေမဲ့ တောင်းရမ်းစားသောက်သူတွေ၊ လေ့လွင့်နေတဲ့သူတွေကို မြို့တော်စည်ပင်သာယာရေးရဲတပ်ဖွဲ့ဝင်တွေက လာရောက်ပို့ဆောင်ထားတာဖြစ်တယ်။ လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်းနှစ်ဦး၊ လုံခြုံရေးအတွက် စည်ပင်သာယာရေး ရဲတပ်ဖွဲ့ဝင်ငါးဦးနဲ့ စောင့်ရှောက်ပေးထားတယ်။ ၁၆ နှစ်အောက် ကလေးသူငယ်များ ရောက်လာရင်တော့ လူမှုဝန်ထမ်း ကလေးသူငယ်စောင့်ရှောက်ရေးသင်တန်းကျောင်းကို လွှဲပေးတယ်။ ၁၆ နှစ်အထက် သက်ကြီးရွယ်အိုတွေပဲ ဒီမှာရှိပါတယ်။ ကျွေးမွေး စရိတ်ကိုတော့ သက်ဆိုင်ရာဌာနများနဲ့ အခြားလူမှုကူညီရေးအဖွဲ့များက မကြာခဏ လာရောက်လှူဒါန်းကြပါတယ်။ ဒီမှာက ဉာဏ်ရည်မမီသူတွေ၊ ဆွံ့အနားမကြားသူတွေ၊ အနာရောဂါရှိသူတွေ ရောက်လာတာများပါတယ်။ လူကောင်းသိပ်မရှိဘူး။ ကျန်းမာရေးစောင့်ရှောက်မှုကို အောက်ဝါးနက်ချောင်းကျေးရွာ ကျန်းမာရေးဦးစီးဌာနက စောင့်ရှောက်ပေးတယ်" ဟု ၎င်းက ပြောသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောအတတ်ကို အလွှာစုံတတ်မြောက်ရန် မုံရွာမြို့၌ ပွင့်လှစ်သင်ကြားပေး

မုံရွာ ဧပြီ ၁၁

အင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာပညာ သင်တန်းကို မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်၍ မတ်လမှ စတင်သင်ကြားပေးလျက်ရှိရာ အဆင့်မြင့်သင်တန်းများကို ဆက်လက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သင်တန်းဖွင့်လှစ်သော ဧပြီ ၁၀ ရက်က မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနေဝယ်ထံမှ သိရသည်။

မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် Unsung Heroes Groups တို့ ပူးပေါင်း၍ Unsung Heroes Capacity Building Program အညတရသူရဲ ကောင်းလေးများ ပညာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အဆိုပါ သင်တန်းကို မုံရွာမြို့ အလယ်ရပ် တရုတ်တန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၌ ဖွင့်လှစ်ခြင်းဖြစ်သည်။

ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင် အသင်းမှ ပညာရှင်များက ကူညီထောက်ပံ့ခြင်းဖြစ်ပြီး မတ်လက စတင်သင်ကြားသော သင်တန်းတွင် အလွှာပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်သင်ကြားလျက်ရှိကာ သင်္ကြန်အပြီးတွင် ဖွင့်လှစ်မည့်သင်တန်းအတွက် သင်တန်းသား အမည်စာရင်းကို လက်ခံလျက်ရှိရာ သင်တန်းသား ဦးရေ အလွန်များပြားလာသောကြောင့် အချိန်ခွဲခြင်းနှင့် ဆရာဦးရေတိုးခြင်းများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

တွေ့ဆုံမေးမြန်း ၁၇

မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကား ယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေးတားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြို့ဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည် ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မည်စန္ဓမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာ ဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါး အပါအဝင် အဆန်းထွင်သုံးစွဲအပျော်လွန်ကျူးလွန် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်နေ့မှ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင်ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွေ့ပျို့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ဒိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအား ပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖိလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန်းရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး (သို့မဟုတ်) အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ သင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမှုခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချရန်စီစဉ်ထားရှိ

ရန်ကုန် ဧပြီ ၁၁

သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလ ဧပြီ ၉ ရက်မှ ၂၀ ရက်အတွင်း အများပြည်သူများ ခရီးသွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG)များ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၁ ဆိုင် ရှိသည့်အနက် ၃၅ ဆိုင်အား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၌ တစ်ဆိုင်နှင့် ပလိပ်မြို့တွင်တစ်ဆိုင် စုစုပေါင်း နှစ်ဆိုင်အားလည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ရေနံချောင်းမြို့၌ နှစ်ဆိုင်နှင့် ချောက်မြို့တွင်တစ်ဆိုင် စုစုပေါင်း သုံးဆိုင်အားလည်းကောင်း ပိတ်ရက်မရှိ နေ့စဉ်ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

သင်္ကြန်ကာလ မူးယစ်ဆေးဝါးများ ပြည်သူလူထုအတွင်း ဝင်ရောက်မှုမရှိစေရေးဆောင်ရွက်

နောင်ချို ဧပြီ ၁၁

နောင်ချိုမြို့အရှေ့ဘက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုးအမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု (နောင်ချို) လှုပ်ရှားတပ်ဖွဲ့ဝင်တို့မှ ၂၀၁၆ ခုနှစ်မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးများပြည်သူများထံ စီးဝင်မှုမရှိစေရေးအတွက် ဒုရဲအုပ်နိုင်စိုးကြီးကြပ်ကာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို စနစ်တကျ စစ်ဆေးရှာဖွေခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် နှစ်ရက်အတွင်း မူးယစ်ဆေးဝါး၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားအများအပြားနှင့် တရားခံအမျိုးသားသုံးဦး၊ ဆိုင်ကယ်သုံးစီးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ကုန်စည်ကူးသန်းမှုနှင့်ခရီးသွားလာရေးအတွက်အားထားရမည့် ကုက္ကိုဝတံတားကြီး တည်ဆောက်ပြီးစီးတော့မည်

သတင်းဆောင်းပါး - မောင်သင်းပျံ့၊ ဓာတ်ပုံ - ငြိမ်းချမ်း

နံနက်ခင်းထွက်ပေါ်လာသော တပေါင်းနေခြည်သည် ကုက္ကိုဝမြစ်ပြင်ပေါ်တွင် ပြေးလွှားခုန်ပေါက်လျက်ရှိပြီး ရေယာဉ်များတံတားအောက်မှ ဖြတ်သန်းသွားလာလျက်ရှိသည်။ မြစ်ပြင်ပေါ်တွင် ခန့်ထည်စွာတည်ရှိနေသော တံတားကြီးသည် နိုင်ငံအတွက်ဂုဏ်ယူစရာပင်ဖြစ်သည်။

ရေစီးကြမ်းပြီး ရေပေါ်သောင်တံတားနှင့် မြို့ချောင်းတံတားတို့မှ စီးဆင်းလာသောမြစ်နှင့် ပေါင်းဆုံသည့်အတွက် တံတားမှာ မြစ်ဆုံအနီးတွင် တည်ရှိသည်။ တစ်ချိန်က ယာဉ်များဖြတ်သန်းရာတွင် ဇက်များဖြင့် အချိန်ပေး ဖြတ်သန်းရသဖြင့် ကုန်စည်ကူးသန်းမှုတွင် ယာဉ်ကြီးများ ဖြတ်သန်းသွားလာရာ၌ အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရမည်မှာအမှန်ပင်ဖြစ်သည်။

ကုက္ကိုဝတံတားသည် ရန်ကုန်မြောက်ပိုင်းခရိုင်ထန်းတပင်မြို့နှင့် လမုတန်း-လှည်းဆိပ်သို့ဆက်သွယ်ပေးထားသောတံတားကြီးဖြစ်ပြီး ဥတိုနှင့် မော်ဘီသို့ ဧရာဝတီတိုင်းဒေသကြီးမှ ချိန်ခါမရွေးသွားလာနိုင်စေရန်တည်ဆောက်ထားသော တံတားလည်းဖြစ်သည်။ ရန်ကုန်-ပုသိမ်ကားလမ်းပေါ်မှ ထန်းတပင်မြို့သို့ ရှစ်မိုင်ဝေးကွာကာ မြို့၏အနောက်မြောက်တွင် ကုက္ကိုဝတံတားကြီးတည်ရှိသည်။ ထိုတံတားသံပေါင်များအား မြောင်းတကာ သံမဏိစက်ရုံနှင့် သာကေတရှိ JNM စက်ရုံတို့မှ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်သောသံပေါင်များ တပ်ဆင်ထားခြင်းဖြစ်သည်။ ငွေရောင်တောက်ပနေသော တံတားကြီးပေါ်တွင် ရေလယ်တိုင် RP(2)၊ (3)သာ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းရှိနေပြီး တံတားနှစ်ဖက်တွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို လုပ်သားအင်အားဖြင့် ခင်းကျင်းဆောင်ရွက်လျက်ရှိသည်။

မြစ်ပြင်အတွင်း စက်လှေနှင့် ကျောက်သဲ၊ သစ်တင်သော စီဘီတွဲသင်္ဘောများ ဖြတ်သန်းသွားလာလျက်ရှိပြီး လကွယ်ရက် ရေထရက်ဖြစ်သည့်အတွက် နံနက်ခင်းရေကျချိန်တွင် ရေသည် ဝါးလုံးထိုးစီးဆင်းနေသောကြောင့် ရေလယ်တိုင်မီတာ ၁၂၀ အကျယ်တွင် ရေယာဉ်များဖြတ်သန်းသွားလာရာတွင် အခက်အခဲမရှိသော်လည်း ရေလယ်တိုင်သံပေါင် တပ်ဆင်ချိန်တွင် ရေလမ်းကြောင်းအား အကျယ် ၇၂၀ မီတာရှိသော RP(3)နှင့်(4)နေရာမှသာ ဖြတ်သန်းမောင်းနှင်ရမည်ဖြစ်သောကြောင့် ရေယာဉ်များသတိပြု သွားလာရမည့် နေရာသာဖြစ်သည်။

ကုက္ကိုဝတံတားသည် သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး ၆၉၄ ဒသမ ၅ မီတာရှည်လျားကာ အုတ်မြစ်ကို Bored Pile Foundation ဖြင့် လည်းကောင်း၊ အပေါ်ထည်အား သံမဏိသံပေါင် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ယာဉ်သွားလမ်းအကျယ်အား ၈ ဒသမ ၅ မီတာထားရှိပြီး တစ်ဖက်လျှင် တစ်မီတာစီထားရှိပါသည်။ ရေယာဉ်များသွားလာမှုလွယ်ကူစေရန် ရေလမ်းကင်းလွတ်နယ်မြေအား အကျယ် ၁၁၀ မီတာနှင့် အမြင့် ၁၂ မီတာထားရှိပြီး တံတားခံနိုင်ဝန် ၇၅ တန် သတ်မှတ်ထားပါသည်။ ကုက္ကိုဝတံတားအား ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်သည်။

ကုက္ကိုဝတံတားကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောင်ရေးအဖွဲ့(၂)မှ တာဝန်ယူဆောက်လုပ်လျက်ရှိပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးဝင်းသောင်းက RP(1)၊ (2)သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းပြီးစီးပြီဖြစ်၍ ကျောက်ပြားခင်းရန်သာကျန်ရှိကြောင်း၊ ယခု RP(3)၊ (4)တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးပြီဖြစ်၍ ယာယီ Support လုပ်ထားသော Station သံပိုက်လုံးများကို ပြန်လည်နုတ်ယူလျက်ရှိပြီး ရေလည်တိုင်ဖြစ်သော RP(2)၊ (3)နေရာတွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းလုပ်ဆောင်နိုင်ရန် သံပိုက်လုံးများကိုပြောင်းရွှေ့စိုက်ထူကာ ရေလမ်းကြောင်းကိုလည်းပိတ်၍ RP(3)၊ (4)နေရာတွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ရေလယ်တိုင်ရေလမ်းကြောင်းပိတ်ဆို့မှုကို ဧပြီ ၁၅ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ရေလယ်တိုင်မီတာ ၁၂၀ အကျယ်နေရာမှ မီတာ ၇၂၀ အကျယ်ရှိသည့် RP(3)၊ (4) သို့ရေလမ်းကြောင်းပြောင်းလဲရာတွင် စီဘီတွဲရေယာဉ်များသတ်မှတ်ထားသောရေလမ်းကြောင်းပြ အချက်ပြအမှတ်အသားများအတိုင်း လိုက်နာသွားရန် အရေးကြီးကြောင်း၊ ဇူလိုင်လထိ ထိုရေလမ်းကြောင်းအတိုင်းသာ ရေယာဉ်များသွားလာရမည် ဖြစ်သောကြောင့် ရေတက်၊ ရေကျ ချိန်တို့တွင် သတိပြုသွားလာရန် လိုအပ်ပြီး ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန် တည်ဆောက်ရေး(၂)မှ မြစ်ကြောင်းနှင့်သက်ဆိုင်သောဌာနနှင့်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရေလည်တိုင်သံပေါင်လုပ်ငန်းပြီးစီးပါက တံတားတစ်စင်းလုံးအတွက် ကျောက်ပြားခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၂၅ ရက်တွင် သံပေါင်လုပ်ငန်းပြီးစီးမည်ဖြစ်၍ ဇူလိုင်လကုန်တွင် တံတားတည်ဆောက်မှုလုပ်ငန်း ပြီးစီးမည်ဖြစ်ကြောင်း ခန့်မှန်းထား၍ အများပြည်သူ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း မြစ်ပြင်ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုရင်း ပြောကြားသည်။

ရေယာဉ်များရေစုန်တွင် အထူးဂရုပြု၍ ရေဆန်တွင်ထိန်းသိမ်းပြီး မောင်းနှင်သွားလာခြင်းဖြင့် တံတားကြီး တည်ဆောက်မှုမြန်ဆန်စွာ ပြီးစီးအောင်မြင်စေမည်ဖြစ်သည်။

အဆိုပါတံတားတည်ဆောက်မှု တံတားကြီးပြီးစီးပါက ထန်းတပင်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် မော်ဘီမှဝင်ရောက်သော ကုန်စည်ယာဉ်များနှင့် ခရီးသွားယာဉ်တို့၏ နားခိုရာနေရာ၊ စီးပွားရေးအခွင့်အလမ်းများ ပွင့်လင်းရာနေရာ အမှန်ပင်ဖြစ်လာတော့မည်ဖြစ်သည်။

ယခုအခါ ကုက္ကိုဝတံတား၏ RP(3)၊ (4)၏ အောက်ဘက်မြစ်ပြင်တွင် သင်္ဘောပေါ်မှ ကရိန်းဖြင့် Station သံပိုက်လုံးများကို နုတ်ယူလျက်ရှိပြီး လုပ်ငန်းခွင်တွင် လာရောက်တွဲဖက်လုပ်ကိုင်နေသော တည်ဆောက်ရေး(၃)မှ ဦးစီးအရာရှိ ဦးအောင်ကြည်ထွန်းက ယခုရေထဲမှ ၁၀ MM သံပိုက်လုံးများကို ဆယ်ယူနေခြင်းဖြစ်ပြီး ရေလည်တိုင် RP(2)၊ (3)နေရာပြန်လည် စိုက်ထူကာ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ရေတက်၊ ရေကျကိုချိန်၍ လုပ်ဆောင်ရသည့်နည်းတူ တံတားနှင့် ပေ ၆၀၀ အကွာတွင် မြစ်ပြင်ကို ဖြတ်သန်းသွယ်တန်းထားသော ကောင်းကင်ဓာတ်ကြိုးအား လုပ်ငန်းခွင်တွင် အသုံးပြုနေသော ကရိန်းဖြင့် လွတ်ကင်းစေရန် သတိပြုလုပ်ဆောင်လျက်ရှိကြောင်း၊ သင်္ကြန်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြစ်ကမ်းပေါ်တွင်အပူငွေ့တို့ တိုးဝှေ့ပြေးလွှားနေသော်လည်း ကုက္ကိုဝမြစ်ပြင်တွင် လေနုအေးတို့ ဖြတ်သန်းတိုက်ခတ်လျက်ရှိသည်။ မြစ်ကမ်းနံဘေး ကုက္ကိုပင်ထက်မှ နွေဥတု၏သရုပ်ကိုပေါ်လွင်စေသည့် ဥသြဌက်မောင်နှံ၏ တွန်ကြူးသံမှာ မြစ်ပြင်ဝန်းကျင်တွင် ပျံ့လွင့်နေလျက်ရှိရာ လုပ်ငန်းခွင်ဝင်နေသည့် တည်ဆောက်ရေးလုပ်သားတို့အတွက် တစ်ခုသောလွမ်းဆွတ်မှုကို ရရှိစေမည်မှာ အမှန်ပင်ဖြစ်သည်။ ကုက္ကိုဝတံတားကြီး အရောင်အသွေးစုံလင်စွာ ဝင့်ဝင့်ကြွားကြွား ပေါ်ထွက်လာစေရန် မြိုင်ဆိုင်စွာ လုပ်ငန်းခွင်ဝင်နေသော တည်ဆောက်ရေးလုပ်သားတို့ကို မြင်တွေ့ရသည်မှာ နိုင်ငံအတွက် အားသစ်လောင်းစေသော စိတ်ဓာတ်များ၊ တဖွားဖွားပေါ်ထွက်လာစေပါသည်။ တံတားတည်ဆောက်မှု ၈၉ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်၍ ဇူလိုင်လကုန်တွင် တံတားကြီး တည်ဆောက်မှုပြီးစီးတော့မည်ဖြစ်၍ ပြည်သူ့အများ စိတ်အေးချမ်းသာစွာဖြင့် ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ထန်းတပင်မြို့နယ်သည် တံတားကြီးပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးနှင့် မော်ဘီမှ ဝင်ရောက်သော ကုန်စည်ယာဉ်များနှင့် ခရီးသွားယာဉ်တို့၏ နားခိုရာနေရာဖြစ်လာသည့်အတွက် စီးပွားရေးအခွင့်အလမ်းများ ပွင့်လင်းလာမည် အမှန်ဖြစ်

သီပေါ ကမ္ဘောဇာဏ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

သီပေါ ဧပြီ ၁၁

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်က ကမ္ဘောဇာဏ်(သီပေါ) တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းက အယ်နီညိုကြောင့်ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များနှင့် ကျေးရွာများတွင် သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေမှုများ၊ အပူဒဏ်ကာကွယ်ရေးနည်းလမ်းများ၊ မီးဘေးကာကွယ်ရေး သတိပြုရန်အချက်များအပြင် အိမ်တိုင်းတွင် မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများနှင့် လေ့ကားများထားရှိရေး၊ မီးအသုံးပြုချိန်၊ ငြိမ်းသတ်ရမည့်အချိန်များကို မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ မီးသတ်ဦးစီးဌာနမှ ကွင်းဆင်းလှည့်လည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘောဇာဏ်(သီပေါ) မန်နေဂျာဒေါ်နန်းတွမ်မိုနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြပြီး မီးသတ်ဆေးဘူးများအသုံးပြု၍ ငြိမ်းသတ်နည်းများကို လက်တွေ့ဆောင်ရွက်ပြသကြသည်။

စိုင်းသာလှိုင်

မန်ယူတို့ ရတက်ပွေစရာဖြစ်နိုင်တဲ့ အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပြန်ကန်ပွဲ

ဒီတစ်ပတ် ကြားရက်ဖြစ်တဲ့ ဧပြီ ၁၃ ရက်မှာတော့ အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပြန်ကန်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းနဲ့မန်ယူတို့ ကစားဖို့ရှိနေပါတယ်။ မန်ယူအတွက် ဒီနှစ်ဖလားရရှိရေး တစ်ခုတည်းသော မျှော်လင့်ချက်ရောင်ခြည်ဖြစ်နေသလို ဝက်စ်ဟမ်းတို့ကလည်း အက်ဖ်အေဖလားအိပ်မက်ကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားမယ့်ပွဲဖြစ်နေပါတယ်။ ဒီနှစ်သင်းမှာ အနိုင်ရတဲ့အသင်းက အကြိုဧိုလ်လုပွဲတက်ရောက်မှာဖြစ်လို့ ကစားသမား တစ်ဦးချင်းအနေနဲ့ စွမ်းဆောင်ရည်မြင့်မားနေမှရမယ့် အခြေအနေဖြစ်တာမို့ စိတ်လှုပ်ရှားစရာကောင်းတဲ့ပွဲလည်းဖြစ်ပါတယ်။

မန်ယူဟာ ဒီနှစ်ဘောလုံးရာသီကုန်ဆုံးချိန် ကာလမှာတော့ ပရီမီယာလီဂ်မှာ ချန်ပီယံမဖြစ်နိုင်တော့ပေမယ့် ချန်ပီယံလီဂ်ဝင်ခွင့်တစ်နေရာ အတွက် သေချာအောင် ရုန်းကန်နေရဆဲဖြစ်ပါတယ်။ အတိမ်းအစောင်းအမှားအယွင်းမခံတော့တဲ့အခြေအနေမို့ ပွဲတိုင်း အားထည့်ကစားနေရတဲ့ အနေအထားပါပဲ။ ဒါကြောင့် လက်တစ်ကမ်း အကွာမှာ ရောက်ရှိနေတဲ့ အက်ဖ်အေဖလားကို လုမ်းယူနိုင်မယ့်အခွင့်အရေးအတွက် ဒီပွဲကို မန်ယူတို့ ဖောင်ဖျက်ကစားရပါလိမ့်မယ်။

မန်ယူရဲ့ဒီနှစ်အက်ဖ်အေဖလားပွဲ ဖြတ်သန်းလာခဲ့မှုအနေအထားကို ပြန်ကြည့်ရင် အာဆင်နယ်ကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပြီး ရှက်ဖွယ်အသင်းကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဒါဘီကို အဝေးကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့နိုင်၊ ဘူရီကိုလည်း အဝေးကွင်းမှာ သုံးဂိုးပြတ်နိုင်ပြီး ကွာတားဖိုင်နယ်မှာတော့ အိုးထရက်ဖို့ဒဿကွင်းမှာ ဝက်စ်ဟမ်းနဲ့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုလို ပြန်ကန်ပွဲကစားရတာဖြစ်ပါတယ်။

မန်ယူရဲ့တိုက်စစ်အားကို ကြည့်ရင် အက်ဖ်အေဖလားပွဲစဉ် ငါးပွဲမှာ စုစုပေါင်းကိုးဂိုးသွင်းယူနိုင်ခဲ့ပြီး ပေးဂိုး လေးဂိုးရှိခဲ့ပါတယ်။ မန်ယူရဲ့တိုက်စစ်မှာ ရွန်နေ ဒဏ်ရာရရှိနေသလို လူငယ်တိုက်စစ်မှူး ရက်ဖို့ဒ်ကလည်း လိုအပ်ချက်တွေရှိနေဆဲဖြစ်ပါတယ်။ မန်ယူရဲ့ခံစစ်ပိုင်းက ပြောပလောက်အောင် အားနည်းချက်မရှိပေမယ့် ပြိုင်ဘက်တိုက်စစ်မှူးတွေ အုပ်စုဖွဲ့ ထိုးဖောက်လာရင် အမှားအယွင်းတွေလုပ်တတ်တာကို သတိထားရမှာဖြစ်ပါတယ်။ မန်ယူရဲ့အဓိကအားနည်းချက်တစ်ရပ်က ကစားသမားတွေရဲ့ အနိုင်ရလိုစိတ်တွေ လျော့နည်းနေတာပါပဲ။

မန်ယူရဲ့လက်တလောကစားခဲ့တဲ့ငါးပွဲ ရလဒ်ကိုကြည့်ရင် ရှုံးပွဲတစ်ပွဲမှ မရှိခဲ့ပါဘူး။ နိုင်ပွဲသုံးပွဲ၊ သရေပွဲနှစ်ပွဲဖြစ်ခဲ့တာမို့ ဆိုးရွားမှုတော့မရှိပေမယ့် ဂိုးသွင်းအားနည်းနေမှုက လိုအပ်ချက်တစ်ရပ်လိုဖြစ်နေပါတယ်။ ဒါတွေကို နည်းပြဗန်ဟားလ် ပြုပြင်နိုင်မှ ဒီပွဲမှာအခြေအနေကောင်းနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့ကတော့ ဒီနှစ်အက်ဖ်အေဖလားပွဲမှာ ဖြတ်သန်းခဲ့မှုကို ကြည့်ရင် ဝုဖ်ကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး လီဗာပူးကို တစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားခဲ့ပါတယ်။ ဘလက်ဘန်းကိုတော့ ငါးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ်မှာတော့ မန်ယူနဲ့တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာပါ။ လောလောဆယ် ဝက်စ်ဟမ်းရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ခြေစွမ်းကိုကြည့်ရင် နိုင်ပွဲ နှစ်ပွဲ၊ သရေသုံးပွဲဖြစ်ထားတာမို့ ရှုံးပွဲမရှိခဲ့ပါဘူး။

မန်ယူနဲ့ဝက်စ်ဟမ်းတို့ နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ သုံးပွဲစလုံးသရေပွဲတွေချည်းဖြစ်ထားပါတယ်။ ဒါ့အပြင် ဒီနှစ်ပရီမီယာလီဂ်မှာလည်း ချန်ပီယံလီဂ်ဝင်ခွင့် တစ်နေရာအတွက် အပြိုင်ကြိုးစားနေကြတဲ့အသင်းတွေဖြစ်ပြီး ခြေစွမ်းပိုင်းလည်း ကွာဟမှုမရှိပါဘူး။ အပြိုင်ကြိုးစားပြီး တိုက်စစ်ကိုလည်း ရဲရဲဖွင့်ပြီးကစားကြမယ့်အသင်းတွေဖြစ်တာမို့ ဒီပွဲဟာ အပြန်အလှန်ဖိအားပေးမှုတွေ၊ ထိုးဖောက်ဂိုးသွင်းမှုတွေနဲ့ ကြည့်ကောင်းမယ့်ပွဲဖြစ်လာပါလိမ့်မယ်။

နာမည်ကြီးမန်ယူအတွက် ဂုဏ်သိက္ခာပိုင်းအရ အရေးကြီးတဲ့ အက်ဖ်အေဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့အတွက် ဒီပွဲဟာ အရေးကြီးတဲ့ပွဲလည်းဖြစ်နေပါတယ်။ ဒါကြောင့် မန်ယူတို့ ဒီပွဲမှာ အဝေးကွင်းဖြစ်တာကြောင့် ရလဒ်မပြတ်ပေမယ့် ကပ်ပြီးအနိုင်ရသွားမယ့်အခြေအနေလည်း ရှိပါတယ်။ ။

■ မိုးမြင့်လင်းလက် ■

ငါးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ဖို့နီးလာတဲ့ ဂျူဗင်တပ်စ်

အီတလီစီးရီးအေထိပ်သီး ဂျူဗင်တပ်စ်ဟာ အေစီမီလန်ကို စနေနေ့က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပြီးနောက် စီးရီးအေချန်ပီယံဖြစ်ဖို့ နီးကပ်သွားပြီဖြစ်ပါတယ်။ လက်ကျန်ကစားဖို့ ခြောက်ပွဲအလိုမှာ ဂျူဗင်တပ်စ်က ကိုးမှတ်အသာနဲ့ ဦးဆောင်နေပြီဖြစ်ကာ ငါးနှစ်ဆက်တိုက် စီးရီးအေချန်ပီယံဖြစ်ဖို့နီးလာနေပြီဖြစ်ပါတယ်။

နည်းပြအဲလီဂရီရဲ့ ဂျူဗင်တပ်စ်အတွက် အနိုင်ဂိုးကို နာမည်ကြီးကစားသမား ပေါ်ဂ်ဘာက သွင်းယူပေးခဲ့တာပါ။ ဂျူဗင်တပ်စ်ဟာ ၇၆ မှတ်နဲ့ ဦးဆောင်နေပြီး ဒုတိယနေရာမှ နာပိုလီထက် ကိုးမှတ်သာနေပါတယ်။ နာပိုလီကတော့ ရုန်းကန်နေရဆဲပါ။ ပေါ်ဂ်ဘာဟာ ဂျူဗင်တပ်စ်ရဲ့ အဆုံးအဖြတ်ဂိုးအများစုကို သွင်းပေးခဲ့သူပါ။ ဒါကြောင့်လည်း ဥရောပထိပ်သီးကလပ်တွေက ပေါ်ဂ်ဘာကို ခေါ်ယူဖိုကြိုးစားနေကြပြီး ယခုအထိတော့ ပြေလည်မှုမရသေးပါဘူး။

ဆောက်သမ်တန်မှ ဝမ်ယာမာကို စိတ်ဝင်စားနေတဲ့ စပါးနည်းပြ

စပါးနည်းပြ ပိုချက်တီနိုဟာ ဆောက်သမ်တန်ကွင်းလယ်ကစားသမား ဗစ်တာ ဝမ်ယာမာကို စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ ကင်ညာလက်ရွေးစင်ကစားသမား ဝမ်ယာမာဟာ ဆောက်သမ်တန်မှာ အဓိကခြေစွမ်းပြနေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရွေရာသီက ပေါင် ၁၈ သန်းနဲ့ စပါးက ခေါ်ယူဖို့ ကမ်းလှမ်းပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ယခုတစ်ဖန် စပါးက ဝမ်ယာမာကို ဒုတိယအကြိမ် ကမ်းလှမ်းဖို့ ပြင်ဆင်နေပြီလို့ ဆိုပါတယ်။ သို့ပေမယ့် ဆောက်သမ်တန်နည်းပြကတော့ သူ့ကိုရောင်းထုတ်ဖို့ ငြင်းဆိုမှာဖြစ်တယ်လို့ ဆိုပါတယ်။ စပါးအသင်းနဲ့အတူ ထပ်မံစာချုပ်တော့မယ့် နည်းပြ ပိုချက်တီနိုဟာ သူ့ရဲ့အသင်းကို ပိုမိုတောင့်တင်းအောင် ပြင်ဆင်သွားမယ့်အနေအထားရှိပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်လာတဲ့ ပရီမီယာလီဂ်မှာ ပိုချက်တီနိုဟာ အောင်မြင်တဲ့လူငယ်နည်းပြတစ်ဦးဖြစ်ပါတယ်။ သူ့အနေနဲ့ စပါးအသင်းကို ဒီနှစ်ရာသီမှာ ပရီမီယာလီဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့အထိ ပစ်မှတ်ထားနေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

လာလီဂါဂိုးပေါင်း ၃၀သွင်းတဲ့ စီရော်နယ်ဒို

ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ယခုနှစ် စပိန်လာလီဂါမှာ ဂိုးပေါင်း ၃၀မြောက်အဖြစ် သွင်းယူသွားပြီဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်က အီဘာအသင်းကို လေးဂိုးပြတ်နဲ့အနိုင်ရတဲ့ပွဲမှာ စီရော်နယ်ဒိုက သွင်းယူခဲ့တာပါ။ ဒီဂိုးဟာ သူ့အတွက်တော့ ခြောက်နှစ်ဆက်တိုက် စပိန်လာလီဂါမှာ ဂိုး ၃၀ သွင်းယူခဲ့တာဖြစ်ပြီး ဥရောပထိပ်တန်းလီဂ်တွေထဲမှာ ခြောက်နှစ်ဆက်တိုက် ဂိုး ၃၀ သွင်းယူတဲ့ ပထမဆုံးတိုက်စစ်မှူးလည်းဖြစ်လာခဲ့ပါတယ်။ ရီးရဲမက်ဒရစ်ရဲ့ ဒီအနိုင်ပွဲကြောင့် ထိပ်ဆုံးက ဘာစီလိုနာနဲ့ လေးမှတ်သာကွာခြားမှုရှိပါတော့တယ်။ ရီးရဲမက်ဒရစ်ဟာ ဘာစီလိုနာနဲ့ အနီးကပ် ကပ်လိုက်လာပြီဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ဒီနှစ်စပိန်လာလီဂါဖလားကိုရဖို့ ဆုံးဖြတ်ထားပြီလို့ နည်းပြဇီဒန်းက ဆိုပါတယ်။ စီရော်နယ်ဒိုဟာ ဒီပွဲမှာ သူကိုယ်တိုင် ဂိုးသွင်းယူပေးခဲ့သလို အခြားကစားသမားတွေကိုလည်း ဂိုးသွင်းနိုင်အောင် အကွက်ဆင်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း စီရော်နယ်ဒိုဟာ နှစ်စဉ် ဂိုးများများသွင်းယူနိုင်တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။

ကျိုက်မရောသို့

မောင်သာ(ရွေးဟောင်းသုတေသန)

ကျွန်တော်တို့လိုက်ပါလာသည့် မော်တော်ယာဉ်သည် ဘေးနှစ်ဘက်တွင် ထန်းပင်များ ညီညာစွာပေါက်နေသည့် ကားလမ်းအတိုင်း ကျိုက်မရောမြို့သို့ ဝင်ရောက်လာချိန်တွင် ငယ်စဉ်ကျောင်းသားဘဝက အသုံးပြုခဲ့သည့် စာအုပ်လေးကို ပြန်လည်မြင်ယောင်မိပါသည်။ ထိုစဉ်က ကုန်သွယ်ရေး(၉)က ထုတ်ဝေသည့် စာရေးစက္ကူများ စုချုပ်ထားသည့် Writing Pad စာအုပ်၏ အဖုံးတွင် ကျိုက်မရောမြို့အဝင်မှ ထန်းပင်များတန်းစီနေသည့် လမ်းလေးကို ရိုက်နှိပ်ထားပါသည်။ ရောင်စုံပုံနှိပ်ထားသည့် ထိုစာအုပ် အဖုံးလေးကို ကျွန်တော် ငယ်စဉ်က အလွန်နှစ်ခြိုက်ခဲ့ပါသည်။

ငယ်စဉ်က နေထိုင်ခဲ့သည့် မြစ်ဝကျွန်းပေါ်မှ မြို့ငယ်လေးတွင် ထန်းပင်အနည်းငယ်သာရှိသဖြင့် ညီညာစွာ စီတန်းပေါက်ရောက်နေသည့် ထန်းပင်များကို မြင်တွေ့ရချိန်တွင် အလွန်သဘောကျမိခဲ့ပါသည်။ အလုပ်တာဝန်များ ထမ်းဆောင်ချိန်တွင် ကျိုက်မရောသို့ သုံးလေးခေါက်ရောက်ရှိခဲ့ရာ အခေါက်တိုင်းတွင် ငယ်စဉ်ကစွဲလန်းခဲ့ဖူးသည့် ထိုထန်းပင်လမ်းလေးများကြားမှ စိတ်ကြည်နူးစွာ ဖြတ်သန်းရမြဲဖြစ်ပါသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့သည် အတ္ထရံမြစ်ပေါ်တွင် တည်ရှိပြီး မော်လမြိုင်မြို့မှ အရှေ့တောင်ဘက်သို့ ကားလမ်းအတိုင်း ၁၅ မိုင် ကွာဝေးသည်။ ကျိုက်မရောသည် မွန်စကားမှဆင်းသက်လာသော ဝေါဟာရဖြစ်ပြီး ကျိုက်မရောကို မွန်ဘာသာဖြင့် "ကျာ်မရဟ်"ဟု ရေးကာ ထင်ရှားသော ဘုရားဟု အဓိပ္ပာယ်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ကျိုက်မရောသည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၇ မိနစ်နှင့် ၁၆ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၉ မိနစ် နှင့် ၉၇ ဒီဂရီ ၅၀ မိနစ်ကြားတွင် တည်ရှိကာ ဧရိယာ ၅၁၆ ဒသမ ၀၄ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြို့တည်ထားပုံသည် အနောက်မြောက်မှ အရှေ့တောင်သို့ ရှည်မျောမျော ပုံသဏ္ဌာန် ရှိသည်။ ကျိုက်မရောမြို့နယ်ကို မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။

အတ္ထရံမြစ်ဝှမ်းတွင် တည်ရှိနေသည့် ကျိုက်မရောမြို့နယ်၏ မြေမျက်နှာသွင်ပြင်သည် ညီညာပြန့်ပြူးသည်။ မြို့၏အရှေ့ဘက်တွင် ဒေါနတောင်တန်းနှင့် အနောက်ဘက်တွင် တောင်ညိုတောင်တန်းတို့ ရှိနေကြသည်။ လယ်ယာနှင့် ဥယျာဉ်ခြံမြေများတွင် ရော်ဘာနှင့် ထန်းပင်များကို တွေ့ရသည်။ ဒေသအတွင်း၌ မွန်လူမျိုးများ အများစုနေထိုင်ကြပြီး ဒုးရင်း၊ မင်းကွတ်၊ ကျွဲကောနှင့် ကြက်မောက်ပင်များကို စိုက်ပျိုးကြသည်။ ကျိုက်မရောကျွဲကောသီးနှင့် ကြက်မောက်သီးတို့သည် လူကြိုက်များသော ဒေသထွက်သီးနှံများ ဖြစ်ကြသည်။

ကျိုက်မရောမြို့အဝင်မှ ထန်းပင်တန်း။

ကျိုက်မရောသည် အရှေ့ဘက်တွင် ကော့ကရိတ်မြို့နယ်၊ အနောက်ဘက်တွင် မုဒုံမြို့နယ်၊ တောင်ဘက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြောက်ဘက်တွင် မော်လမြိုင်မြို့နယ်နှင့် ဘားအံမြို့နယ်များ တည်ရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ပေသာ မြင့်သည်။ ကျိုက်မရောသို့ မော်လမြိုင်၊ ဘားအံ၊ ကြာအင်းဆိပ်ကြီးမြို့များမှ ရေလမ်းခရီးဖြင့်လည်း လာရောက်နိုင်ကြသည်။ ကျိုက်မရောမြို့တည်ရှိသည့် အတ္ထရံမြစ်သည် မြန်မာနိုင်ငံအတွင်းရှိ အခြားမြစ်များကဲ့သို့ မြောက်မှတောင်သို့ မစီးဆင်းဘဲ ထူးခြားစွာ တောင်မှမြောက်သို့ စီးဆင်းနေသည်။

မွန်စကားလုံး ကျိုက်သည် စေတီ၊ဘုရားဟု အဓိပ္ပာယ်ရကာ မြန်မာနိုင်ငံတွင် ကျိုက်ဖြင့်စသော မြို့နယ်သုံးခုသာရှိရာ ကျိုက်လတ်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးတွင်ရှိပြီး ကျိုက်မရောနှင့် ကျိုက်ထိုမြို့နယ်များသည် မွန်ပြည်နယ်တွင် တည်ရှိကြသည်။ ကျိုက်လတ်သည် ဘုရားပြု၊ ကျိုက်မရောသည် ထင်ရှားသောဘုရားဟု အဓိပ္ပာယ်ရှိသည်။ ကျိုက်ဖြင့်စသော မြို့များနှင့် ကျေးရွာများသည် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအပြားရှိနေကြပြီး ကျိုက်အမည်ပါသော ကျိုက်ထီးရိုး၊ ကျိုက်သလ်၊ ကျိုက်ထီးဆောင်း အစရှိသည့် စေတီဘုရားများကိုလည်း ဖူးတွေ့နိုင်ကြပေသည်။

ကျွန်တော်တို့သည် ကျိုက်မရောမြို့တွင်းသို့ ဝင်ရောက်လာပြီး မြို့လယ်ရှိ မြို့မဈေးကြီး၏ မျက်နှာချင်းဆိုင်တွင်ရှိသည့် ကျိုက်မရောမြို့ ဆုတောင်းပြည့် ဘုရားသို့ ဝင်ခဲ့ကြသည်။ ကျယ်ဝန်းသောလမ်းမ၏ဘေးတွင် စိုက်ထူထားသည့် ၁၈ ပေမြင့်၍ ပေ ၅၀ ကျယ်သော ခန့်ညားသည့်မုခ်ဦးအောက်မှ ဖြတ်သန်းကာ ဘုရားဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ကြီးမားသော မောင်းကြီးတစ်ခုကို မြင်ကြရသည်။ မောင်းကြီး၏ ဖောင်းရစ်နှုတ်ခမ်းပေါ်တွင် "ရှင်စောပုဘုရင်မမောင်းတော်ကြီး၊ ကျိုက်မရောမြို့"ဟု ရေးသားထားသည်။ မှတ်တမ်းကမ္မည်းများ မတွေ့ရှိသော်လည်း ယင်းမောင်းကြီးအား ရှင်စောပုဘုရင်မကြီးသည် ဘုရားကြီးကို ပြုပြင်မွမ်းမံခဲ့စဉ် ဘုရားရှင်ထံ လျှုဒါန်းခဲ့သည့် မောင်းကြီးဟု ယူဆကြသည်။ ထိုမောင်းကြီးကို မြဝတီမြို့ မေတ္တာလင်းမြိုင် လက်ခတ်တောင်ဆရာတော်က ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက် ဆရာတော်ထံ လျှုဒါန်းထားကြောင်း မောင်းကြီးပေါ်တွင် ရေးသားထားသည်။

ကျိုက်မရော ဆုတောင်းပြည့်ဘုရားကြီး။

အင်ပေါက်၏ ဝဲဘက်တွင် မွန်ကျောက်စာတစ်ချပ် ရှိသည်။ ယင်းကျောက်စာတွင် ဘုရင်မကြီးရှင်စောပု၏ ကျိုက်မရောဘုရားကြီးတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ပုံနှင့် သူ၏အလျှူကို ချီးမြှောက်သူများအတွက် ဆုတောင်းစာများ၊ ဖျက်ဆီးသူများအတွက် ကျိန်စာများကို မွန်ဘာသာဖြင့် ရေးထိုးထားပြီး ဘုရားသမိုင်းအထောက်အထားများ ရေးထိုးထားခြင်း မရှိပါချေ။

ကျိုက်မရော ဆုတောင်းပြည့် ဘုရားကြီးသည် မွန်ဘုရင်မ ရှင်စောပုနှင့် ဆက်စပ်ပတ်သက်နေသည်။ မြန်မာနိုင်ငံသမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မ ဖြစ်ခဲ့သူ ရှင်စောပုအား ဟံသာဝတီဘုရင် ရာဇဓိရာဇနှင့် မိဖုရား သုဒ္ဓမာယာတို့က မြန်မာသက္ကရာဇ် ၇၅၅ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၈၁၄ ခုနှစ် (ခရစ်နှစ် ၁၄၅၂ ခုနှစ်) အသက် ၅၉ နှစ်အရွယ်တွင် ဆင်ဖြူရှင်ဗညားထောဘွဲ့ကို ခံယူလျက် ဟံသာဝတီဘုရင်မ ဖြစ်လာခဲ့ပြီး ဘုရင်မ ဖြစ်လာချိန်တွင် ရာမညတိုင်း၊ ပုသိမ်၊ မုတ္တမနှင့် ဟံသာဝတီတို့ကို ပေါင်းစည်းနိုင်ခဲ့သည်။

ဘုရင်မရှင်စောပုသည် မုတ္တမဒေသသို့ တိုင်းခန်းလှည့်လည်စဉ် သက္ကရာဇ် ၈၁၇ ခုနှစ်တွင် ကျိုက်မရောသို့ ရောက်ရှိလာခဲ့ပြီး ဘေးသို့လက်ထောက်၍ ထိုင်နေတော်မူသည့် ရှုပ်ပွားတော်အား ဖူးမြော်ခဲ့သည်။ ဘုရင်မကြီးသည် ရှုပ်ပွားတော်ကို အလွန်ကြည်ညိုကာ ဗုဒ္ဓရှုပ်ပွားတော်မြတ်ကို မွမ်းမံရန် မွန်ဗိသုကာများကို ခေါ်ယူတာဝန်ပေးခဲ့သည်။ ဘုရင်မကြီးသည် စေတီတော်ကြီးကို စတင်ပြင်ဆင်သည့်နေ့မှစ၍ ကိုးပါးသီလကို ကိုးရက်စောင့်ထိန်းခဲ့သည်။ သံယာ ၁၀၈ ပါးသည် စေတီတော်ကို ကိုးပါးစီ ၁၂ ထပ် ဝိုင်းပတ်လျက် မိမိရေးထိုးထားသည့် မွန်ကျောက်စာကို ကိုးခေါက်ရွတ်ဖတ်ခဲ့သည်။ ရတနာကိုးပါး စီခြယ်ထားသော ဆင်းတုတော်ကိုးဆူကို ဌာပနာခဲ့သည်။ ဘုရင်မရှင်ကြီးစောပုသည် ဘုရားပွဲတော်ကို ကိုးရက်ကျင်းပခဲ့ကာ စေတီတော်ကိစ္စအဝဝကို ကိုးဂဏန်းများဖြင့် ဆောင်ရွက်ခဲ့သည်။

ဘုရင်မကြီးရှင်စောပုသည် မြန်မာသက္ကရာဇ် ၈၁၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ဆင်းတုတော်ကြီးအား မွမ်းမံပြင်ဆင်ပြီးနောက် ဘုရင်မ၏ နေပြည်တော်ကြီး တောင့်တင်းခိုင်မာစေရန် ဆုတောင်းခဲ့သည်။ ဘုရင်မကြီး၏ ဆုတောင်းများ ပြည့်ခဲ့သောကြောင့် ဆုတောင်းပြည့်စေတီတော်ဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း ကျိုက်မရောဆုတောင်းပြည့်ဘုရားသမိုင်းတွင် ဖတ်ရှုရသည်။

အစဉ်အဆက် ယုံကြည်မှုတစ်ရပ်အရ မြန်မာသက္ကရာဇ် ၆၈၀ ပြည့်နှစ်တွင် အတ္ထရံမြစ် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သဖြင့် ကျိုက်မရောနှင့် အနီးဝန်းကျင်ရှိ ဂူများကို ရေများလွှမ်းမိုးနစ်မြုပ်ခဲ့ကြောင်း၊ ရေပြန်ကျသွားချိန်တွင် လက်ရှိကျိုက်မရောဘုရားကြီး တည်ရှိနေသော ကုန်းမြင့်နေရာတွင် ခြေတွဲလဲချ၍ ဘေးနှစ်ဘက်သို့ လက်ထောက်ထားသည့် သစ်သားဆင်းတုတော် တစ်ဆူကို မွန်လူမျိုးများက တွေ့ရှိခဲ့ကြပြီး သစ်တုံးတစ်တုံးကို ပလွင်ပြုကာ ကိုးကွယ်ခဲ့ကြကြောင်း သိရှိရသည်။ အချို့ကလည်း ထိုဆင်းတုတော်ပုံသွင်အတိုင်း ကျိုက်မရောဘုရားကြီးကို ထုလုပ်ကိုးကွယ်ခဲ့ကြသည်ဟု ဆိုကြသည်။ သို့သော် ရုပ်ပွားတော်တည်ထားခဲ့ခြင်းနှင့် ပတ်သက်သော ခိုင်မာသည့် အထောက်အထားများကို မတွေ့ရှိကြရသေးသဖြင့် မည်သူက မည်သည့်အချိန်တွင် တည်ထားခဲ့သည်ကို တိကျစွာ မပြောဆိုနိုင်ကြသေးပါချေ။

ကျွန်တော်တို့သည် ရှင်စောပုမောင်းကြီးကို ကြည့်ရှုနေစဉ် ဘုရားဖူးရောက်ရှိနေကြသည့် မိန်းကလေးငယ်များ မောင်းကြီးနှင့်အတူ ဓာတ်ပုံများ ရိုက်ကူးနေကြသည်ကို တွေ့ရှိရသည်။ ကျွန်တော်တို့လည်း ဘုရားဖူးများ များနေသဖြင့် မောင်းကြီးကို သီးသန့်ဓာတ်ပုံရိုက်ခွင့်မရတော့ဘဲ ဆုတောင်းပြည့်ရုပ်ပွားဆင်းတုတော်ကြီးကို ဖူးမြော်ရန် ဂန္ဓကုဋီတိုက်အတွင်းသို့ ဝင်ခဲ့ကြရာ မုခ်နှစ်ခုကို ဖြတ်သန်းဝင်ရောက်ကြရသည်။ ပထမမုခ်ဝ၏ လက်ယာဘက်တွင် ဆင်ဖြူတော်ကိုစီးထားသော ခြင်္သေ့ပေါ်တွင် ဘီလူးကစီးထားသည့်ရုပ်ထုကို မြင်တွေ့ကြရသည်။ ဒုတိယမုခ်ဝ၏ လက်ယာဘက်တွင် သိကြားမင်းရုပ်ထု၊ လက်ဝဲဘက်တွင် ဗြဟ္မာမင်းရုပ်ထုတို့ကို တွေ့မြင်ကြရသည်။

ဆုတောင်းပြည့်ရုပ်ပွားတော်ကြီး သီတင်းသုံးနေသည့် ဂန္ဓကုဋီတိုက်သည် အလျား ၁၂၀ ပေ၊ အနံ ၆၆ ပေနှင့် အမြင့် ၇၅ ပေရှိသော အုတ်တိုက်အဆောက်အအုံဖြစ်သည်။ ဘုံပြဿဒ်ကို ငါးဆင့် ပြုလုပ်ထားပြီး ဘုံဆင့်အထက်တွင် အချင်းလေးပေရှိသည့် ထီးတော်ကို တင်လှူထားသည်။ ဘုရားကြီးသည် ဥာဏ်တော် ၂၄ ပေရှိကာ ထိုင်တော်မူနေသည့်နေရာမှ ဦးခေါင်းတော်အထိ ၁၆ ပေ နှင့် ခြေဖဝါးတော်မှ ဒူးခေါင်းတော်အထိ ရှစ်ပေရှိသည်။(ဒူးတော်မှ ခါးသို့ ခြောက်ပေရှိသည်။) ဆင်းတုတော်ကြီး၏ ကိုယ်လုံးတော်လုံးပတ်သည် ရှစ်ပေဖြစ်သည်။

ရုပ်ပွားဆင်းတုတော်၏ မျက်လုံးတော်များကို မဟူရာကျောက်များဖြင့် လည်းကောင်း၊ သင်းကျစ်တော်အထက် ဦးခေါင်းတော်နေရာကို စိန်အစစ်များရံထားသည့် ရုရှစိန်ဖြင့်လည်းကောင်း၊ ဥဏ္ဏာလုံတော်ကို စိန်များဝန်းရံထားသည့် ပတ္တမြားကျောက်ဖြင့်လည်းကောင်း ထုလုပ်ပူဇော်ထားပြီး နဖူးသင်းကျစ်တော်ကို ရွှေလုံးများဖြင့် တန်ဆာဆင်ထားသည်ကို ကြည်ညိုသဖွယ်စွာ ဖူးတွေ့ကြရသည်။

အရှေ့ဘက်သို့ မျက်နှာမူထားသည့် ဆုတောင်းပြည့်ဆင်းတုတော်ကြီး၏ ပတ်လည်တွင် ရုပ်ပွားတော် အဆု ၅၀ ရှိပြီး အလယ်ပစ္စယံတွင် ၄၃ ဆူရှိသဖြင့် ဂန္ဓကုဋီတိုက်အတွင်းတွင် ဆင်းတုတော်ကြီးအပါအဝင် ရုပ်ပွားတော် ၉၄ ဆူကို ပူဇော်ထားရှိသည်ကို ဖူးတွေ့ကြရသည်။ ဆုတောင်းပြည့်ရုပ်ပွားတော်ကြီး၏ ဝဲယာနှစ်ဘက်တွင် ဘုရားရှင်၏ အဂ္ဂသာဝကနှစ်ပါးဖြစ်သည့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန် ရုပ်ပွားတော်များရှိပြီး အနောက်ဘက်တွင် ဘုရားရှင်အားရှိခိုးနေသည့် ညီတော်အာနန္ဒာရုပ်ပွားတော် ရှိသည်။ ဆင်းတုတော်ကြီး၏ အမှီတံကဲတော်တွင် ဝိဒူရဇာတ်တော်မှ ဇာတ်ကွက်များကို ထွင်းထုထားပြီး တံကဲတော်နှင့် ရုပ်ထုများကို ဆရာတော် ဦးကေတုမာလာ လက်ထက်တွင် ပြုလုပ်ခဲ့သည်ဟုသိရှိရသည်။

သက္ကရာဇ် ၁၂၆၁ ခုနှစ်တွင် ဆရာတော် ဦးကေတုမာလာက ဘုရားကြီးတန်ဆောင်းကို ပြုပြင်ခဲ့ပြီး သစ်သားတိုင်များနေရာတွင် အုတ်တိုင်များကို အစားထိုးခဲ့သည်။ တန်ဆောင်းနံရံများကို မှန်စီရွှေချခဲ့ကာ မူလသစ်သားဆင်းတုတော်ကိုင်ုလျက် အုတ်ဖြင့် မူလပုံစံအတိုင်း ထုလုပ်ခဲ့သည်ဟုလည်း ဆိုကြသည်။

ဘုရားကြီးဝင်းအတွင်း ပူဇော်ထားရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်၏ အာသန (ခြေတော်ဟန်)သည် အလွန်ထူးခြားကာ ခြေတော်ကို ပလွင်တော်ပေါ်မှ အောက်သို့ စုံချထားသည့်ပုံ ထုလုပ်ထားသည်။ ထို့အတူ မုဒြာ(လက်တော်ဟန်)သည်လည်း ထူးခြားသောဟန်ဖြစ်ပြီး ဘေးသို့ ထောက်ထားသည့်ပုံ ထုလုပ်ထားသည်။ ရှားပါးသော ကိုယ်ဟန်တော်ဖြစ်သဖြင့် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုလုပ်ခဲ့သည်ကို မသိရှိကြသေးပါချေ။

ကျိုက်မရောဘုရားကြီးသို့ မြန်မာနိုင်ငံအနှံ့မှ ဘုရားဖူးများ လာရောက်ဖူးမြော်လေ့ရှိကြရာ ဘုရားဖူးများ ညအိပ်တည်းခိုနိုင်ကြရန် ဘုရားကြီး၏ အနောက်ဘက်တွင် ကျယ်ဝန်းသော ဓမ္မာရုံကြီးတစ်ခု ဆောက်လုပ်ထားသည်ကို တွေ့ရှိရသည်။ မူလဓမ္မာရုံဟောင်းကိုဖျက်၍ အသစ်တည်ဆောက်ထားသော ဓမ္မာရုံကြီးသည် အလျား ၁၃၄ ပေ၊ အနံ ၆၈ ပေ ရှိသည်။

ဘုရားကြီးတည်ထားသည့် ဝင်းအတွင်းတွင် ရှင်ဥပဂုတ္တရေကန်တော်၊ ဥာဏ်တော် ၄၅ ပေမြင့်သည့် ရွေးဟောင်း ဆုတောင်းပြည့်စေတီတော်၊ ဥာဏ်တော် ၂၇ ပေ ရှိသည့် ပြည်လုံးချမ်းသာစေတီတော်တို့နှင့်အတူ အလျား ၂၇ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၅ ပေရှိသည့် ရဟန္တာသိမ်တော်ကို လည်း တွေ့ရှိရသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်၏ အာသန (ခြေတော်ဟန်)သည် အလွန်ထူးခြားကာ ခြေတော်ကို ပလွင်တော်ပေါ်မှအောက်သို့ စုံချထားသည့်ပုံ ထုလုပ်ထားသည်။ ထို့အတူ မုဒြာ(လက်တော်ဟန်)သည်လည်း ထူးခြားသောဟန်ဖြစ်ပြီး ဘေးသို့ထောက်ထားသည့်ပုံ ထုလုပ်ထားသည်။ ရှားပါးသော ကိုယ်ဟန်တော်ဖြစ်သဖြင့် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုလုပ်ခဲ့သည်ကို မသိရှိကြသေးပါ

ဘုရားကြီး၏ တောင်ဘက်၊ သိမ်၏ မြောက်ဘက်တွင် ပိဋ္ဌကတ်အုတ်တိုက်တစ်ခုကို တွေ့ရသဖြင့် ကျွန်တော်တို့ ဝင်ရောက်ကြည့်ရှုခဲ့ရာ ပိဋ္ဌကတ်သုံးပုံနှင့်တကွ ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်စာတမ်းများ၊ မွန်ဘာသာဖြင့် ရိုက်နှိပ်ထားသော စာအုပ်စာတမ်းများ ထိန်းသိမ်းထားသည်ကို တွေ့ရှိကြရသည်။ ဘုရားရှင်ဆင်းတုတော်၏ ထူးခြားသော ခြေတော်ဟန်အနေအထားကြောင့် မွန်ပြည်နယ်သို့ ရောက်ရှိလာကြသော ဘုရားဖူးများ လာရောက်ဖူးမြော်လေ့ရှိကြသည့် ကျိုက်မရောဆုတောင်းပြည့်ဘုရားကို ကျွန်တော်တို့ လေးမြတ်ကြည်ညိုစွာ ဖူးမြော်ခဲ့ကြပါသည်။ ဘုရားရှင်ကို အာရုံပြုရှိခိုးနေစဉ် လွန်ခဲ့သော နှစ်ပေါင်း ၅၆၀ က ပြုလုပ်ခဲ့သည့် မွန်ဘုရင်မကြီးရှင်စောပု၏ ကြီးမြတ်သော အလှူကို သာဓုခေါ်ခဲ့ကြကာ သမိုင်းဝင်ကျိုက်မရော ရွေးဟောင်းရုပ်ပွားတော်ကြီး ထာဝရအခွန်ရှုည် တည်တံ့ပါစေကြောင်း ဆုတောင်းမိခဲ့ကြပါသည်။ ။

ယခုနှစ် ရန်ကုန်မဟာသင်္ကြန်တွင် သံချပ်အဖွဲ့များက ထင်သာမြင်သာ ပွင့်လင်းစွာတင်ဆက်ကြမည်

ယခုနှစ် ရန်ကုန်မဟာသင်္ကြန်တွင် သင်္ကြန်သံချပ်အဖွဲ့များက အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း ရဲရဲဝံ့ဝံ့ တင်ဆက်ဖြေဖျော်သွားမည်ဟု မြို့နယ်အသီးသီးတွင် လေ့ကျင့်မှုများ ပြုလုပ်နေသည့် သံချပ်အဖွဲ့သားများထံမှ ကြားသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် အပါအဝင် အစိုးရအဖွဲ့ဝင်များနှင့် မီဒီယာများ ဧပြီ ၂ ရက်က တွေ့ဆုံစဉ်က "ခေတ်အဆက်ဆက် လုပ်ခွင့်၊ ဖြေဖျော်ခွင့်တွေ တဖြည်းဖြည်း တိမ်ကောသွားခဲ့တဲ့ သင်္ကြန်သံချပ်ဖြေဖျော်မှုတွေကို ပြန်ပြီးခွင့်ပြုသွားမှာဖြစ်ပါတယ်။ ခွင့်ပြုတဲ့နေရာမှာလည်း စိစစ်ရေးအဖွဲ့ကို တင်ပြပြီးမှ ခွင့်ပြုတာမျိုး လုပ်မှာ မဟုတ်ပါဘူး"ဟု ဝန်ကြီးချုပ်က ဆိုသကဲ့သို့ ဧပြီ ၄ ရက် သင်္ကြန်သံချပ်အဖွဲ့များနှင့် တွေ့ဆုံစဉ်မှာလည်း "သင်္ကြန်အဖွဲ့များကို လွတ်လွတ်လပ်လပ်ဖြင့် ရေးသားဖြေဖျော်မှုများ ခွင့်ပြုမည်ဖြစ်ကြောင်း၊ သို့သော် မိမိရေးသားသည့် သံချပ်များအပေါ် တာဝန်ယူမှု တာဝန်ခံမှုတို့ ရှိရမည်ဖြစ်ကြောင်း" ဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဟု 'ကလေးစကား၏ ကျွန်ုပ်တို့သည်' သံချပ်အဖွဲ့ခေါင်းဆောင် ကိုချိုကြီးက မြန်မာ့အလင်းသို့ပြောကြားသည်။

သင်္ကြန်ကျရန် ရက်ပိုင်းမျှသာ လိုတော့သည့်အတွက် သင်္ကြန်သံချပ်အဖွဲ့များ အပြိုင်အဆိုင် မြိုင်မြိုင်ဆိုင်ဆိုင် လေ့ကျင့်နေကြပြီကို တွေ့ရ ကြားရသည်။

အကယ်ဒမီ ယဉ်ကျေးမောင်အဖွဲ့ လေ့ကျင့်နေကြစဉ်

အက၊ အလှ၊ သဘာဝ၊ သံချပ် စွယ်စုံပြိုင်ပွဲဝင်လေ့ရှိသော 'အကယ်ဒမီ ယဉ်ကျေးမောင်' အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဇော်က "ကျွန်တော်နေတာက မန္တလေးမှာပါ။ ကျွန်တော့်အစ်ကိုကြီး ရွှေတိုင်မြေ (ဦး)ခင်မောင်ဆွေကွယ်လွန်သွားပြီးတဲ့နောက် ကျွန်တော်က ဆက်လက်တာဝန်ယူလာတာပါ။ အခုလို သံချပ်စာသားတွေကို ကြိုတင်ခွင့်ပြုချက် မတင်ရတော့ဘူးဆိုတော့ ယနေ့ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေပေါ်မှာ ပွင့်ပွင့်လင်းလင်းနဲ့ အမှန်ကို အမှန်အတိုင်း တင်ပြနိုင်တော့မှာမို့ အစိုးရသစ်ကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အဖွဲ့တွေအနေနဲ့ ထိန်းကျောင်းကြဖို့ လိုပါတယ်။ ရေနစ်သူ ဝါကူးထိုးသလို မဖြစ်အောင် ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာမျိုးတွေကိုလည်း ရှောင်သင့်ပါတယ်။ သံချပ်အဖွဲ့ အကြီးအသေးပေါ်မူတည်ပြီး တစ်ဖွဲ့ကို ကျပ် သိန်း ၂၀ ကနေ သိန်း ၁၀၀ နီးပါးအထိ ကုန်ကျစရိတ်တွေရှိပါတယ်။ ဟိုး ယခင်ခေတ်တွေလို မြို့နယ်တိုင်းနီးပါး ဆုပေးမဏ္ဍာပ်တွေ ရှိစေချင်ပါတယ်။ ဒါမှလည်း သင်္ကြန်သံချပ်အဖွဲ့တွေ အရှည်သဖြင့် ရပ်တည်နိုင်မှာပါ"ဟု ဆိုသည်။

နှစ်စဉ် အင်အားကောင်းကောင်း ပြင်ဆင်မှုကောင်းကောင်းဖြင့် ဖြေဖျော်လေ့ရှိသော 'ကလေးစကား၏ ကျွန်ုပ်တို့သည်'အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကိုချိုကြီးက "ပြောင်းလဲချိန်တန်လို့ ပြောင်းလဲခဲ့ပါပြီ။ အရင်ကဆိုသက်ဆိုင်ရာ မြို့နယ် သင်္ကြန်စိစစ်အဖွဲ့ထံမှာ သံချပ်စာသားတွေတင်ရတယ်။ မှန်ပေမယ့် သူတို့အကြိုက်၊ သူတို့ကို ထိခိုက်တာတွေ ဖြတ်တောက်ပြီးမှ ပြိုင်ရတော့ ဒီဘက်ခေတ်သင်္ကြန်သံချပ်တွေက 'ဆားမပါတဲ့ဟင်း' လိုပဲ ပေါ့ပျက်ပျက်နိုင်လှပါတယ်။ အခု ဆင်ဆာကင်းလွတ်သွားပြီဆိုတော့ သံချပ်ကြိုက်တဲ့ ပရိသတ်တွေ အတွက် အရသာစုံလင်တဲ့ သံချပ်ဟင်းကောင်းတွေကို ကျွေးနိုင်တော့မှာပါ။ ဒါကလည်း ဟိုအရင်ခေတ်၊ ယခုခေတ် အစိုးရတစ်လျှောက် အဆင့်ဆင့်အဖွဲ့တွေနဲ့၊ ပြည်သူတွေရဲ့ အပိုင်းမှာပါ လစ်ဟာမှုတွေကို အပြုသဘောနဲ့ တင်ပြဖြေဖျော်သွားမှာပါ"ဟု ဆိုသည်။

'ပစ်တိုင်းထောင်'သံချပ်အဖွဲ့မှ ဦးလှရွှေက "ခေတ်ကတော့ ပြောင်းပြန်လှန်ပစ်လိုက်သလို ပြောင်းသွားပါပြီ။ ဘယ်ခေတ်အဆက်ဆက်ကမှ ဒီလိုကြိုတင်ခွင့်ပြုချက်မတင်ဘဲ သံချပ်အဖွဲ့တွေ ထွက်လို့မရခဲ့ပါဘူး။ ဒါဟာ ပြည်သူ့အစိုးရရဲ့ ပွင့်လင်းမြင်သာမှု တစ်ရပ်ပါ။ ဒါကို အလွဲသုံးစားလုပ်လို့မရပါဘူး။ အပြန်အလှန်၊ ယုံကြည်မှု၊ နားလည်မှု၊ မှန်ကန်မှုတွေနဲ့ တည်ဆောက်သွားကြရမှာပါ။ အခုတော့ ရဲရဲမြင်၊ ရဲရဲရေးနိုင်ပြီဖြစ်တဲ့အတွက် ပြည်သူတွေအကြိုက် သံချပ်တွေ ဖြစ်လာတော့မှာပါ" ဟု ဆိုသည်။ တစ်ခေတ်တစ်ခါက အက၊ အလှ၊ သဘာဝ၊ သံချပ်ဟူ၍ စွယ်စုံပြိုင်သောအဖွဲ့ကြီးများရှိသကဲ့သို့ ဒေါ်ဂျစ်ကား ကို ပတ်လည် ပိတ်ဘောင်ရိုက်၍ ထွက်ခဲ့ကြကာ သံချပ်ချည်း သီးခြားပြိုင်သော အဖွဲ့ပေါင်းများစွာ ရှိခဲ့သည်။ များသောအားဖြင့် ထိုအဖွဲ့များသည် ရဲရဲနီသောအဖွဲ့များ ဖြစ်သည်။ နှစ်စဉ်လိုလိုပင် နှစ်ဖွဲ့သုံးဖွဲ့မက သံချပ်တိုင်ပြီး၍ မဏ္ဍာပ်က အဆင်းတွင် ထောက်လှမ်းရေးများ၏ ခေါ်ဆောင်ခြင်းကိုခံခဲ့ကြရသည်။

'ပဋိစ္စသမုပ္ပါဒ်' အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လှမြင့်က "ကားလေးဌားပြီး ဘောင်လေးခတ်၊ မတ်တပ်မတ်တပ်နဲ့ လမ်းမှာအော်၊ ပြုပြင်မလားလို့ တို့ကမ္ဘော်၊ ရင်ကွဲလို့သာ မသာပေါ်၊ သောက်ရေးလုပ်ဖော်ဘယ်သူရှိလို့လဲ"ဟု ရင်တွင်းမှ ခံစားမှုလေးကို လှစ်ဟပြသည်။ ဆက်လက်၍ "အခုတော့ ခေတ်စနစ်က အများကြီး ပြောင်းလဲသွားပါပြီ။ ကျွန်တော်တို့ သင်္ကြန်သံချပ်တွေ အဆင့်အတန်းမြင့်ပြီး တန်ဖိုးရှိလာသလို သင်္ကြန်သံချပ်တစ်ခေတ် ပြန်လည်ဆန်းသစ်လာတော့မှာပါ"ဟု သူက ဆိုပါသည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

ရိုးရာစားသောက်ကုန်များ အဆင့်အတန်းမီထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားမြှင့်တင်သင့်

တွေ့ဆုံမေးမြန်း - သွန်းဝဿန်၊ ဓာတ်ပုံ - မေဦးမိုး

ပွင့်လင်းလာသည့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကဏ္ဍတွင် မြန်မာ့ရိုးရာစားသောက်ကုန်များကို စနစ်တကျထုပ်ပိုးမှုဖြင့် ပြည်တွင်းပြည်ပစျေးကွက်သို့ ဖြန့်ဖြူးပေးနိုင်သည့်လုပ်ငန်းများ ရှားပါးလျက်ရှိသည်ကို မြင်တွေ့ရသည်။ ပြည်တွင်းစားသောက်ကုန်စျေးကွက်တွင်လည်း အိမ်နီးချင်းနိုင်ငံများမှ စားသောက်ကုန်များ နေရာယူလာသည့်အတွက် မြန်မာ့ရိုးရာစားစရာများသည် တဖြည်းဖြည်း ပျောက်ကွယ်လုနီးပါး ဖြစ်နေရသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာ့ရိုးရာစားသောက်ကုန်များ ထုတ်လုပ်နေသည့် လုပ်ငန်းရှင်တစ်ဦးအဖြစ် နှစ်၃၀ ကြာအောင် ရပ်တည်လာခဲ့ပြီး ပြည်တွင်းပြည်ပစျေးကွက်တွင် နေရာရရှိထားသည့် 'မြန်မာပြည်သား' မြန်မာအစားအစာလုပ်ငန်းမှ ပိုင်ရှင်ဖြစ်သူ ဒေါ်ဟေမာကို မြန်မာ့ရိုးရာစားသောက်ကုန်လုပ်ငန်းများအကြောင်း

နှင့် ၄င်းရင်ဆိုင်ရသည့် စျေးကွက်အခြေအနေ စသည်တို့ကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

မေး။ မြန်မာ့ရိုးရာ စားသောက်ကုန်တွေကို စတင်ထုတ်လုပ်ဖြစ်ခဲ့တဲ့အကြောင်းကို ပြောပြပေးပါ။

ဖြေ။ ကျွန်မက မြန်မာပြည်သားလုပ်ငန်းကို ၁၉၈၆ ခုနှစ်မှာ စတင်လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်မအမေက အမေရိကားမှာ နေထိုင်သူဖြစ်ပြီး မြန်မာအစားအစာတွေကိုခုံမင်တာကြောင့် မေမေ့အတွက်ရည်ရွယ်ပြီး ချက်ပြုတ်ပေးပို့ခဲ့ပါတယ်။ ကျွန်မစဉ်းစားမိတာက မြန်မာပြည်က အစားအစာတွေကို နိုင်ငံခြားရောက်နေတဲ့ မြန်မာတွေ လိုအပ်နေတယ်ဆိုပြီး မေမေ့မိတ်ဆွေတွေ အတွက်ပါ ထည့်ပေးခဲ့တယ်။ ဒီလိုနဲ့ အသင့်စား မြန်မာ့စားသောက်ကုန်တွေ စတင်ခဲ့တာဖြစ်ပါတယ်။ အစတုန်းကတော့ ဘာလချောင်ကြော်၊ ငပိကြော်၊ ငါးခြောက်ထောင်းကြော်၊ ချဉ်ပေါင်ကြော်တွေကို စာတိုက်ကနေ ကြာကြာခံအောင်ထုပ်ပိုးပြီး တင်ပို့ရာကနေ လုပ်ငန်းစတင်ခဲ့ပါတယ်။ မြန်မာပြည်သားလို့ နာမည်ပေးရတာကတော့ မြန်မာပြည်ကနေတင်ပို့တဲ့ ကျွန်မရဲ့အစားအသောက်တွေကို ဝယ်ယူကြတဲ့သူတွေအားလုံးက အမှတ်တရဖြစ်စေချင်တာကြောင့် အမည်ပေးဖြစ်ခဲ့ပါတယ်။

မေး။ လက်ရှိ အသင့်စားမြန်မာအစားအစာ စျေးကွက်အကြောင်းကို ပြောပြပေးပါ။

ဖြေ။ ဒီလုပ်ငန်းဟာ မြန်မာလူမျိုးတွေအတွက် အလွန်လွယ်ကူတဲ့လုပ်ငန်းတစ်ခုလို့ ပြောလို့ရပါတယ်။ နေ့စဉ်စားသောက်နေကြတဲ့ မြန်မာအစားအစာတွေကို အလွယ်တကူနဲ့ အသင့်စားနိုင်အောင် စီစဉ်ထားတာ ဖြစ်ပါတယ်။ မြန်မာအစားအစာ စစ်စစ်တွေက အခုအချိန်မှာ အိမ်မှာလုပ်စားတဲ့အလေ့အထ နည်းပါးလာနေတာကို မြင်ရပါတယ်။ အသင့်စားစျေးကွက်က နေရာရလာခြင်းကြောင့် အသင့်စားစရာတွေက စျေးကွက်ရလာတာပါ။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်းကအစ ကိုယ်တိုင်လုပ်စားဖို့ အချိန်မပေးနိုင်သူတွေက များလာကြပြီး အလွယ်တကူစားနိုင်အောင် အန်တီတို့က စျေးကွက်လိုအပ်ချက်အရ တိုးချဲ့လာခဲ့ရတာဖြစ်ပါတယ်။ စျေးကွက်ထဲမှာလည်း ကုန်အမှတ်တံဆိပ်တွေ အများကြီးထွက်ပေါ်လာတာကို ဝမ်းသာစရာ မြင်တွေ့ရပါတယ်။ အန်တီတို့အနေနဲ့လည်း ဒေသအသီးသီးက တိုင်းရင်းသားရိုးရာ စားစရာတွေ၊ မြန်မာ့ရိုးရာစစ်စစ် စားသောက်ကုန်တွေကို မိနစ်အနည်းငယ်အတွင်း အချိန်ပေးစီစဉ်နိုင်အောင် ကြိုးပမ်းရပါတယ်။ လက်ရှိမှာတော့ ပြည်တွင်းပြည်ပစျေးကွက်မှာ အသင့်စား မြန်မာ့ရိုးရာစားစရာတွေက တွင်ကျယ်လာခဲ့ပါတယ်။

မေး။ မြန်မာအစားအစာတွေက ပျောက်ကွယ်လုနီးပါး ဖြစ်နေရပါတယ်။ ပြည်ပစျေးကွက်ကို ချဲ့ထွင်ဖို့နဲ့ နိုင်ငံတကာစားသောက်ကုန်တွေမှာ မြန်မာအစားအစာတွေ နေရာရဖို့ ဖြစ်နိုင်မလား။

ဖြေ။ ကျွန်မတို့ရဲ့အားနည်းချက်က အပြင်အဆင်နဲ့ အရည်အသွေးပိုင်း ဖြစ်ပါတယ်။ ဥပမာပြောရရင် မုန့်ဟင်းခါးဆိုပါစို့။ ဖြစ်သလို မုန့်ဖတ်ထည့်ပြီး ငါးနဲ့ ပဲနဲ့ အခြားအမယ်တွေ အစုံထည့်ထားတဲ့ ဟင်းရည်နဲ့ ဆမ်းပေးပြီး ရောင်းချတယ်။ အရသာက ကောင်းပေမယ့် နိုင်ငံခြားသားတွေက ကယ်လိုရီ ဘယ်လောက်ပါမလဲ။ ဘာတွေပါဝင်သလဲ။ ကုန်ကြမ်းအရည်အသွေးစတာတွေ တိုင်းထွာသလို မုန့်အပြင်အဆင်က စနစ်တကျနဲ့ ဘဲဥဖတ်တွေ၊ အကြော်တွေအစ လှလှပပလေးပြင်ပေးကြရင် ဟိုတယ်တွေမှာ တစ်ပွဲကို ငါးထောင်ယူလည်း စားကြတယ်။ အပြင်မှာ တစ်ပွဲကို ငွေကျပ် ၅၀၀ ပေးပြီး သူတို့စားနိုင်အောင် အပြင်အဆင်ပိုင်းကိုမြှင့်ပေးဖို့ လိုအပ်မယ်ထင်ပါတယ်။ နောက်ပြီး မြန်မာမုန့်တွေဆိုလည်း ကောက်လှိုင်းတီမုန့်၊ ထန်းသီးမုန့်၊ မုန့်ပျားသလက်အားလုံးက အရသာနဲ့ပြည့်စုံပြီး ရာသီအလိုက် ပေါများခဲ့တဲ့မုန့်တွေ။ အခုဆို တဖြည်းဖြည်း ပျောက်ကွယ်လာပြီ။ မြန်မာ့အစားအစာတွေကို မြှင့်တင်ဖို့ဆိုရင် အပြင်အဆင်နဲ့ဆွဲဆောင်ဖို့ လိုပါတယ်။ နိုင်ငံခြားသားတစ်ယောက်ဟာ ပီဇာနဲ့ကြက်ကြော်ကို တစ်ကမ္ဘာလုံးမှာ စားနိုင်တာကြောင့် မြန်မာနိုင်ငံကိုရောက်တုန်းမှာ မြန်မာမုန့်တွေ စားချင်ကြမှာပဲ။ ဒါပေမယ့် သူတို့စိတ်ထဲမှာ သန့်ရှင်းသပ်ရပ်မှု၊ အသွင်အပြင်နဲ့ ပါဝင်တဲ့ကုန်ကြမ်းတွေအပေါ် အာမခံနိုင်မှုကိုတော့ ကိုယ်က ပေးဖို့လိုပါတယ်။

မေး။ အသင့်စားသုံးနိုင်တဲ့ အစားအသောက်တွေ အပေါ် အမြင်နဲ့ လက်ရှိမှာ ထုတ်လုပ်နေတဲ့ပုံစံကို ပြောပြပေးပါ။

ဖြေ။ အသင့်စားအမှတ်တံဆိပ်တွေ အများကြီး ထွက်ပေါ်လာပါတယ်။ ထုတ်လုပ်ခွင့် စနစ်တကျနဲ့ နိုင်ငံတကာအဆင့်မီဖို့ ကြိုးစားကြရမှာပေါ့။ ကျွန်မကတော့ စက်ရုံကို ရွှေပေါက္ကံစက်မှုဇုန်မှာ တည်ထောင်ထားပြီး ဝန်ထမ်း ၇ဝကျော်နဲ့ အသင့်စား စားသောက်ကုန်မျိုးစုံ ထုတ်ပါတယ်။ အမျိုးအစားကတော့ ရာနဲ့ချီပြီးရှိပါတယ်။ တစ်နိုင်ငံလုံးက မြို့အသီးသီးရဲ့ ရိုးရာစားသောက်ကုန်တွေကို အဆင့်ဆင့်လေ့လာပြုစုပြီး တာရှည်ထားနိုင်မယ့် အခြေအနေရအောင် ပြင်ဆင်ရသလို ဆန်းသစ်တီထွင်ရတာလည်း ရှိပါတယ်။ အဓိကကတော့ ကျန်းမာရေးနဲ့ညီညွတ်ဖို့က အဓိကပါ။ များသောအားဖြင့် မြန်မာ့ရိုးရာ စားသောက်ကုန်စစ်စစ်တွေက ဘေးအန္တရာယ်မရှိပါဘူး။ တာရှည်ခံဖို့အတွက်လည်း ဓာတုဗေဒအကူအညီကို မသုံးသင့်ဘဲ သဘာဝအခြောက်ခံစနစ်ကို သုံးသင့်ပါတယ်။ ကုန်ကြမ်းကိုတော့ စားသောက်ကုန်အမယ်အလိုက် တစ်နိုင်ငံလုံးက ကုန်ကြမ်းတွေကို အသုံးပြုပါတယ်။ ထုတ်လုပ်မှု၊ ထုပ်ပိုးမှု စနစ်ကျရင် ပြည်တွင်းပြည်ပစျေးကွက်မှာ အဆင်ပြေပါတယ်။

မေး။ တစ်နိုင်တစ်ပိုင် စီးပွားဖြစ်လုပ်ကိုင်လိုသူတွေကို နှစ် ၃ဝ အတွေ့အကြုံကနေ အကြံပြုပေးပါဦး။

ဖြေ။ ကျွန်မလုပ်ကိုင်နေတဲ့ မြန်မာအစားအစာ လုပ်ငန်းကို ကျွန်မတို့တိုင်းပြည်မှာ အများကြီး တွင်ကျယ်လာစေချင်တာ။ ဒေသအလိုက်၊ လူမျိုးအလိုက် မြန်မာအစားအစာတွေထုတ်လုပ်ပြီး မြန်မာ့ရိုးရာ အစားအစာတွေ ကမ္ဘာကျော်စေချင်ပါတယ်။ မြန်မာအိမ်ရှင်မ အများစုဟာ အစားအသောက်နဲ့ ပတ်သက်လာရင် ဝတ္တရားတစ်ခုအနေနဲ့ရော၊ ဝါသနာအရရော နီးစပ်ကြပါတယ်။ အခြားအလုပ်အကိုင်တွေ ထက်စာရင် တစ်နိုင်တစ်ပိုင် မြန်မာအစားအသောက်လုပ်ငန်းကို အစပျိုးလုပ်ကိုင်ကြည့်ကြပါလို့ အကြံပြုချင်ပါတယ်။ တကယ်လို့ ကိုယ်ပိုင်စီးပွားရေးတစ်ခုအနေနဲ့ လုပ်ချင်တဲ့အမျိုးသမီးတွေကိုလည်း ကျွန်မက အကြံဉာဏ်ရော၊ အကူအညီရော ပေးချင်ပါတယ်။ မည်သူမဆို ကျွန်မရဲ့ မြန်မာပြည်သား မြန်မာ့ရိုးရာ စားသောက်ကုန်လုပ်ငန်းနေရာ ရွှေပေါက္ကံစက်မှုဇုန်က စက်ရုံကို လာရောက်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ ဒါမှသာ ကျွန်မတို့ ရိုးရာစားသောက်ကုန်လုပ်ငန်းက ပိုပြီး တွင်ကျယ်လာမယ်လို့ ထင်ပါတယ်။ ။

(မြန်မာ့အလင်း)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အပူချိန်များမြင့်တက်နေမှုကြောင့် သင်္ကြန်ရေကစားချိန်များ ပြောင်းလဲသတ်မှတ်ပေးထား

မုံရွာ ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ နေ့အပူချိန်များ မြင့်တက်နေမှုကြောင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ ပြဿနာများ မဖြစ်ပွားစေရန်အတွက် မဟာသင်္ကြန်ပွဲတော်ကာလတွင် ရေပက်ကစားကြမည့် မဏ္ဍပ်များကို ရေကစားချိန်များ သတ်မှတ်ပေးထားကြောင်း မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ အယ်နီညိုဖြစ်စဉ်ကြောင့် နေ့ပိုင်းအပူချိန်တွေ အလွန်မြင့်တက်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်သူတွေ ကျန်းမာရေးနဲ့ပတ်သက်တဲ့ပြဿနာတွေ မဖြစ်ပေါ်စေရေးအတွက် ဒီနှစ်သင်္ကြန်မှာ ပါဝင်ရေကစားကြမယ့် မဏ္ဍပ်တွေကို ရေကစားချိန်တွေ သတ်မှတ်ပေးထားပါတယ်။ သင်္ကြန်ရက်မှာ နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိတစ်ကြိမ် နှစ်ကြိမ်ခွဲပြီး သတ်မှတ်ပေးထားပါတယ်။ ဒါ့အပြင် ရာသီဥတုပူပြင်းမှုကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာတွေ ပေါ်ပေါက်လာရင် အချိန်နဲ့တပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကျန်းမာရေးဌာနနဲ့ ပူးပေါင်းပြီး မုံရွာမြို့ မြို့တော်ခန်းမမှာ ဆေးခန်းဖွင့်လှစ်ပြီးလည်းကောင်း၊ မြို့ထဲကို ကားနဲ့မိုဘိုင်းလှည့်လည်ပြီး လည်းကောင်း အရေးပေါ်ကုသပေး သွားမှာဖြစ်ပါတယ်"ဟု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယမန်နှစ် သင်္ကြန်ကာလ နေ့လည်ပိုင်းအချိန် မုံရွာမြို့၊ မဏ္ဍပ်တစ်ခုရှေ့မှ ပြည်သူများ

မုံရွာမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ဗဟိုမဏ္ဍပ်နှင့်အတူ ဌာနဆိုင်ရာများမှ မဏ္ဍပ်ခြောက်ခု၊ ရပ်ကွက်ရေကစားမဏ္ဍပ် ၁၇ ခုရှိပြီး အလှပြယာဉ်များ၊ သံချပ်အဖွဲ့များလည်း ပါဝင်၍ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်ကြောင်း သိရသည်။

မိုးချမ်း(မုံရွာ)

ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းများအတွင်း ရှားပါးတိရစ္ဆာန်များအား အမဲလိုက်ခြင်းကို ထိရောက်စွာတားမြစ်သင့်

ရေတာရှည် ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သည် သစ်တောကြိုးဝိုင်းများစွာရှိပြီး သစ်တောကြိုးဝိုင်းများအတွင်း သဘာဝအတိုင်း မှီတင်းကျက်စားနေထိုင်လျက်ရှိသော တောရိုင်းတိရစ္ဆာန်များကို တရားမဝင်အမဲလိုက်သတ်ဖြတ်မှုများရှိနေရာ သစ်တောကြိုးဝိုင်းနေ ဒေသခံများအား ကွင်းဆင်းပညာပေးမှုများပြုလုပ်၍ ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း ရေတာရှည်မြို့ခံ ပြည်သူ့အချို့က ပြောသည်။

သစ်တောကြိုးဝိုင်းဒေသများတွင် တရားမဝင် တူမီးသေနတ်ကိုင်ဆောင်ခြင်းကို အရေးယူမှုများပြုလုပ်လျက်ရှိကာ အမဲလိုက်ခြင်းကိုလည်း သစ်တောဦးစီးဌာနမှ တားမြစ်ထားမှုများ ပြုလုပ်ထားသည်။ သို့သော် ဒေသခံများအနေဖြင့် လိုက်နာမှုအားနည်းနေခြင်းကြောင့် မျိုးတုံးပျောက်ကွယ်တော့မည့် တောရိုင်းတိရစ္ဆာန်များအတွက် အကာအကွယ်မဲ့သလိုဖြစ်နေကြောင်း သုံးသပ်ဝေဖန်မှုများလည်းရှိနေသည်။

မကြာသောရက်ပိုင်းက သိုင်းဝကျေးရွာအုပ်စု ဆွာချောင်းဆည်မြောက်ဘက်ရှိ ကျွန်းတောစုကျေးရွာနေ တောလိုက်မုဆိုးများသည် ဆွာချောင်းဆည်ကြိုးဝိုင်းအတွင်းမှ ရှားပါးမျိုးစိတ်ဝင် တောင်ဆိတ်တစ်ကောင်ကို ရရှိခဲ့ကြောင်း သိရသည်။ "တောင်ဆိတ်ကြီးတစ်ကောင်ရလာတာ။ အနက်ရောင်ပေါ့။ တောင်ဆိတ်ဆိုတာ ကြားသာကြားဖူးတာ။ ခုမှမြင်ဖူးတာပဲ။ ခြေထောက်ခွာတွေကိုတောင် ရှစ်သောင်းပေးပြီး ဝယ်သွားကြတယ်။ ဆေးဘက်ဝင်လို့တဲ့။ နောက် လျှာကိုလည်း စေးကောင်းပေးပြီးဝယ်သွားတယ်"ဟု ကျွန်းတောစုကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးကပြောသည်။

ရေတာရှည်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်းများတွင် လွန်ခဲ့သော နှစ်များစွာက ဆတ်၊ ပြောင်၊ ချေ၊ သမင်၊ စိုင်၊ တောဝက် အစရှိသော တိရစ္ဆာန်များစွာရှိခဲ့သော်လည်း နောက်ပိုင်းကာလများ၌ မျိုးတုံးပျောက်ကွယ်ကာ ယခုအခါ ချေနှင့် တောဝက်တို့သာရှိတော့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဧပြီလကုန်တွင် မိုးကြိုနှမ်းစိုက်ပျိုးနိုင်ရန် မြောက်ယမားလက်ယာတိုးချဲ့မြောင်းမှ ရေစတင်ပေးဝေ

စစ်ကိုင်း ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း ဧပြီလကုန်တွင် မိုးကြိုနှမ်းများ စိုက်ပျိုးရန်အတွက် မြေပြုပြင်ထားနိုင်ရန် ဧပြီ ၁၀ ရက်မှစ၍ မြောက်ယမားလက်ယာတိုးချဲ့မြောင်းမကြီးမှ စိုက်ပျိုးရေ စတင်ပေးဝေနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၄) လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးထံမှ သိရသည်။

"တောင်သူတွေအနေနဲ့ စိုက်ပျိုးရေလိုအပ်တယ်ဆိုရင် တည်ဆောက်ရေး(၄) ဖုန်းနံပါတ် ၀၉-၄၀၀၅၁၁၀၁၀ ကို တိုက်ရိုက်ဆက်သွယ် တောင်းခံနိုင်သလို ဒေသမှာ ချိတ်ဆွဲထားတဲ့ ဆက်သွယ်နိုင်မယ့်ဖုန်းနံပါတ်တွေကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ အဲဒီလိုမေးရမယ်ဆိုတာကို တချို့တောင်သူတွေအနေနဲ့ မသိသေးတာရှိတဲ့အတွက် ရေသောက်ဧရိယာအတွင်းမှာရှိတဲ့ တောင်သူတွေ ရေသောက်ဧရိယာအပြည့်အဝ ရေရယူစိုက်နိုင်ဖို့အတွက် တည်ဆောက်ရေး(၄) ဝန်ထမ်းတွေက ကွင်းဆင်းပြီး တောင်သူတွေနဲ့ တွေ့ဆုံညှိနှိုင်းတာတွေ ဆောင်ရွက်နေပါတယ်"ဟု ဦးဇော်ဦးကပြောသည်။

သေတ္တရာကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက "ရေရမှာသေချာတယ်ဆိုရင် စိုက်ချင်ပါတယ်။ ကျွန်တော်တို့နယ်မှာ ရေမရှိတဲ့အတွက် ယာကိုပဲ အဓိကထား စိုက်နေရတာပါ။ စပါးစိုက်ချင်တဲ့အတွက် ယာကနေ လယ်မြေအဖြစ်ပြောင်းနိုင်ဖို့ မြေကိုပြုပြင်ရပါမယ်။ ရေရဖို့သေချာရင် မြေကို အချိန်ယူပြုပြင်ပြီး နွေစပါးနဲ့ မိုးစပါးကို စိုက်ပျိုးနိုင်အောင် ကြိုးစားသွားပါမယ်"ဟု ပြောသည်။

တိုးချဲ့မြောင်းမကြီး၏ လက်တံ (၉) (၁၀) နှင့် (၁၁) နေရာများသည် မူလက ယာမြေများဖြစ်သဖြင့် ရေသွင်းစိုက်ပျိုးရန်အတွက် လယ်ယာမြေ ပြုပြင်ခြင်းများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရေသောက်ဧကများ ရေရရှိရေးအတွက် လယ်ကြားမြောင်းများတူးဖော်ရန်လည်း တည်ဆောက်ရေး(၄) ဝန်ထမ်းများက တောင်သူများနှင့် တွေ့ဆုံစည်းရုံးလျက်ရှိကြောင်း၊ မြေပြင်ရန်အတွက် ရေပေးမြောင်းများမှ စိုက်ပျိုးရေများ ပေးဝေနေပြီဖြစ်သလို နောင်နှစ်တွင် လက်တံ (၁၁)အထိ နွေစပါးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သင်္ကြန်ကာလကို ပြည်သူများ ဘေးကင်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ဖျာပုံ ဧပြီ ၁၁

ဖျာပုံမြို့၌ သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် မှုခင်းများ မဖြစ်ပေါ်စေရေးနှင့် အထူးသဖြင့် ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေး၊ သင်္ကြန်ကာလကို ပြည်သူများ ဘေးကင်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရေးအတွက် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပေးနှိုးဆော်စာများဖြန့်ဝေခြင်း၊ အများပြည်သူ မြင်သာသည့်နေရာများတွင် သတိပေးနှိုးဆော်ဆိုင်းဘုတ်များ စိုက်ထူခြင်း စသည့် မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများကို ဖျာပုံမြို့ရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သင်္ကြန်အကြိုကာလမှာကတည်းက မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းစေဖို့အတွက် မြို့မှာရှိတဲ့ ဆေးဆိုင်တွေကို ခေါ်ယူပြီး မှတ်ပုံတင်ထားခြင်းမရှိတဲ့ တရားမဝင်ဆေးဝါးတွေ၊ စိတ်ကြွဆေးတွေ မရောင်းချဖို့ အသိပေးဆွေးနွေးခြင်းတွေ ပြုလုပ်ခဲ့သလို ဆေးဆိုင်တွေကိုလည်း ဝင်ရောက်စစ်ဆေးတာတွေ လုပ်ပါတယ်။ ယာဉ်အန္တရာယ် ကင်းဖို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး၊ အိတ်ဇောဖြတ်မောင်းတဲ့ယာဉ်တွေ၊ စည်းကမ်းပျက်ယာဉ်တွေကို အခုကတည်းက ဖမ်းဆီးပညာပေးခြင်း၊ လိုအပ်ပါက အရေးယူခြင်းတွေပါ ဆောင်ရွက်နေပါတယ်"ဟု ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်က ပြောသည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း အရက်သေစာရောင်းချခြင်းနှင့် ပတ်သက်၍ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက "ကျွန်တော်တို့ အခုကတည်းက အရက်ဆိုင်တွေကို ဝင်စစ်ပါတယ်။ လိုင်စင်ပါ သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ရောင်းချဖို့နဲ့ စည်းကမ်းပျက်ပါကလည်း အရေးယူသွားမယ့်အကြောင်း အသိပေးထားပြီးဖြစ်ပါတယ်။ အထူးသဖြင့် ခွင့်ပြုချက်မရှိဘဲ အရက်ရောင်းချသူတွေ၊ လမ်းဘေးမှာ ရေခဲပုံးနဲ့လာရောင်းခြင်းတွေ မရှိအောင်လည်း စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အထူးကြပ်မတ်ဆောင်ရွက်မှာဖြစ်သလို ပြည်သူတွေကတွေ့ရှိလို့ အကြောင်းကြားလာရင်လည်း အရေးယူဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ဖျာပုံမြို့ခံတစ်ဦးဖြစ်သူ ဦးမျိုးညွှန့်က "တစ်နှစ်တစ်ခါသာ ကြုံကြရတဲ့ ဒီသင်္ကြန်ကာလမှာ အားလုံးကို ဘေးကင်းကင်းနဲ့ ပျော်ရွှင်စွာ ဖြတ်သန်းစေချင်ပါတယ်။ အခုအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် သည်းခံမေတ္တာထားကြဖို့လည်း အရေးကြီးတဲ့အချိန်ပါ။ မူးယစ်ဆေးဝါးကိစ္စတွေအပြင် ယာဉ်အန္တရာယ်ကင်းစေဖို့ဆိုတာ သက်ဆိုင်ရာတာဝန်ရှိသူတွေက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြဖို့လိုသလို ပြည်သူတွေဘက်ကလည်း တတ်နိုင်သမျှ စည်းကမ်းလိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ဆင်နွှဲကြဖို့ လိုပါတယ်" ဟု ပြောသည်။

ဖျာပုံမြို့သည် ပင်လယ်ဒေသ ထွက်ပေါက်မြို့ဖြစ်သည်နှင့်အညီ နှစ်စဉ်သင်္ကြန်ကာလတွင် ဖျာပုံမြစ်အတွင်းသို့ ဝင်ရောက်ဆိုက်ကပ်ပြီး ရေကစားကြမည့် အနယ်နယ်အရပ်ရပ်မှ ပင်လယ်ငါးဖမ်းစက်လှေများလည်းရှိရာ အဆိုပါစက်လှေများကို စိစစ်ခြင်း၊ မှတ်တမ်းပြုစုထားခြင်းများ ပြုလုပ်ထားပြီး ပြဿနာတစ်စုံတစ်ရာဖြစ်လာပါက အလွယ်တကူဖြေရှင်းနိုင်ရေးကိုပါ ကြိုတင်စီစဉ်ထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သူဇာနွယ်(ဖျာပုံ)

သောက်သုံးရေရှားပါးသည့်ကျေးရွာသို့ စက်ရေတွင်းနှင့်ရေလှောင်ကန် လှူဒါန်း

မိတ္ထီလာ ဧပြီ ၁၁

မိတ္ထီလာမြို့နယ် ဝွေ့အိုင်ကျေးရွာအုပ်စု ဝွေးတောက်ကံကျေးရွာ၌ ရေရှားပါးပြတ်လပ်ကာ ဒေသခံပြည်သူများ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသဖြင့် 'ကမ်းလက်များ ပရဟိတမိသားစု' ၏ကူညီပံ့ပိုးမှုနှင့် အလှူရှင်မိသားစု၏ လှူဒါန်းမှုဖြင့် စက်ရေတွင်းနှင့် ရေလှောင်အုတ်ကန်များကို ပြုလုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဝွေးတောက်ကံကျေးရွာမှာ အိမ်ခြေ ၁၁၀ လူဦးရေ ၅၀၀ ခန့်ရှိတယ်။ ရွာမှာ မူလက ရေတိုင်နဲ့ ရေတွင်းတစ်တွင်းရှိပေမယ့် ရေငန်ပဲ ထွက်တာမို့ သောက်သုံးရေ အခက်အခဲကြုံတွေ့နေကြောင်း လက်တွေ့ကွင်းဆင်း တွေ့ရှိရတာမို့ အလှူရှင် ဦးအေးသက်၊ ဒေါ်ဝင်းမာသန်း(စတိုး) မိသားစုတို့က ကျပ် ၃၅ သိန်းခန့် အကုန်အကျခံပြီး အနက် ၃၈၀ ပေ၊ လေးလက်မ စက်ရေတွင်းတစ်တွင်းနဲ့ ရေဂါလန် ၂၅၀၀ ဆံ့ အုတ်ရေလှောင်ကန်တစ်ကန်ကို ပြုလုပ်လှူဒါန်းခဲ့တာပါ။ ကျွန်တော်တို့ ကမ်းလက် ပရဟိတမိသားစုက ပညာရေး၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ လူမှုကူညီရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာမို့ စက်ရေတွင်းနဲ့ အုတ်ရေလှောင်ကန် ပြုလုပ်လှူဒါန်းတဲ့ အလှူရှင်တွေနဲ့ အမှန်တကယ် သောက်သုံးရေရှားပါးတဲ့ ကျေးရွာတွေကို ဆက်သွယ်ကူညီပံ့ပိုးဆောင်ရွက်ပေးတာပါ။ နောက်ထပ်လည်း ဇရပ်ကုန်းကျေးရွာအုပ်စုအတွင်းက လျှော်ဖြူပင်ကျေးရွာနဲ့ သောက်သုံးရေရှားပါးတဲ့ ကျေးရွာတစ်ချို့မှာ စက်ရေတွင်းများကို စေတနာရှင် အလှူရှင်များရဲ့ လှူဒါန်းမှုနဲ့ ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်" ဟု ကမ်းလက် ပရဟိတမိသားစုအဖွဲ့မှ ဒေါက်တာမြတ်မင်းက ပြောသည်။

မိတ္ထီလာမြို့နယ် အနောက်ဘက်မှ ကျေးရွာအများစုသည် ရေရှားပါးသည့် ကျေးရွာများဖြစ်ကာ ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုကို ခံစားကြုံတွေ့ရသဖြင့် ယခင်နှစ်များထက်ပို၍ သောက်သုံးရှားပါးသည့်ဒဏ်များကို ကျေးရွာအချို့တွင် ကြုံတွေ့နေရပြီး ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာတာဝန်ရှိသူများက သောက်သုံးရေလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

နွေရာသီ ပန်းချီနှင့်ကဗျာ သင်တန်းဆင်း

ကသာ ဧပြီ ၁၁

ကသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျောင်းသားကျောင်းသူများ နွေရာသီအားလပ်ချိန်တွင် အခြေခံပန်းချီနှင့် ကဗျာပညာများ သင်ယူနိုင်ရန်အတွက် ဖွင့်လှစ်ခဲ့သော နွေရာသီ ပန်းချီနှင့်ကဗျာ နှစ်ပတ်ကြာ သင်တန်း၏ သင်တန်းဆင်းပွဲကို ဧပြီ ၉ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမြမွန်က အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား ဆုပစ္စည်းများပေးအပ်ကာ ကသာမြို့နယ် စာရေးအသင်းနှင့် ကသာမြို့ သတင်းအဖွဲ့သားများကလည်း ဗလာစာအုပ်နှင့်ခဲတံများကို သင်တန်းအတွက် ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ဌေဆိုး(ကသာ)

နွေစပါးစိုက်ပျိုးမှုတိုးလာရန် ဆောင်ရွက်လျက်ရှိ

ကံမ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်း မဒေးရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာများတွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာ၌ ပုလဲသွယ်စပ်မျိုးစပါးကို ပို၍ စိုက်ပျိုးလာကြကြောင်း သိရသည်။

မဒေးရေလှောင်တမံ ဆည်ရေသောက်ဧရိယာများတွင် ရတနာတိုးမျိုး ၁၈၁၂ ဧက၊ ဗီယက်နမ်မျိုး ၇၀ ဧက နှင့် ပုလဲသွယ်(စပ်မျိုး) ၁၄၃ ဧက အပါအဝင် နွေစပါး ၂၀၂၅ ဧက စိုက်ပျိုးထားကြောင်း၊ သက်လျင်မျိုးဖြစ်သည့် ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးခြင်းအားဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့်အပြင် သက်တမ်းရက် ၁၁၀ ခန့်တွင် ရိတ်သိမ်းနိုင်ပြီး အထွက်နှုန်း အထူးကောင်းမွန်သည့်အတွက် အခြား သက်ရင့်စပါးများထက် ဝင်ငွေနှစ်ဆတိုးနိုင်၍ တောင်သူများအနေဖြင့် စိတ်ဝင်စားကြပြီး ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှုမှာ ယခင်နှစ်များထက် ပိုမိုလာကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ပိုမိုများပြားလာစေရန် ပညာပေးဟောပြောမှုများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းက ပြောသည်။

ကျော်ဇေယျဝင်း(ကံမ)

သင်္ကြန်ကာလ မှုခင်းဖြစ်ပွားမှုကင်းရှင်းရေး ဆွေးနွေး

ဖြူး ဧပြီ ၁၁

သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားရေးနှင့် ရာဇဝတ်ပြစ်မှုကင်းရှင်းရေး ညှိနှိုင်းအစည်းအဝေးကို ဖြူးမြို့မရဲစခန်း၌ ဧပြီ ၉ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မြို့ပေါ်ရပ်ကွက် ၁၁ ခုမှ အုပ်ချုပ်ရေးမှူးများ၊ ဖြူးမြို့နယ်အတွင်းရှိ ဇေယျဝတီ၊ ညောင်ပင်သာ၊ ကည္ဆတ်ကွင်းနှင့် အုတ်ဖြတ်ရဲစခန်းများမှ စခန်းမှူးများ တက်ရောက်ခဲ့ကြပြီး ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းထွန်းက အမှာစကားပြောကြားကာ ဖြူးမြို့မရဲစခန်းမှူး ဒုရဲမှူးစံလှက ဖြူးမြို့နယ်၌ သင်္ကြန်ကာလအတွင်းသာမက ကျန်အချိန်များတွင်ပါ မှုခင်းလျော့နည်းကျဆင်းရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အကြံဉာဏ်များပေးကြရန် ပြောကြားပြီး အစည်းအဝေးတက်ရောက်သူများက သင်္ကြန်ကာလ မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ဖြူးမြင့်ဦး

မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများ တွင်ကျယ်စွာစိုက်ပျိုးလာ

ကနီ ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် သရက်ပင်ကျေးရွာ ကွင်းအမှတ်(၁၂၈၃)(ဂ) ကွင်း၌ နှစ်စဉ်လေးလက်မပိုက်တွင်းများဖြင့် ရေများတင်ကာ မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများကို တွင်ကျယ်စွာ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သရက်ပင်ကျေးရွာ ကွင်းအမှတ်(၁၂၈၃)(ဂ)ကွင်းဟာ ချင်းတွင်းမြစ်ရေကြီးချိန်မှာ ရေဝင်ရောက်ပြီး ရေကျချိန်ကစလို့ မြေပဲ၊ ပဲအမျိုးမျိုးနဲ့ သီးနှံမျိုးစုံကို စိုက်ပျိုးကြပါတယ်။ ပဲပင်တွေကြားမှာ နေကြာ၊ သကြားပြောင်းနှင့် စီပီကြက်စာပြောင်းတွေကို သီးညှပ်အဖြစ် စိုက်ပျိုးကြပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်က ဆောင်းသီးနှံများရိတ်သိမ်းပြီးချိန် မတ်လကုန်နှင့် ဧပြီလဆန်းမှ စ၍ မိုးကြိုမြေပဲနှင့် ရေဆင်း(၁၁) ပဲတီစိမ်းများကို စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ရေဆင်း(၁၁)၊ ရေဆင်း(၁၄)နှင့် အိန္ဒိယပဲတီစိမ်းများအပြင် အချိန်တိုအတွင်း ဝင်ငွေများပြီး အထွက်တိုးသော နွေမတ်ပဲကိုပါ စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်းလည်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း မြို့နယ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်မှ စတင်ကာ ရေမြေသဘာဝနှင့် ကိုက်ညီသော စံပြကွက်များစိုက်ပျိုးရန် ပညာပေးခြင်း၊ ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေအခက်အခဲမရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံအမျိုးအစားနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပေးခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနိုင်ရေးအတွက် ကူညီပေးခြင်းတို့ကို ပညာပေးဟောပြောပွဲများ ပြုလုပ်၍လည်းကောင်း၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

သင်္ကြန်ကာလ မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

ချောင်းဆုံ ဧပြီ ၁၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရန်နှင့် မှုခင်းလျော့နည်းကျဆင်းရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ဟောပြောပွဲများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းကြီးကြပ်ရေး ကော်မတီက ကြီးမှူး၍ မြို့နယ်အတွင်းရှိ သင်္ကြာကျေးရွာ၊ ဘိုးနက်ကျေးရွာ၊ ကမာမိုကျေးရွာနှင့် ကွမ်ရိုက်ကျေးရွာများ၌ ဧပြီ ၇ ရက်နှင့် ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် လူငယ်များအနေဖြင့် အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားခြင်းများ မဖြစ်စေရန်၊ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရန်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်းနှင့် တာဝန်ရှိသူများက ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ထူးအိမ်(ပြန်/ဆက်)

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအထိမ်းအမှတ်အဖြစ် CT Scan နှင့် Oxygen Plant ပေးအပ်လျှုဒါန်း

စစ်တွေ ဧပြီ ၁၁

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်း အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရမှ ရခိုင်ပြည်နယ် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ CT Scan နှင့် Oxygen Plant ပေးအပ်လျှုဒါန်းပွဲနှင့် ဖွင့်ပွဲကို ဧပြီ ၉ ရက်က စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဝန်ကြီးများ၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr.Goutam Mukhopadhya နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့ဆေးရုံကြီးသည် ရခိုင်ပြည်နယ်တစ်ဝန်းရှိ ဒေသခံပြည်သူများအတွက် အားထားရသည့် ကျန်းမာရေးစောင့်ရှောက်ရာ ဌာနတစ်ခုဖြစ်ပြီး ဆေးရုံကြီးတွင် လိုအပ်သည့်ပညာရှင်များ၊ ဆေးရုံသုံးပစ္စည်းကိရိယာများနှင့် ဆေးဝါးပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးထားလျက်ရှိကြောင်း၊ အိန္ဒိယအစိုးရ အထောက်အပံ့ အထူးအစီအစဉ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် စစ်တွေပြည်သူ့ဆေးရုံကြီး အတွက် CT Scan နှင့် Oxygen Plant များ လျှုဒါန်းသည့်အတွက် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတွင်လည်း နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက CT Scan နှင့် Oxygen Plant များ ပေးအပ်လျှုဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Oxygen Plant အဆောက်အအုံကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ကုသရေးဦးစီးဌာနမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ Oxygen Plant မောင်းနှင်နေမှုနှင့် CT Scan စက်များ တပ်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

သင်္ကြန်အကြို ယာဉ်စည်းကမ်းထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိ

ပြင်ဦးလွင် ဧပြီ ၁၁

ပြင်ဦးလွင်မြို့၌ သင်္ကြန်ကာလအတွင်း လမ်းပိတ်ဆို့မှုများနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်း မရှိစေရန်အတွက် သင်္ကြန်အကြိုကာလ ယာဉ်စည်းကမ်းထိန်းသိမ်းမှုများကို ပြင်ဦးလွင်မြို့အမှတ်(၉၄)ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးဝင်းသိန်းနှင့် တပ်ဖွဲ့ဝင်များက ဧပြီ ၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သင်္ကြန်ပွဲတော်ရက်များအတွင်း ပြင်ဦးလွင်ကို လာရောက်လည်ပတ်ကြတဲ့ ဧည့်သည်ယာဉ်တွေက တော်တော်များပါတယ်။ လာကြတဲ့ယာဉ်တွေ အားလုံးကလည်း အနီးစခန်း၊ နီးဘုရား၊ ဓာတ်တော်ချိုင့် ရေတံခွန်ကနေစလို့ မြို့ထဲဘုံကျောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နဲ့ ပွဲကောက် ရေတံခွန်၊ ဝက်ဝံမှာရှိနေတဲ့ ပိတ်ချင်းမြောင်လိုဏ်ဂူတော်အထိ သွားရောက်လည်ပတ်နေကြလို့ နေရာတွေကများပြီး ဧရိယာလည်း ကျယ်ပြန့်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေကတော့ သင်္ကြန်ကာလမှာ ပြည်သူလူထုတွေ ယာဉ်အန္တရာယ်ကင်းဝေးရအောင် အခုအချိန်ကတည်းက အထူးစီမံချက်တစ်ရပ်အနေနဲ့ လုပ်ကိုင်ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့၌ အိပ်ဇောဖွင့်ဖြုတ်မောင်းနှင်နေသည့် မော်တော်ဆိုင်ကယ်များ၊ လမ်းပြောင်းပြန်ယာဉ်များ၊ လမ်းပေါ်တွင် ယာဉ်နှစ်ထပ်သုံးထပ်ရပ် ယာဉ်များ၊ ယာဉ်အို ယာဉ်ဟောင်းများစသည့် စည်းကမ်းပျက်ယာဉ်များကို ထိန်းသိမ်းအရေးယူခြင်းနှင့် အသိပညာပေးခြင်းများကို မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် မော်တော်ယာဉ်ကြီးကြပ်ရေး ကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်နိုင် (ပြင်ဦးလွင်)

ရေပြတ်လပ်သောကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေး

ရမည်းသင်း ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရသော ကျေးရွာများသို့ သောက်သုံးရေများကို ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရေသယံဇာတများဖြင့် ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရမည်းသင်းမြို့ အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ နန်းလုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ သောက်သုံးရေများကို ဧပြီ ၈ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း၊ ရေဖြန့်ဝေပေးရာတွင် ဂါလန် ၈၀၀ ဆန့်မီးသတ်ကားဖြင့် နန်းလုံကျေးရွာအုပ်စု ပေါက်အင်းကျေးရွာသို့ တစ်ခေါက်၊ နန်းသာယာကျေးရွာသို့ နှစ်ခေါက်နှင့် နန်းလုံကျေးရွာသို့ နှစ်ခေါက် စုစုပေါင်း ၈ခေါက် သယ်ယူ၍ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ အခြားကျေးရွာများတွင် ရေပြတ်လပ်ပါကလည်း ရေများ သွားရောက်ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါကျေးရွာများမှာ စက်ရေတွင်း တူးဖော်၍မရဘဲ မြေသား ရေလှောင်ကန်များမှ ရေနှင့် စိမ့်စမ်းရေများကိုသာ အဓိကထား၍ အသုံးပြုနေရသော ရွာများဖြစ်ကြောင်း၊ ယခုနှစ်တွင် ကန်ရေနှင့် စိမ့်စမ်းရေများ ခမ်းခြောက်သွားသဖြင့် သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့ရခြင်းဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦး ပြောကြားချက်အရ သိရသည်။

အတ်ကလေး(ရမည်းသင်း)

ထိုင်းနိုင်ငံအတွင်းသို့ မြန်မာနိုင်ငံသားများ ကိုယ်ပိုင်ကားဖြင့် မောင်းနှင်လည်ပတ်ခွင့်ရနိုင်မည်

ကော့သောင်း၊ ဧပြီ ၁၁

နိုင်ငံခြားသားများအား မိမိတို့၏ ကိုယ်ပိုင်ကားများဖြင့် ထိုင်းနိုင်ငံအတွင်း မောင်းနှင်လည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးဌာန ညွှန်ကြားရေးမှူးမှ ဧပြီ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသားများအနေဖြင့်လည်း ထိုင်းနိုင်ငံအတွင်း ကိုယ်ပိုင်ကားများဖြင့် ဝင်ရောက်၍ မောင်းနှင်လည်ပတ်ခွင့် ရနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံခြားတိုင်းပြည်များမှ မည်သူမဆို မိမိကိုယ်ပိုင်ကားဖြင့် ထိုင်းနိုင်ငံအတွင်း ကိုယ်တိုင် မောင်းနှင် လည်ပတ်နိုင်ရန် ခွင့်ပြုမည်ဖြစ်ပြီး နယ်စပ်မှ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် အခွန်ဂိတ်ရှိသည့် ခရိုင်များမှတစ်ဆင့်သာ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ကားအမျိုးအစားအားဖြင့် ဒရိုင်ဘာအပါအဝင် ထိုင်ခုံကိုးခုံရှိ ကိုးယောက်စီးကားမှ အလွန်ဆုံး အလေးချိန် ၃၅၀၀ ကီလိုဂရမ်တင်ဆောင်နိုင်သည့်ယာဉ်များသာ ခွင့်ပြုမည်ဖြစ်ကြောင်း၊ မှန်လုံကားအမျိုးအစားနှင့် မော်တော်ဆိုင်ကယ်များကို ဝင်ရောက်ခွင့်မပြုကြောင်း၊ ပူးတွဲကိုင်ဆောင်လာရမည့် အထောက်အထားများအဖြစ် နိုင်ငံကူးလက်မှတ် (ပတ်စ်پို့)၊ သက်တမ်းအနည်းဆုံးခြောက်လရှိသည့် ယာဉ်မောင်းလိုင်စင်၊ ကားမှတ်ပုံတင်၊ ကားဓာတ်ပုံ၊ ကားအခြေအနေစစ်ဆေးမှုထောက်ခံစာ၊ ခရီးသွား အသေးစိတ်အချက်အလက်၊ ကားမတော်တဆထိခိုက်မှုအာမခံချက်နှင့် ဘတ်ဂြေတစ်သန်းတန်ဝီးရှိ အသက်အန္တရာယ်အာမခံချက်၊ ဧည့်လမ်းညွှန်သက်သေ အထောက်အထားတို့ ပါရှိရမည်ဖြစ်ပြီး ဧည့်လမ်းညွှန် သက်သေအထောက်အထားကို ထိုင်းဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားရမည်ဖြစ်ကြောင်း၊ နိုင်ငံဝင်ခွင့်အခွန် ဘတ်ဂြေ ၅၀၀ နှင့် ကားအသုံးပြုခွင့်ကတ်ပြားခ ၅၀၀ ဘတ်၊ စုစုပေါင်းဘတ်ဂြေ ၁၀၀၀ ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို လာမည့်ဇွန်လအတွင်း စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံ နယ်စပ်ဒေသများမှတစ်ဆင့် ထိုင်းနိုင်ငံမြို့ကြီးများသို့ မိမိတို့ကိုယ်ပိုင်ကားဖြင့် ဝင်ရောက်၍ စိတ်ကြိုက် မောင်းနှင်လည်ပတ်လိုသူများ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ခြံစည်းရိုးကို ထင်းခွေခြင်း

ဆောင်းပါး - ဆရာဇော်(မန္တလာ)

စာဖတ်သူများ ခြံစည်းရိုးကို ထင်းခွေခြင်းပုံပြင်ကို နားထောင်ခဲ့ဖူးကြပါလိမ့်မည်။ ဒရယ်သားက ခိုလှုံပုန်းအောင်းရာ ချုံမြက်နွယ်ပင်များကို စားသောက်ပစ်သည့်အတွက် အကာအကွယ်မဲ့၍ သားရဲခံတွင်း ဆင်းရခြင်းအကြောင်းဖြစ်ပါသည်။ ခြံစည်းရိုးထင်းခွေခြင်းမှာ အလားတူဖြစ်ပါသည်။ မိမိတို့အလိုဆန္ဒအတွက် တစ်ခဏတာ အဆင်ပြေစေရန် ခြံစည်းရိုးကို ထင်းအဖြစ် အလွယ်တကူအသုံးပြုကြခြင်းဖြင့် ကာလရှည်သောအခါ ခြံစည်းရိုးမဲ့ အကာအကွယ်မဲ့လာခြင်းဖြစ်သည်။

မိမိတို့ ခြံမြေအိုးအိမ်၏ ခြံစည်းရိုးကို အကာအကွယ်အဖြစ် အလေးထားသူများသည် ခြံစည်းရိုးထင်းခွေခြင်းကို မပြုလုပ်ကြပါ။ အရံအတား အကာအကွယ် ခိုင်မာခန့်ထည်သော နေရာအရပ်သို့ ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးလိုသူများ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါ။ နိုင်ငံတစ်ခုအတွက် ခိုင်မာခန့်ထည်သော ခြံစည်းရိုးကို လူငယ်လူရွယ်များ၏ အင်အားဖြင့် တည်ဆောက်ရမည်ဖြစ်ရာ အနာဂတ်လုံခြုံမှုကို အလေးထားပါလျှင် လူငယ်များကို အလေးထားပျိုးထောင်ရမည်ဖြစ်ပါသည်။

ကြုံတွေ့ခဲ့ရသော လူငယ်တစ်ချို့၏ အခန်းကဏ္ဍ တစ်စိတ်တစ်ဒေသကို ဖော်ပြလိုပါသည်။ ရုံးစိုက်ရာဒေသကြီးမှ မန္တလေးမြို့သို့ စာသင်ကြားပို့ချပေးရန်အတွက် ခရီးသွားခဲ့ရသောတစ်နေ့တွင် ဖြစ်ပါသည်။ ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် ဘေးချင်းကပ် ထိုင်ခုံရပါသည်။ နေရာထိုင်ပြီးသည့် အချိန်တွင် သတိပြုမိသည်မှာ ရှေ့ထိုင်ခုံနောက်ကျောဆီသို့ တင်ထားသည့် ညိုမွဲညစ်ပေသော ကလေးငယ်၏ ခြေတစ်စုံဖြစ်ပါသည်။ ခြေထောက် တင်ထားသည်မှာ အနည်းငယ်မြင့်နေသည့်အတွက် ကလေးငယ်အား ခြေထောက်ချထားပေးရန် ယဉ်ယဉ်ကျေးကျေး ပြောဖြစ်ပါသည်။ ကလေးငယ်က ခြေထောက်ကို ချက်ချင်းပြန်ချပေးရှာပါသည်။

ပို့ချရမည့်သင်ခန်းစာများထံ စိတ်ကရောက်နေသည့်အတွက် ထိုကလေးကို တစ်ခဏမျှ မေ့လျော့သွားခဲ့ပါသည်။ ရိပ်ရိပ်ပြေးနေသည့် လမ်းဘေးဝဲယာရှုခင်းများနှင့် Excel Capital ဟိုတယ်ကို ဖြတ်သန်းသွားချိန်၌ ကလေးက "ဟာ ဆီဒိုးနားဟိုတယ်ကြီး"ဟု စကားတစ်ခွန်းဆိုပါသည်။ စကားတော့ မပြောဖြစ်ခဲ့ပါ။ အတန်ကြာလျှင် ကလေးငယ်က "ဦးလေး၊ မန္တလေးကို ဘယ်အချိန်လောက်ရောက်မလဲ"ဟု မေးလာပါသည်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်သည်ဆိုသော်လည်း သည်၊ ပညတ်ရှိသည့်အတိုင်း လမ်းတွင် အချိန်မမေးကောင်းဟူ၍သာ ပြန်ဖြေမိပါသည်။ ကလေးကတော့ ခေါင်းလေးညိတ်ကာ အဝေးသို့ ငေးနေသည်။

ကျွန်တော် သတိပြုမိသည်မှာ ကလေးများတွင် နာရီပေါင်းများစွာ တွေးတောဇြိမ်သက်နေနိုင်စွမ်း မရှိသည်ကို ဖြစ်သည်။ ခဏကြာလျှင် ကျွန်တော် ကွမ်းစားနေသည်ကို စိတ်ဝင်စားဟန်ဖြင့် ကြည့်နေသဖြင့် "ကွမ်းစားချင်သလား"ဟု စလိုက်မိသည်။ ကလေးက အတန်ငယ်စဉ်းစားဟန်ပြုပြီး "ဘာဆေးနဲ့လဲ"ဟု ပြန်မေးလာသောကြောင့် မိမိအမှားကို ဆင်ခြင်မိပြီး "သားကိုစတာပါကွာ" ဟု ပြောရပါသည်။

ခရီးအတန်ငယ်ရောက်လျှင် ကလေးက သူ့အကြောင်းကို စ၍ပြောတော့သည်။ ပြင်ဦးလွင်သို့ စားပွဲထိုးလုပ်ရန် သွားမှာဖြစ်ကြောင်း၊ တစ်လလျှင် ကျပ်ငါးသောင်းရမည်ဖြစ်ပြီး နှစ်နှစ်သာ လုပ်မည်ဖြစ်ကြောင်း၊ ခြောက်သိန်းကို မိခင်ထံပေးပြီး ခြောက်သိန်းကို စုဆောင်းထားမည်ဖြစ်ကြောင်း ပြောလာပါသည်။ အတွက်အချက်မြန်ဆန်ခြင်း၊ သွက်လက်ခြင်းနှင့် မိခင်အပေါ် သိတတ်ခြင်းတို့ကြောင့် ကရုဏာစိတ်နှင့်အတူ ကွမ်းစားမလားဟု မေးခဲ့မိသည့် အမှားကို ပြင်ဆင်ရန်အတွက် ငွေကြေးစုဆောင်းချွေတာလိုလျှင် ဦးဦးကဲ့သို့ ကွမ်းမစားရန်နှင့် ဆေးလိပ်မသောက်ရန်လိုကြောင်း၊ ကျန်းမာရေးထိခိုက်လာနိုင်ကြောင်း၊ ဆေးကုသလျှင်လည်း ငွေကြေးကုန်ကျနိုင်ကြောင်း ပြောပြခဲ့ပါသည်။ ကလေးက ကွမ်းစွဲနေသော ဦးဦးအကြောင်း စိတ်ဝင်စားသွားသည် ထင်ပါသည်။ ဘာအလုပ်လုပ်သည်ကို မေးပါတော့သည်။ ဌာနတစ်ခုမှ အရာရှိတစ်ဦးဖြစ်ပြီး အခါအားလျော်စွာ အဆင့်မြင့်ပညာဘာသာရပ်တစ်ခုတွင် သွားရောက်သင်ကြားပေးရကြောင်း အသေးစိတ်ရှင်းပြလျှင် ပို၍ရှုပ်မည်စိုး၍ ကျောင်းဆရာတစ်ဦးဟူ၍ အတိုချုံ့ပြောလိုက်ပါသည်။ ကလေးက ဘယ်ကျောင်းလဲဟု မေးပါသည်။ ကောလိပ်တစ်ခုတွင်ဖြစ်ပါကြောင်း ကျွန်တော်က အစီရင်ခံလျှင် အနီကလေးက မြန်မာနိုင်ငံတွင် ကောလိပ်တွေ အများကြီးရှိကြောင်း၊ ကျွန်တော်သွားမည့် ကောလိပ်ကို သူမသိကြောင်း ထပ်ဆင့်ရှင်းလင်းပါသေးသည်။

ဆက်လက်၍ သူသည် ခြောက်တန်းအထိ ကျောင်းနေဖူးကြောင်း ကျောင်းဆက်တက်ခဲ့ရလျှင် ခုနစ်တန်းသို့ ရောက်ပြီဖြစ်ကြောင်းအပြင် ယခုတလောတွင် ကလေးများကိုဖမ်းဆီးပြီး ရောင်းချနေခြင်းကို ကြားမိကြောင်း၊ ထိုသို့အဖမ်းခံရမည်ကို ကြောက်သည်ဟု ပြောလာသည့်အတွက် မည်သူနှင့်အတူလာကြောင်း မေးမိရာတွင် ရှေ့ထိုင်ခုံမှ သူ၏မိသားစုများနှင့် မိတ်ဆက်ပေးပါတော့သည်။ ပုဂ္ဂိုလ်လေးက မခေကြောင်း ခရီးဆုံးကာနီးလေ သဘောပေါက်လေဖြစ်ပါသည်။ ထိုချာတိတ်က ရွှေကောက်ပွဲတွင် အမေစုကို မဲနိုင်အောင် ဆုတောင်းပေးနေခဲ့ကြောင်းနှင့် ပိုလ်ချုပ်အောင်ဆန်းတွင် တကယ်ပင်စွမ်းပကားရှိပါက အမေစုနိုင်ပါစေဟုပင် အမိဌာန်ပြုခဲ့သည်ဟု သူက ဆိုလိုက်ပါသေးသည်။

တံခွန်တိုင်အပိုင်းနား ကပ်၍လာပါသည်။ ကျွန်တော့်ခရီး ဆုံးကာနီးသည့်တိုင် ချာတိတ်က " Water follow, Fish follow" ဆိုသည့်စကားလုံးကို သရုပ်ခွဲပြနေပါသေးသည်။ Water က ရေ၊ Fish က ငါး၊ follow က အလိုက်အထိုက်၊ ပေါင်းသော် ရေလိုက်သင့်ငါးလိုက်သင့်ဟူ၏။ မှတ်သားခဲ့ရပါသည်။ ကရုဏာဖြစ်ခဲ့ရပါသည်။ ထိုကလေးငယ် လုံခြုံပါစေ ဆုတောင်းရင်း လမ်းမခွဲမီ Selfie အတူရိုက်ဖြစ်ခဲ့ပါသည်။

အဆိုပါကလေးငယ်နှင့်ကြုံခဲ့သော အတွေ့အကြုံသည် ကျွန်တော်၏ သင်ကြားရေးအပိုင်းကို ပိုမိုနက်နဲစေခဲ့ပါသည်။ ကျွန်တော် ပို၍နားထောင်ချင်လာသည်။ ကျွန်တော့်ထက်ငယ်သော လူငယ်များ၏ စကားသံ၊ စိတ်ကူး၊ အတွေးအခေါ်များကို နားထောင်ချင်လာသည်။ သူတို့၏ လုပ်ဆောင်နိုင်စွမ်းရည်ကို ပံ့ပိုးပေးပြီး သူတို့၏အောင်မြင်မှုကို ကြည်နူးခံစားလိုလာသည်။ တတ်နိုင်သမျှ ကျောင်းသားများအား ဆွေးနွေးစေခဲ့သည်။ Interactions ဖြစ်စေမည့် နည်းလမ်းများကို အသုံးပြုခဲ့သည်။ Theoretical နှင့် Practical approach နှစ်ခုလုံး သုံးခဲ့သည်။

မိမိတတ်စွမ်းသမျှ အကုန်သွန်၍ သီအိုရီရှင့် လက်တွေ့ ထင်ဟပ်နိုင်စေရန် ကြိုးပမ်းလမ်းပြပေးခဲ့သည်။ သင်ခန်းစာပြီးဆုံးချိန်၌ Research based Seminar တစ်ရပ်ကို ပြုလုပ်ပေးခဲ့ပြီး လူငယ်များ၏အသံကို ကောင်းစွာနားထောင်ပေးနိုင်ခဲ့ပါသည်။ မိမိထက်ပင် လေယူလေသိမ်းနှင့် တင်ပြပုံကောင်းသော ကလေးအချို့ကို တွေ့ခွင့်ရခဲ့သည်။ ဟန်ဆောင်ရန်လည်းမလိုပါ။ ဆရာစားလည်း ချန်ရန်မလိုပါ။ ဆရာသည် တပည့်ထက် အမြတော်နေရမည်ဆိုသည်ကို လက်မခံလိုတော့ပါ။

တပည့်များက ဆရာထက်ပို၍ မတော်ပါက အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုသည် အနီဆရာ့ဆရာကြီးများ၏လက်ဝယ်တွင်သာ ရှိနေချေမည်။ အဘယ်သို့ လက်ဆင့်ကမ်းပါအံ့နည်း။ တပည့်များ ပို၍တော်အောင်၊ ပို၍ပြည့်ဝသန်မာအောင်၊ ပို၍ကောင်းမွန်ခိုင်ခံ့အောင်၊ ကျွန်တော်တို့၏ အသက်အရွယ်အရ အရှေ့ရောက်နှင့်သော အတွေ့အကြုံများကို ပေါင်းစပ်ပုံပေးရန်သာ ရှိပါသည်။ ကျွန်တော်တို့၏ အတွေ့အကြုံအရပ်ရပ်သည် သူတို့အတွက် အတောင်ပံတွေ ဖြစ်စေချင်သည်။ ကျွန်တော်တို့၏ အတွေ့အကြုံ၊ ပညာများကို သူတို့၏ Creativity နှင့် ပေါင်းစပ်ပြီး အနာဂတ်ခြီစည်းရိုးကို ပိုမိုခိုင်မာစေချင်သည်။ မရိုးမဖြောင့်မှုများနှင့် သမာသမတ်မကျသော၊ ခွန်အားမပါသော စကားများကို မပြောလိုတော့။ ဖြူစင်ရိုးရှင်းသော၊ တော်တည့်မှန်ကန်သော လူငယ်တို့၏စကားကိုသာ ကြားချင်ပါသည်။ ထိုလူငယ်များကို အရောင်ခြယ်ခွင့်ရှိလျှင်လည်း လင်းသော၊ ဖြောင့်သော၊ ခွန်အားရှိသော၊ ဇြိမ်သော၊ အေးချမ်းသော၊ ကြည်လင်သောအရောင်များသာ ခြယ်သင့်ပေလိုပါသည်။ ယုတ်သော၊ ညံ့သော၊ မှောင်သော၊ ပူလောင်သော၊ အားနည်းသော အရောင်များ မခြယ်သစေလိုပါ။ မိမိတို့နေရာ အစားဝင်လာမည့်၊ မိမိတို့ထက် သာလွန်ကောင်းမွန်သွားမည့် ခြီစည်းရိုးလေးများကိုသာ မုဒိတာပွားမိပါသည်။ ခြီစည်းရိုးကို ထင်းမခွေချင်တော့ပါ။ ။

ရေအခက်အခဲ အဆင်ပြေစေရန် စက်ရေတွင်းသစ် တူးဖော်ပေးနေ

သာစည်၊ ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းမှ နှစ်စဉ် ရေအခက်အခဲကြုံတွေ့ရသော မကျီးရိုးကျေးရွာ၌ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိစေမည့် လေးလက်မစက်ရေတွင်းတစ်တွင်းကို အလျှုရှင်တစ်ဦး၏ လျှပ်ဒါန်းမှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတာဝန်ယူ၍ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ ကိုယ်ပိုင်ရေတွင်းလေးတွေ ရှိပါတယ်။ ဒါပေမယ့် နေအပူခိုန်ပြင်းပြနေမှုကြောင့် ရှိတဲ့ရေတွင်းတွေကလည်း ရေထွက်အားနည်းသွားပြီး ရေမရှိတော့ပါဘူး။ အခုရွာမှာ သောက်သုံးရေအခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ အခု လေးလက်မစက်ရေတွင်း တူးပေးနေပြီဆိုတော့ ရှေ့လျှောက် ရေအခက်အခဲနဲ့ကြုံတွေ့နိုင်စရာ မရှိတော့ပါဘူး။ စက်ရေတွင်း အလျှုရှင်ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု မကျီးရိုးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ရေတွင်းကို ကျေးရွာအခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ မတ် ၃၁ ရက်က စတင်တူးဖော်နေခြင်းဖြစ်ပြီး အဆိုပါစက်ရေတွင်းတူးဖော်နေမှုကို မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသင်းမင်းလတ်နှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းညွှန့်ဦးတို့က ဧပြီ ၉ ရက်က လာရောက်ကြည့်ရှုကာ လုပ်ငန်းများအမြန်ပြီးစီးရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်ပေးခဲ့သည်။ မကျီးရိုးကျေးရွာသည် အိမ်ထောင်စု ၂၈၃ စု၊ လူဦးရေ ၁၄၄၉ ဦးရှိသည့် ကျေးရွာကြီးဖြစ်ပြီး စက်ရေတွင်းတူးဖော်ပြီးစီးပါက နွေရာသီရောက်တိုင်း တွေ့ကြုံနေကြရသည့် သောက်သုံးရေအခက်အခဲကို ပြေလည်စေမည်ဖြစ်ကြောင်း သိရသည်။

မောင်ကို (သာစည်)

သင်္ကြန်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

သရက်၊ ဧပြီ ၁၁

သင်္ကြန်ပွဲတော်ကာလတွင် သရက်မြို့နယ်အတွင်း၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရန် အသိပညာပေးမှုများကို သရက်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက သရက်မြို့ပေါ် လူစည်ကားရာနေရာများ၌ ဧပြီ ၁၀ ရက်မှ စတင်ပြုလုပ်လျက်ရှိသည်။

အမှတ်(၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးမောင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ပုဂ္ဂလိက လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်နှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ယာဉ်မောင်းသူများ မူးယစ်သောက်စားမှု မမောင်းရန်၊ ယာဉ်နံပါတ်ပြားအတုများ တပ်ဆင်ခြင်း၊ နံပါတ်ပြားဖြုတ်မောင်းခြင်းများ မပြုရန်၊ ဆိုင်ကယ်များ အိတ်ဇောဖြုတ်မောင်းခြင်း၊ နှစ်ယောက်ထက်ပို၍စီးခြင်းမပြုရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန် စသည့်အချက်များကို ပညာပေးပြီး စစ်ဆေးမှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

ညောင်လေးပင်မြို့၌ စာပေဟောပြောပွဲ ကျင်းပ

ညောင်လေးပင်၊ ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ စာပေချစ်သူများက ဦးဆောင်၍ စာပေဟောပြောပွဲကို ဧပြီ ၈ ရက်နှင့် ၉ ရက်က ကျင်းပခဲ့သည်။ စာပေဟောပြောပွဲ အခမ်းအနားတွင် ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က အမှာစကားပြောကြားပြီး ဧပြီ ၈ ရက်တွင် ဆရာညီပုလေးက 'လူ့ဘဝထဲက ဝတ္ထုတိုများ'ခေါင်းစဉ်၊ ဆရာမခင်ခင်ထူးက 'ခြေလှမ်းတိုင်းမှာပန်းပွင့်စေ' ခေါင်းစဉ်နှင့် ဆရာနေဝင်းမြင့်က 'မင်္ဂလာရှိသောဘဝ' ခေါင်းစဉ်များဖြင့်လည်းကောင်း၊ ဧပြီ ၉ ရက်တွင် ဆရာဦးဘုန်း(ဓာတု)က 'ဆွမ်းအုပ်နီနီ အမေရွှက်လို့' ခေါင်းစဉ်နှင့် ဆရာမစမ်းစမ်းနွဲ့က 'ပထဝီနိုင်ငံရေး က ခ' ခေါင်းစဉ်များဖြင့်လည်းကောင်း စာပေရေးရာများကို ဟောပြောခဲ့ကြသည်။

နေလင်း(ညောင်လေးပင်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Bio Nucleus & Nucleus	(၁၂) မျိုး
(ခ)	ခွဲစိတ်ခန်းသုံး Instrument	(၅) မျိုး
(ဂ)	ရေအောက်လောင်းလိုင်းသုံးပစ္စည်း	(၁၀) မျိုး
(ဃ)	ရေအောက်လုပ်ငန်းသုံးပစ္စည်း	(၅၆) မျိုး

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၁-၅-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၂၂-၄-၂၀၁၆ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝယ်ယူသိလှောင် ဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၁၄၀၈၃၁၇ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

ရှမ်းပြည်နယ်လွတ်တော်ရုံး
တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ်လွတ်တော်ရုံးခန်းမအဆောက်အအုံ(သံကူကွန်ကရစ်နှစ်ထပ်)၊ ၆၁၀၀၀ စတုရန်းပေတည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၂၂-၄-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ်လွတ်တော်ရုံး၊ တောင်ကြီးမြို့တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၅-၂၀၁၆ရက်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၈၁-၂၁၁၁၁၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရှမ်းပြည်နယ်လွတ်တော်ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် လုပ်ကိုင်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆိုဝင်ရောက် အဆိုပြုတင်ပြနိုင်ပါသည်-

စဉ်	အကြောင်းအရာ	တည်နေရာ
(က)	လူမျိုး/အပျိုဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ပေ ၅၀×ပေ၃၀RC (၃)ထပ် (ရေ/ဒီးမပါ)	မရမ်းကုန်းမြို့နယ်၊ သဇင်ရုံလမ်း၊ နာဂလိုဏ်ဂူဝင်း၊ ရန်ကုန်တိုင်းဒေသကြီး
(ခ)	အဝီစိရေတွင်းတူးဖော်ခြင်းလုပ်ငန်း	အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
(ဂ)	မိုးကြိုးလွဲတပ်ဆင်ခြင်းလုပ်ငန်း	အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၄-၂၀၁၆ ရက်မှ ၆-၅-၂၀၁၆ရက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အမှတ်စဉ်(က)အတွက် တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ခ)နှင့်(ဂ)အတွက် တင်ဒါပုံစံတစ်စောင်လျှင် ၂၀၀၀/-နှုန်းဖြင့်လည်းကောင်း သတ်မှတ်ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

